ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

လောကကို ထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဏ်(ဓမ္မပဒ-၁၇၃)

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်၊ အင်္ဂါနေ့။ Tuesday, 23 March 2021 ၁၀၃၂၅

ပိတ်ထားသည့် စက်ရုံအလုပ်ရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်း SME များ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၇/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မတ် ၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၇/၂၀၂၁)ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်နှင့် ဒေါက်တာ ဗညားအောင်မိုး၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်တို့ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

- ☆ **မြန်မာနိုင်ငံအား ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းမှ အမြန်ဆုံးလွတ်မြောက်နိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်**
- ☆ **ခရီးသွားလုပ်ငန်းများနှင့်ပတ်သက်၍ ကန့်သတ်ချက်များကို ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိ**
- ☆ **တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များကို ပြန်လည်စိစစ်နိုင်ရေး ညွှန်ကြားဆောင်ရွက်သွားမည်**
- ☆ **ဘုရားသုံးဆူဒေသ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးအတွက် ရေရှည်မျှော်မှန်းဆောင်ရွက်သွားမည်**
- ☆ **ငြိမ်းချမ်းရေးကိစ္စနှင့်ပတ်သက်၍ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများ အဆင့်ဆင့်ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိ**

ကြေးမုံ ယနေ့ ဖတ်စရာ

လက်ရှိဆန်စပါးဈေးကွက်အခြေအနေနှင့် ဆန်စပါးဝယ်ယူမှု၊ ပြည်ပတင်ပို့နိုင်မှုကိစ္စများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ — စာမျက်နှာ » ၄

နိုင်ငံတော်၏သမိုင်းကြောင်းနှင့်အတူ ယှဉ်တွဲနေသော ပြည်သူ့တပ်မတော် — စာမျက်နှာ » ၆

ငြိမ်းငြိမ်းချမ်းချမ်း ညီညီညွတ်ညွတ် ချစ်ခင်ကြပါစို့ — စာမျက်နှာ » ၁၀

ကြေးမုံ

ပြည်ထောင်စုကြီးအကျိုးကို တက်ညီလက်ညီထမ်းရွက်

မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ပြည်ထောင်စုသား တိုင်းရင်းသားလူမျိုးစုများသည် ဤပြည်ထောင်စုကြီးအတွင်း နှစ်ပေါင်းထောင်ချီ၍ အေးအတူပူအမျှ အတူတကွ အေးချမ်းစွာနေထိုင်လာခဲ့ကြသည်။ ပြည်ထောင်စုကြီးကို ထိခိုက်စော်ကားခဲ့သည့် ပြည်ပအန္တရာယ်ရန်စွယ်များရှိလျှင်လည်း အတူလက်တွဲတွန်းလှန်ကာကွယ်ခဲ့ကြသည်။ တိုင်းပြည်တည်ဆောက်ရေးတွင်လည်း အတူလက်တွဲ ပါဝင်ခဲ့ကြသည်။

တိုင်းပြည်လွတ်လပ်ရေးကို ရယူရာတွင်လည်းကောင်း၊ ရရှိပြီးသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတွင်လည်းကောင်း စုပေါင်းလက်တွဲပါဝင်ခဲ့ကြပြီး ဥမကွဲသိုက်မပျက် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နေထိုင်လာခဲ့ကြသည်။ ပြည်ထောင်စုကြီးအတွင်း မိုတင်းနေထိုင်ကြသော တိုင်းရင်းသားမျိုးနွယ်စုများ အားလုံးတို့သည် ရှည်လျားသော မြန်မာနိုင်ငံသမိုင်းစဉ်နှင့် အဆင့်မြင့်သော ကိုယ်ပိုင်ယဉ်ကျေးမှုများကို ပိုင်ဆိုင်ထားကြသည့် လူမျိုးများဖြစ်သည်။

ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားများ အချင်းချင်း ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာ နေထိုင်နိုင်ရေးသည် တစ်ဦးနှင့်တစ်ဦးအပေါ် ယုံကြည်မှုကိုအခြေခံ၍ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရန် အရေးကြီးသည်။ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းကို ပြန်ကြည့်လျှင် လွတ်လပ်ရေးရပြီးသည့်အချိန်မှစတင်၍ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း တွေ့ကြုံခဲ့ရသည့် နိုင်ငံရေးပဋ္ဌိပက္ခများကို အကြောင်းပြု၍ ခါးသီးသောအတွေ့အကြုံများကို ခံစားခဲ့ကြရပြီးဖြစ်သည်။

တိုင်းရင်းသားညီအစ်ကိုမောင်နှမအရင်းများအကြား နိုင်ငံရေးအယူဝါဒများနှင့် ယုံကြည်ချက် မတူညီမှုများကြောင့် ဆွေးနွေးညှိနှိုင်းအဖြေရှာမရနိုင်မှုများမှာ တစ်ဦးနှင့်တစ်ဦးကြား သံသယများကို အရှင်းမပယ်ဖျက်နိုင်သေးသောကြောင့် ဖြစ်သည်။ သို့အတွက် ပြည်တွင်းငြိမ်းချမ်းရေး အလှမ်းဝေးနေသေးသည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။ ညီရင်းအစ်ကိုမောင်ရင်းနှမကဲ့သို့ နေထိုင်ခဲ့ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား ဖြစ်ပေါ်နေဆဲဖြစ်သော လက်နက်ကိုင်ပဋ္ဌိပက္ခများကို ခေတ်အဆက်ဆက် နည်းလမ်းပေါင်းစုံ အဖြေရှာကာ ဆောင်ရွက်ခဲ့သော်လည်း ယနေ့တိုင်အောင်မြင်မှု မရရှိသေးချေ။

အရင်းခံပြဿနာမှာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် အဖြေမရှာနိုင်သောကြောင့်ဖြစ်သည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများကြားတွင်သာမက ပြည်သူလူထုအတွင်း၌လည်း အလားတူပင် ဖြစ်သည်။ ယုံကြည်ချက်၊ ခံယူချက် မတူညီမှု၊ တစ်ဦးနှင့်တစ်ဦးကြားတွင် သင်ပုန်းမချေနိုင်မှုများကြောင့် အနာဟောင်းများကို တူးဆွပြီး မဆုံးနိုင်သော အမုန်းသံသရာတွင် လည်နေကြဆဲဖြစ်သည်။ အကျိုးဆက်မှာ ပဋ္ဌိပက္ခများ၊ ပြဿနာများ ဆယ်စုနှစ်များစွာ ဖြစ်ပေါ်နေသည့်အတွက် မိမိတို့ပြည်ထောင်စုတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအဘက်ဘက်၌ အိမ်နီးချင်းနိုင်ငံများထက်ပင် နောက်ကျကျန်နေခဲ့သည်။

ယခုအချိန်အခါတွင် ခါးသီးသောအတွေ့အကြုံများကို သင်ခန်းစာယူပြီး ပဋ္ဌိပက္ခများ ချုပ်ငြိမ်းရန်နှင့် ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားပြည်သူအားလုံး အေးအတူပူအမျှ အတူတကွယှဉ်တွဲနေထိုင်ရန် တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်နိုင်ပြီး တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးအတွက် လက်တွဲဖော်ဆောင်ရမည့် အချိန်အခါ ရောက်ရှိနေပြီဖြစ်သည်။ ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်ရေးအတွက် အခြေခံကောင်းများကို ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ ကြိုးပမ်းတည်ဆောက်နိုင်ရန်အတွက် နိုင်ငံတော်၏ လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၉)ရပ်တို့ကို ချမှတ်ဖော်ဆောင်လျက်ရှိသည်။

တိုင်းပြည်မငြိမ်းချမ်းမှု၊ မတည်မငြိမ်ဖြစ်မှု၊ ဆူပူအကြမ်းဖက်မှုများသည် မည်သည့်ကိစ္စမှ အလားအလာမကောင်းသောကိစ္စများ ဖြစ်သည်။ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ ထိခိုက်နစ်နာသောကိစ္စများ ဖြစ်သည်။ လွတ်လပ်ရေးရပြီးသည်မှ ယနေ့ထက်တိုင်လည်း တိုင်းရင်းသားပြည်သူများသာ ဆိုးမွေများကို ခံစားနေရဆဲဖြစ်သည်။ ယင်းအခြေအနေများကို မဖြစ်ပေါ်အောင်၊ ရပ်ဆိုင်းချုပ်ငြိမ်းသွားအောင်၊ ကောင်းသောအလားအလာဘက်သို့ ကူးပြောင်းသွားအောင် စွန့်လွှတ်အနစ်နာခံမှုများစွာဖြင့် ဆောင်ရွက်နေသည်။

အေးချမ်းသာယာဝပြောသည့် ပြည်ထောင်စုကြီးဖြစ်ပေါ်လာစေရေးသည် တိုင်းရင်းသားပြည်သူအားလုံး၏ လိုလားချက်အမှန်ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် ပြဿနာများကြုံတွေ့ခဲ့ရသော်လည်း တိုင်းပြည်တည်ငြိမ်အေးချမ်းမှု၊ တိုင်းပြည်အေးချမ်းသာယာဝပြောမှုတို့ကိုသာ တိုင်းရင်းသားပြည်သူအားလုံး လိုလားသည်မှာ ငြင်းမရသောအချက်ဖြစ်သည်။ သို့ဖြစ်ရာ ငြိမ်းချမ်းသာယာဝပြောသော ပြည်ထောင်စုကြီးဖြစ်ပေါ်လာရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးတို့က ပြည်ထောင်စုကြီးအကျိုး သယ်ပိုးမှုများတွင် တက်ညီလက်ညီ ကြိုးပမ်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

(၇၆)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

(၁) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

(၂) သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(၃) ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋ္ဌိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ NCA အပေါ် အခြေခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီ တပ်မတော်တည်ဆောက်ရေး။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၂-၃-၂၀၂၁)

ကုမ္ဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၉,၃၀၀	၉,၃၀၀	၁၁	၁၀၂,၃၀၀
MTSH	၃,၅၀၀	၃,၅၀၀	၆၈	၂၃၈,၀၀၀
MCB	၈,၄၀၀	၈,၄၀၀	၀	၀
FPB	၂၁,၅၀၀	၂၁,၅၀၀	၅၆၆	၁၂,၁၆၉,၀၀၀
TMH	၂,၇၅၀	၂,၇၅၀	၀	၀
EFR	၃,၃၀၀	၃,၃၀၀	၀	၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၂၂

နိုင်ငံခြားငွေလဲလှယ်နှုန်း							
				(စ) အိန္ဒိယ	တစ်ရူပီး	=	၁၉.၈၂၂
				(ဆ) ဩစတြေးလျ	တစ်ဒေါ်လာ	=	၁၁၀၇.၃
				(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၁၀၆၈.၄
				(ဈ) ဂျပန်	တစ်ရာယန်း	=	၁၃၁၉.၇
				(ည) တောင်ကိုရီးယား	တစ်ရာ၀မ်	=	၁၂၇.၀၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	-	ဦးစိုးစိုးနိုင်
စာတည်းမှူး	-	ဦးဝင်းနိုင်
သတင်းထောက်မှူး	-	ဦးမြင့်စိုး
စာတည်းများ	-	ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်	-	ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊
စာတည်းများ		ဦးအောင်ကျော်ကျော်
အကြီးတန်း	-	ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊
သတင်းထောက်များ		ဒေါ်နေဇာဇာထွန်း
အငယ်တန်း	-	ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
သတင်းထောက်များ		ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက်	-	ဦးခင်မောင်ဝင်း
သုတေသန	-	ဒေါ်ဇင်မာဝင့်
စာပြင်	-	ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း	-	ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀ဖြ၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂ၇၃)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀ဖြ၇-၃ဖ၁၂ဖ၊ စာတည်းအဖွဲ့ ၀ဖြ၇-၃ဖ၁၂ရ၊ ၀ဖြ၇-၃ဖ၁၃၀၊ ဖက်စ် ၀ဖြ၇-၃ဖ၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈ဖ၁၀ဖ၈၅၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

အားလုံးနဲ့ သက်ဆိုင်တဲ့အလုပ်

အချင်းချင်းသဘောကွဲလွဲမှုမျိုးဆိုတာကတော့ နည်းနည်းပါးပါးတော့ ရှိမှာပဲ။ ဒါပေမယ့် သူတစ်ပါး နိုင်ငံက ကိုယ့်နိုင်ငံကို လာရောက်စော်ကားလို့ အသက်ကိုစွန့်ပြီး မလျှော့တမ်း ကာကွယ်တိုက်ခိုက်ကြတာမျိုးကတော့ အားလုံးနဲ့သက်ဆိုင်တဲ့ အလုပ်မျိုးဖြစ်တာပဲ။

[ဗိုလ်ချုပ်အောင်ဆန်း၏ ၁၁-၂-၁၉၄၇ ရက်နေ့ပင်လုံမြို့၌ စော်ဘွားများတည်ခင်းကျွေးမွေးသော ထမင်းစားပွဲတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်]

❖ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ယခင်အစည်းအဝေးများတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရည်မှန်းချက်တာဝန်များကို ချပြဆွေးနွေးခဲ့ကြပြီး ကောင်စီဝင်များက ဒေသအလိုက်အခြေအနေများနှင့် တိုင်းပြည်၏ လိုအပ်ချက်အခြေအနေများကို တင်ပြကာ အပြန်အလှန်ညှိနှိုင်းဆွေးနွေး အကောင်အထည်ဖော်မှုများရှိခဲ့သဖြင့် လုပ်ငန်းများ အထိုက်အလျောက် အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် မည်သည့်ဒေသ၊ မည်သည့်ပါတီ၊ မည်သည့်တိုင်းရင်းသားအဖြစ် ပါဝင်ဆောင်ရွက်နေကြသည်ဖြစ်စေ ကောင်စီအဖွဲ့ဝင်များ အားလုံးအနေဖြင့် တိုင်းပြည်အကျိုးဆောင်ရွက်လိုသည့်စိတ်ဖြင့် အားလုံးစုပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခင်အစည်းအဝေးများတွင် ကောင်စီဝင်များ ဆွေးနွေးခဲ့သည့် ဥပဒေများပြန်လည်စိစစ်ရေးနှင့်ပတ်သက်၍ အချို့ပြဋ္ဌာန်းခဲ့သည့် ဥပဒေများသည် ဥပဒေသတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိ/မရှိ စိစစ်ဆောင်ရွက်နေကြောင်း၊ လုံခြုံရေးအရ ဆောင်ရွက်သင့်သည် ဥပဒေများကိုလည်း ပြဋ္ဌာန်းထားပြီးဖြစ်၍ အဆိုပါဥပဒေများကို ထိန်းကျောင်းဆောင်ရွက်မှုနှင့် ကျင့်သုံးမှုများကို စဉ်းစားဆောင်ရွက်ရန်လိုကြောင်း။

စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရေး

မိမိတို့ကောင်စီ စတင်တာဝန်ယူချိန်မှစ၍ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမအချို့ CDM ပြုလုပ်ခြင်းများရှိကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အထက်တန်းနှင့် အလယ်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ အား မွမ်းမံသင်တန်းများ ဖွင့်လှစ်ချိန်တွင် ပျက်ကွက်သည့် ဆရာ ဆရာမအချို့ရှိကြောင်း၊ ပျက်ကွက်မှုဖြစ်ပွားသည့် ဆရာ ဆရာမများသည် CDM ပြုလုပ်ရန်အတွက် ခြိမ်းခြောက်ခံရမှုများရှိခြင်းကြောင့်ဟု သိရှိရကြောင်း၊ အဆင့်မြင့်ပညာတက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမများနှင့် ဆေးရုံများမှ ဆရာဝန်များလည်း အလားတူခြိမ်းခြောက်ခံရမှုများ ရှိသည်ဟု သိရှိရကြောင်း၊ မိမိတို့အား ခြိမ်းခြောက်နေသူများကို သက်ဆိုင်ရာသို့ သတင်းပို့တိုင်ကြားရန်လိုကြောင်း၊ အချို့ဆရာ ဆရာမများနှင့် ဆရာဝန်များအနေဖြင့် တာဝန်များပြန်လည်ထမ်းဆောင်လိုသော်လည်း အရေးယူခံရမည်ကို စိုးရိမ်သည့်အတွက်ကြောင့် ပျက်ကွက်မှုများရှိနေကြောင်း။

အစားထိုးခန့်အပ်နိုင်ရေး

ဝန်ထမ်းများအများစုမှာ နှစ်ကာလရှည်ကြာစွာကတည်းက တာဝန်ထမ်းဆောင်ခဲ့ကြသူများဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့သက်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ပြန်လည်ထမ်းဆောင်ကြစေလိုကြောင်း၊ သဘောထားမတိုက်ဆိုင်မှုများရှိနိုင်သော်လည်း နိုင်ငံ့ဝန်ထမ်းသည် မည်သည့်အစိုးရတာဝန်ယူသည်ဖြစ်စေ နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်ပြီး မိမိတို့လုပ်ငန်းတာဝန်များအား ပျက်ကွက်နေမှုမှာ ပြစ်မှုကျူးလွန်သည့် အဆင့်မဟုတ်ပါက ဝန်ထမ်းစည်းကမ်းဖောက်ဖျက်မှုသာဖြစ်သဖြင့် ပထမအကြိမ်အနေဖြင့် ခံဝန်ကတိလက်မှတ်ရေးထိုးခိုင်းမည်ဖြစ်ပြီး ထပ်မံစည်းကမ်းဖောက်ဖျက်လာမှသာ ဝန်ထမ်းစည်းမျဉ်းနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆရာဝန်များ CDM ပြုလုပ်မှုကြောင့် ဆေးရုံအချို့ပိတ်ထားရသဖြင့် တပ်မတော်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် ဒေသခံပြည်သူများက တောင်းဆိုမှုများရှိကြောင်း၊ တာဝန်ပြန်လည်ထမ်းဆောင်လိုသည့် ဝန်ထမ်းများ တာဝန်ပြန်လည်ထမ်းဆောင်မှုကို ခွင့်ပြုထားပြီး ဆက်လက်တာဝန် ထမ်းဆောင်မှုရှိသည့် လစ်လပ်နေရာများတွင် အစားထိုးခန့်အပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပြီးခဲ့သည့် တစ်လတာကာလအတွင်း ဒီမိုကရေစီစနစ်အရ ဆန္ဒပြမှုများမှတစ်ဆင့် ဆူပူမှုအကြမ်းဖက်မှုအဆင့်သို့ရောက်ရှိလာကြောင်း၊ ပထမအဆင့်အနေဖြင့် ဆန္ဒပြမှုကိုထိန်းသိမ်းသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အား ခဲဖြင့်ပေါက်ခြင်းသာပြုလုပ်ရာမှ ဒုတိယအဆင့် အနေဖြင့် ဂျင်ကလီများ၊ ကုန်းသီးများ၊ လက်လုပ်သေနတ်များဖြင့် ပစ်ခတ်ခြင်းများ ဆောင်ရွက်လာသည့်အပြင် ဓားဖြင့်ခုတ်ခြင်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူများအချင်းချင်း သတ်ဖြတ်ခြင်းများ အထိ ဆောင်ရွက်လာကြောင်း၊ ထို့အပြင် နိုင်ငံ၏ကုန်ထုတ်စွမ်းအားစုတွင် အရေးကြီးသော ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုဖြစ်သည့် စက်ရုံအလုပ်ရုံများကို မီးရှို့ဖျက်ဆီးခြင်းများနှင့် လုယက်ခြင်းများအထိ ဆောင်ရွက်လာသဖြင့် စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်ထုတ်ပြန် ထိန်းသိမ်းရသည်အထိ ဆောင်ရွက်ခဲ့ရကြောင်း၊ ဆူပူမှုများအား နှိမ်နင်းရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဥပဒေနှင့်အညီသာ အဆင့်အလိုက် ထိန်းသိမ်းဆောင်ရွက်နေကြောင်း။

နိုင်ငံသားမှတ်ပုံတင်ရပိုင်ခွင့်ရှိသည့် နိုင်ငံသားတိုင်းနှင့် တိုင်းရင်းသားတိုင်း နိုင်ငံသားမှတ်ပုံတင်ရရှိရေး မဖြစ်မနေဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း နိုင်ငံသားမှတ်ပုံတင်ရရှိရေးအတွက် ကောင်စီဝင်များမှ သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မဲစာရင်းများစိစစ်ချိန်တွင် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်တွင် မှတ်ပုံတင်မရှိဘဲ မဲပေးသူများ များစွာရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ အဆိုပါ မှတ်ပုံတင်မရှိဘဲ မဲပေးခဲ့သူများထဲတွင် မိမိတို့ တိုင်းရင်းသားလူမျိုးများ မဟုတ်သည်ကို စစ်ဆေးတွေ့ရှိရသဖြင့် နိုင်ငံတစ်ဝန်းတွင် ထိုကဲ့သို့သော မှတ်ပုံတင်မရှိသည့် မိမိတို့ တိုင်းရင်းသားမဟုတ်သူများ မည်မျှရှိနေမည်ကို မသိရှိနိုင်ကြောင်း၊ မဲစာရင်းများ စိစစ်ချိန်တွင် ဆန္ဒမဲလက်မှတ်များ ပိုရိုက်ထားမှုများ၊ သိန်းနှင့်ချီ၍ ဆန္ဒမဲလက်မှတ်များ ပျောက်ဆုံးခြင်းနှင့် အချို့ဆန္ဒမဲလက်မှတ်များ ပိုနေသည်ကိုတွေ့ရှိရကြောင်း။

စာမျက်နှာ ၄ သို့ »»

☆ **ဝန်ထမ်းများအများစုမှာ နှစ်ကာလရှည်ကြာစွာကတည်းက တာဝန်ထမ်းဆောင်ခဲ့ကြသူများဖြစ်**

☆ **ဝန်ထမ်းများအနေဖြင့် မိမိတို့သက်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ပြန်လည်ထမ်းဆောင်ကြစေလို**

☆ **သဘောထားမတိုက်ဆိုင်မှုများ ရှိနိုင်သော်လည်း နိုင်ငံ့ဝန်ထမ်းသည် မည်သည့်အစိုးရတာဝန်ယူသည်ဖြစ်စေ နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန်လို**

☆ **နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်ပြီး မိမိတို့လုပ်ငန်းတာဝန်များအား ပျက်ကွက်နေမှုမှာ ပြစ်မှုကျူးလွန်သည့် အဆင့်မဟုတ်ပါက ဝန်ထမ်းစည်းကမ်းဖောက်ဖျက်မှုသာဖြစ်သဖြင့် ပထမအကြိမ်အနေဖြင့် ခံဝန်ကတိလက်မှတ်ရေးထိုးခိုင်းမည်ဖြစ်ပြီး ထပ်မံစည်းကမ်းဖောက်ဖျက်လာမှသာ ဝန်ထမ်းစည်းမျဉ်းနှင့်အညီ အရေးယူဆောင်ရွက်သွားမည်**

☆ **ဆရာဝန်များ CDM ပြုလုပ်မှုကြောင့် ဆေးရုံအချို့ပိတ်ထားရသဖြင့် တပ်မတော်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် ဒေသခံပြည်သူများက တောင်းဆိုမှုများရှိ**

☆ **တာဝန်ပြန်လည်ထမ်းဆောင်လိုသည့်ဝန်ထမ်းများ တာဝန်ပြန်လည်ထမ်းဆောင်မှုကို ခွင့်ပြုထားပြီး ဆက်လက်တာဝန်ထမ်းဆောင်မှုမရှိသည့် လစ်လပ်နေရာများတွင် အစားထိုးခန့်အပ်နိုင်ရေး ဆောင်ရွက်သွားမည်**

☆ **နိုင်ငံသားမှတ်ပုံတင် ရပိုင်ခွင့်ရှိသည့် နိုင်ငံသားတိုင်းနှင့် တိုင်းရင်းသားတိုင်း နိုင်ငံသားမှတ်ပုံတင်ရရှိရေး မဖြစ်မနေဆောင်ရွက်ပေးရမည်**

☆ **နိုင်ငံသားတိုင်း နိုင်ငံသားမှတ်ပုံတင်ရရှိရေးအတွက် ကောင်စီဝင်များမှ သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်သွားကြရန်လို**

☆ **မဲစာရင်းများစိစစ်ချိန်တွင် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်တွင် မှတ်ပုံတင်မရှိဘဲ မဲပေးသူများ များစွာရှိသည်ကို စစ်ဆေးတွေ့ရှိရ**

☆ **အဆိုပါမှတ်ပုံတင်မရှိဘဲ မဲပေးခဲ့သူများထဲတွင် မိမိတို့ တိုင်းရင်းသားလူမျိုးများမဟုတ်သည်ကို စစ်ဆေးတွေ့ရှိရသဖြင့် နိုင်ငံတစ်ဝန်းတွင် ထိုကဲ့သို့သော မှတ်ပုံတင်မရှိသည့် မိမိတို့ တိုင်းရင်းသားမဟုတ်သူများ မည်မျှရှိနေမည်ကို မသိရှိနိုင်**

☆ **မဲစာရင်းများစိစစ်ချိန်တွင် ဆန္ဒမဲလက်မှတ်များ ပိုရိုက်ထားမှုများ၊ သိန်းနှင့်ချီ၍ ဆန္ဒမဲလက်မှတ်များ ပျောက်ဆုံးခြင်းနှင့် အချို့ဆန္ဒမဲလက်မှတ်များ ပိုနေသည်ကိုတွေ့ရှိရ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

»» **စာမျက်နှာ ၃ မှ**

ပုဂ္ဂလိကဘဏ်များ ပြန်လည်ဖွင့်လှစ်ရေးအတွက် ဗဟိုဘဏ်မှ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်ခွင့်ပေးထားကြောင်း၊ ပုဂ္ဂလိကဘဏ်များအနေဖြင့် နိုင်ငံတော်ဗဟိုဘဏ်မှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုမရှိဘဲ ဘဏ်ပိတ်ထားမှုသည် ဥပဒေအား ဖောက်ဖျက်ခြင်းဖြစ်သဖြင့် စည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပြန်လည်ရရှိစေရေးအတွက် ပိတ်ထားသည့် စက်ရုံအလုပ်ရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်နှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်း SME များအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကုန်စည်စီးဆင်းမှုအတွက် ပို့ဆောင်ရေးလုပ်ငန်းများ ပုံမှန်အတိုင်း ပြန်လည်လည်ပတ်နိုင်ရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် အလေးထား ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ကောင်စီဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးစိုင်းလုံးဆိုင်၊ ဒေါက်တာ ဗညားအောင်မိုးနှင့် စောဒန်နီယယ်တို့က ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းမှ အမြန်ဆုံး လွတ်မြောက်နိုင်ရန် တစိုက်မတ်မတ် ဆက်လက်ဆောင်ရွက်သွားရေး၊ လှိုင်သာယာမြို့နယ်တွင် ကျူးလွန်ခဲ့သည့် လူသတ်တရားခံများကို ထိရောက်စွာ ပြစ်ဒဏ်ချမှတ်နိုင်ရန် အလျင်အမြန်ဆောင်ရွက်ရေး၊ CDM လုပ်ရှားမှုများနှင့်ပတ်သက်၍ နောက်ကွယ်မှ ကြိုးကိုင်လှုံ့ဆော်နေသူများအား ဖော်ထုတ်ရေး၊ ဝန်ထမ်းများအတွက် လုံခြုံသည့် အကာအကွယ်ပေးရေး၊ သတင်းအမှားများ ဖြန့်ချိနေခြင်းအပေါ် တုံ့ပြန်ဆောင်ရွက်သွားရေး၊ အုပ်ချုပ်ရေးယန္တရားနှင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ပုံမှန်လည်ပတ်နိုင်ရေး၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းများ ထည့်သွင်းပြသရောင်းချနိုင်ရေး၊ နယ်စပ်ကုန်သွယ်ရေးကိစ္စရပ်များတွင် Government to Government၊ Bank to Bank စနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မကိုက်ညီသည့် အသင်းအဖွဲ့များအား ပြန်လည်စိစစ်ဆောင်ရွက်ရေး၊ ဒေသအလိုက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ ပြန်လည်ပြင်ဆင်ဖွဲ့စည်းရေး၊ ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ နေရပ်ပြန်နိုင်ရေး၊ ခရီးသွားလုပ်ငန်းများနှင့် ပတ်သက်၍ ကန့်သတ်ချက်များ ဖြေလျှော့ပေးရေး၊ ပုဂ္ဂလိကဘဏ်များ ပုံမှန်ပြန်လည်ဖွင့်လှစ် လည်ပတ်သွားနိုင်ရေး၊ ဘုရားသုံးဆူနယ်စပ်ဂိတ် တရားဝင်ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ဘုရားသုံးဆူဒေသ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး၊ ရေ-ထားဝယ် မဟာဓာတ်အားလိုင်းသွယ်တန်းရေးကိစ္စ ဆက်လက်ဆောင်ရွက်ရေး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပိုမိုနီးကပ်စွာ တွေ့ဆုံပြီး ငြိမ်းချမ်းရေးကိစ္စရပ်များ ဆက်လက်ဆွေးနွေးရေး၊ လွတ်လပ်၍ တရားမျှသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး၊ အိမ်နီးချင်းနိုင်ငံများနှင့် နယ်ခြားကုန်သွယ်ရေးလုပ်ငန်းများ စနစ်တကျ ဖော်ဆောင်ရေးနှင့် အကောက်အခွန်မူဝါဒများ ဖြေလျှော့ပေးရေး၊ မြန်မာနိုင်ငံအတွင်း တရားမဝင်နိုင်ငံခြားသားများ ဝင်ရောက်မှု ထိန်းချုပ်နိုင်ရေး၊ လူနေရပ်ကွက်များအတွင်း စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်ထားရှိမှုများ ပြန်လည်စိစစ်ပေးရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်အတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ရှင်းလင်းဆောင်ရွက်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိ

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မြန်မာနိုင်ငံအား ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းမှ အမြန်ဆုံး လွတ်မြောက်နိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းများနှင့်ပတ်သက်၍ ကန့်သတ်ချက်များကို ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များကို ပြန်လည်စိစစ်နိုင်ရေး ညွှန်ကြားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘုရားသုံးဆူဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် ရေရှည်မျှော်မှန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးကိစ္စနှင့်ပတ်သက်၍ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများ အဆင့်ဆင့်ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိကြောင်း။

မြိတ်ဒေသတွင် ရေအားလျှပ်စစ်စီမံကိန်း လေးခုစီမံဆောင်ရွက်လျက်ရှိပြီး ဒေသအတွင်း လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြိတ်မြို့ငါးလေလံစျေးနှင့် ထားဝယ်စက်မှုဇုန် လုပ်ငန်းများကိုလည်း ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲမှုကို လျှော့ချပြီး တိုင်းပြည်၏အရန်အဖြစ် ထိန်းသိမ်းထားရှိရန် လိုအပ်ကြောင်း၊ အလားတူ စွမ်းအင်အရင်းအမြစ်များကို ထိန်းသိမ်းရန်လိုအပ်ပြီး ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များဖြစ်သည့် ရေစွမ်းအင်နှင့် နေစွမ်းအင်တို့မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲသွားရန်လိုကြောင်း၊ ပြည်ပနိုင်ငံများသို့ သစ်တင်ပို့မှုများအား ကုန်ကြမ်းတင်ပို့ခြင်းထက် မိမိတို့နိုင်ငံတွင် ကုန်ချောထုတ်လုပ်၍ တင်ပို့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သစ်တောများ ပြန်လည်စိုက်ပျိုးရန်လိုအပ်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ထိန်းသိမ်းရန်လိုအပ်ကြောင်း။

ကောင်စီဝင်များအနေဖြင့် အတွေ့အကြုံ များစွာရှိသူများဖြစ်ကြသည့်အတွက် ယင်းအတွေ့အကြုံ များအပေါ် အခြေခံ၍ နိုင်ငံတော်အတွက် အကောင်ဆုံးဖြစ်စေရန်နှင့် မှတ်ကျောက်တင်ခံရစေရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စုပေါင်းတိုင်ပင်ဆွေးနွေး လုပ်ဆောင်သွားမည်ဆိုပါက အခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်ပြီး လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဟု အပြည့်အဝယုံကြည်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လက်ရှိဆန်စပါးဈေးကွက်အခြေအနေနှင့် ဆန်စပါးဝယ်ယူမှု၊ ပြည်ပတင်ပို့နိုင်မှုကိစ္စများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၂၂

လက်ရှိဆန်စပါးဈေးကွက်အခြေအနေနှင့် ဆန်စပါးဝယ်ယူမှု၊ ပြည်ပတင်ပို့နိုင်မှုကိစ္စများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ(၁)၌ Virtual စနစ်ဖြင့် ကျင်းပသည်။

ရှေးဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို ဖွံ့ဖြိုးတိုးတက်အောင် ဦးတည်ချက်များချမှတ်ဆောင်ရွက်လျက်ရှိရာ ဆန်စပါးကဏ္ဍ Supply Chain တစ်လျှောက် စဉ်ဆက်မပြတ်တိုးတက်မှုများ ဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသူများ ဝိုင်းဝန်း၍ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေအရ ဆောင်ရွက်နေသည့် လုပ်ငန်းများ အောင်မြင်စေရေးအတွက် ဝိုင်းဝန်း ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြည်တွင်း၌ မိုးစပါးနှင့် နွေစပါး စိုက်ပျိုးထွက်ရှိမှု အခြေအနေ၊ ရိတ်သိမ်းမှု အခြေအနေနှင့် သယ်ယူပို့ဆောင်မှုအခြေအနေ၊ စပါးအထွက်နှုန်း တိုးတက်လာစေရေးအတွက် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်နိုင်ရေးနှင့် စိုက်ပျိုးရေ ပိုမိုရရှိစေရေးအတွက် ဆောင်ရွက်သွားမည့်အစီအစဉ်၊ ပြည်တွင်း ဆန်စပါးဈေးကွက်ဖြစ်ပေါ်နေမှုအခြေအနေနှင့် ဆန်ပြည်ပတင်ပို့ရာတွင် လိုအပ်သည့် အပင်ပိုးမွှား ရောဂါကာကွယ်ရေးဆိုင်ရာ ထောက်ခံချက်များထုတ်ပေးနေသည့် အစီအစဉ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက်ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ G to G အစီအစဉ်ဖြင့် ဆန်တန်ချိန် တစ်သိန်း တင်ပို့ရောင်းချရေးနှင့်ပတ်သက်၍ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် Export Financing အနေဖြင့် ငွေကျပ် ဘီလီယံ ၃၀ ကို ချေးပေးခဲ့ပါကြောင်း၊ မြန်မာ Exporter များ အနေဖြင့် နိုင်ငံတကာ ဆန်စျေးကွက်ပြောင်းလဲမှုများကို မျက်ခြည်မပြတ် လေ့လာကာ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်သင့်ပါကြောင်း၊ မြန်မာ့ဆန် ပြည်ပသို့ အရှိန်အဟုန်မပျက်တင်ပို့နိုင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ပိုမိုပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် အသင်းအဖွဲ့ တာဝန်ရှိသူများ၊ Exporter များ၊ လုပ်ငန်းရှင်များက လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို ရှင်းလင်း တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်းနှင့် မြန်မာနိုင်ငံဆန်စက် လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများနှင့် ဆန်စပါးကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေကြသည့် Stakeholder များ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်သူများအနေဖြင့် အချင်းချင်း ထိန်းသိမ်းသွားကြမည်ဟု မျှော်လင့်

ဒီမိုကရေစီ ဖြစ်စဉ်နှင့်အညီ နိုင်ငံတော်စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးအပိုင်းများကို ညင်သာစွာ ကိုင်တွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုစစ်အုပ်ချုပ်ရေး(Martial Law) သတ်မှတ်ထားသည့် မြို့နယ်များနှင့် ထိစပ်သည့် မြို့နယ်မှ ပြည်သူများအနေဖြင့်လည်း အချင်းချင်း ထိန်းသိမ်းသွားကြမည်ဟု မျှော်လင့်ကြောင်း၊ မူလက သာမန်ဆန္ဒပြကြရာမှ နောက်ပိုင်းတွင် ငွေကြေးထောက်ပံ့မှုများ ရှိလာသည့်အတွက် သွေးထိုးလှုံ့ဆော်မှုများကြောင့် ဆူပူအကြမ်းဖက်မှုအဆင့်အထိ ဖြစ်ပွားလာကြောင်း၊ ပြည်ပအဖွဲ့အစည်း အချို့မှလည်း ထောက်ပံ့မှုများရှိလာပြီး နိုင်ငံခြားငွေကြေးစီးဆင်းမှုအပိုင်းတွင် အချို့ဘဏ်များပါ ပတ်သက်မှုရှိလာသဖြင့် စစ်ဆေးနေကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
၁၅-၃-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၆/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းစာအုပ်ထုတ်ဝေ

နေပြည်တော် မတ် ၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းစာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေဖြန့်ချိသည်။

အဆိုပါမိန့်ခွန်းစာအုပ်တွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းနှင့်အမှာစကားများ၊ အထိမ်းအမှတ်အခမ်းအနားများသို့ ပေးပို့သည့် သဝဏ်လွှာများ စုစုပေါင်း (၂၁) ပုဒ်ကို စုစည်းဖော်ပြပေးထားသည်။

ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးတွင် "တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပုဒ်မ ၄ အရ "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်စေရန်" ကိုလည်းကောင်း၊ ပုဒ်မ ၆(ဃ)နှင့် ပုဒ်မ ၇ တို့အရ "စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ထွန်းကားရေး" ကိုလည်းကောင်း၊ ပုဒ်မ ၆(စ) အရ "နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက်ဦးတည်သည်" ကိုလည်းကောင်း လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ ဖြစ်ပွားခဲ့သော မဲမသမာမှုဖြစ်နိုင်သည့်စာရင်း ၁၀၄၈၂၁၆(တစ်ဆယ်သန်းလေးသိန်းကျော်) အား တာဝန်ရှိသူအဆင့်ဆင့်က ဖြေရှင်းပေးမှုမရှိဘဲ လွတ်တော်အသီးသီးအား ခေါ်ယူခြင်း၊ အစိုးရဖွဲ့ရန်ကြိုးစားခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်) ပုဒ်မ ၄၀(ဂ)နှင့်ပုဒ်မ ၄၁၇ ပါ "နိုင်ငံတော်အာဏာကို အမမှန်ဖြင့် ရယူရန် ဆောင်ရွက်ခြင်း" ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြချက်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် နိုင်ငံတော်၏အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားသည့်မိန့်ခွန်းတွင် " နိုင်ငံတော်ကို ခေတ္တထိန်းသိမ်းပေးထားတဲ့ ကာလအတွင်းမှာ နိုင်ငံခြားရေးမူဝါဒ၊ အုပ်ချုပ်ရေးနဲ့ပတ်သက်တဲ့ မူဝါဒ၊ စီးပွားရေးနဲ့ပတ်သက်တဲ့မူဝါဒများ လုံးဝပြောင်းလဲသွားမှာမဟုတ်ပါဘူး။ လက်ရှိသွားနေတဲ့ နိုင်ငံရေးလမ်းစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ မြန်မာနိုင်ငံရဲ့ ၁၀ နှစ်တာ ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းမှာ အမျိုးသားနိုင်ငံရေးကို ဦးထိပ်ထားပြီး ပြည်သူနဲ့လက်တွဲအကောင်းဆုံး ဆောင်ရွက်ခဲ့ပါတယ်။ ယခုလည်း စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားလာရေး ဆောင်ရွက်လျက်ရှိနေပါတယ်" စသည့်အကြောင်းအရာများအပါအဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ပြောကြားခဲ့သည့် ဆွေးနွေးတင်ပြချက်၊ မိန့်ခွန်းများကို စုစည်းထုတ်နုတ်ထားသည်။

ယင်းစာအုပ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တို့တွင် တစ်အုပ်လျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

သတင်းစဉ်

(၂၆)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲကို ဧပြီလ ၁ ရက် (အစား) မေလ ၁ ရက်တွင် ဖွင့်လှစ်သွားမည်

နေပြည်တော် မတ် ၂၂

(၂၆)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေထီဖွင့်ပွဲကို မူလသတ်မှတ်ထားသော ၂၀၂၁ ခုနှစ် ဧပြီလ ၁ ရက် (အစား) ၂၀၂၁ ခုနှစ် မေလ ၁ ရက်သို့ ပြောင်းလဲဖွင့်လှစ်သွားမည်ဖြစ်ကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက အသိပေးကြေညာလိုက်သည်။

ယင်းကြေညာချက်တွင် (၂၆)ကြိမ်မြောက် အောင်ဘာလေထီလက်မှတ်များကို ပုံမှန်အတိုင်း ၂၀၂၁ ခုနှစ် မတ်လ ၁ ရက်မှ စတင်ရောင်းချသွားပြီး ထီဖွင့်ပွဲကို ၂၀၂၁ ခုနှစ် ဧပြီလ ၁ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် အသိပေးကြေညာခဲ့ပါကြောင်း။

သို့ရာတွင် ထီကံစမ်းသူပြည်သူများ၊ ထီလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၏ အခက်အခဲများကို အဆင်ပြေစေရန်ရည်ရွယ်၍ (၂၆)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲကို ထီလက်မှတ်များတွင် ဖော်ပြထားသော ၂၀၂၁ ခုနှစ် ဧပြီလ ၁ ရက် (အစား) ၂၀၂၁ ခုနှစ် မေလ ၁ ရက်သို့ ပြောင်းလဲဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြထားသည်။

သတင်းစဉ်

မိဘပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ်လုံခြုံရေးဆောင်ရွက်

နေပြည်တော် မတ် ၂၂

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား ပြည့်ဝစွာဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း မိဘပြည်သူများ အနေဖြင့် စိတ်အေးချမ်းသာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ လိုအပ်သည့်လုံခြုံရေး



လုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေး တာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်၏သမိုင်းကြောင်းနှင့်အတူ ယှဉ်တွဲနေသောပြည်သူ့တပ်မတော်

အောင်ဇေယျ

(၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပစဉ်။

လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော်မျိုးစေ့

မြန်မာနိုင်ငံသည် နယ်ချဲ့အင်္ဂလိပ်တို့၏ မတရားကျူးကျော်စစ် သုံးကြိမ် ဆင်နွှဲခံရကာ ၁၈၈၅ ခုနှစ်တွင် ထီးကျိုးစည်ပေါက် သူ့လက်အောက်သို့ ကျရောက်ခဲ့ရသည်။ သီပေါဘုရင်နန်းကျသော ၁۸۸၅ ခုနှစ် နိုဝင်ဘာလ ၂۸ ရက်နေ့မှ လွတ်လပ်ရေးရသော ၁۹၄۸ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့အထိ ၆၃ နှစ်တိုင်တိုင် လွတ်လပ်ရေး ဆုံးရှုံးခဲ့သည်။ ပထမကျူးကျော်စစ်မှ ရေတွက်လျှင် ကျွန်သက်နှစ်တစ်ရာ ရှိပေသည်။

ထိုကာလအတွင်း အမျိုးသားရေးစိတ်ဓာတ်နှင့် အမျိုးသားရေးလှုပ်ရှားမှုများ ဆက်တိုက်ပေါ်ပေါက်လာခဲ့သည်။ တိုင်းရင်းသားတို့၏ သူ့ကျွန်မခံလိုသော စိတ်ဓာတ်ဖြင့် တော်လှန်ခဲ့ကြသည့် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများကို အင်္ဂလိပ်တို့သည် ဆယ်နှစ်ကြာအောင် ရက်ရက်စက်စက် နှိမ်နင်းခဲ့သည်။ နိုင်ငံရေးလှုပ်ရှားမှု၏ ရှေ့ပြေးအဖြစ် ဘာသာရေးအသင်းအဖွဲ့များဖြင့် စတင်ခဲ့ရာတွင် ၁၉၀၆ ခုနှစ်တွင် စတင်ခဲ့သော "ဝိုင်အမ်ဘီအေ" ခေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှာ ထင်ရှားသည်။ ၁၉၂၀ ပြည့်နှစ်တွင် "ဂျီစီဘီအေ" ခေါ် မြန်မာအသင်းချုပ်ကြီးအဖြစ် ပြောင်းလဲဖွဲ့စည်းကာ နိုင်ငံရေးလှုပ်ရှားမှုများကို ကျယ်ပြန့်စွာ ဆောင်ရွက်ခဲ့သည်။

၁၉၃၀ ပြည့်နှစ် မေလ ၃၀ ရက်နေ့တွင် "တို့ဗမာအစည်းအရုံး" ပေါ်ပေါက်လာ၍ နိုင်ငံရေးလှုပ်ရှားမှုများကို အသွင်သစ်၊ အမြင်သစ်၊ အတွေးသစ်များဖြင့် ဖော်ဆောင်ခဲ့ရာတွင် အမည်ရှေ့မှာ သခင်အမည်ခံယူခြင်း၊ ဝိုင်အမ်ဘီ ဆရာတင်ရေးစပ်သော "တို့ဗမာ"သီချင်းဖြင့် လူထုကို စည်းရုံးလှုံ့ဆော်ခြင်း၊ "ဗမာပြည်သည် တို့ပြည်၊ ဗမာစာသည် တို့စာ၊ ဗမာစကားသည် တို့စကား" "တို့ပြည်ကို ချစ်ပါ၊ တို့စာကို ချီးမြှင့်ပါ၊ တို့စကားကို လေးစားပါ"ဟူသော ကြွေးကြော်သံများဖြင့် အမျိုးသားရေးစိတ်ဓာတ် တက်ကြွလာအောင် လှုံ့ဆော်ခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ရေး၊ ဟုမ္မရူး၊ ဒိုမီနီယံအဆင့်စသည့် တောင်းဆိုချက်များကို စွန့်လွှတ်ပြီး "လွတ်လပ်ရေးသည် ပထမ-လွတ်လပ်ရေးသည် ဒုတိယ- လွတ်လပ်ရေးသည် တတိယ"ဟူသော လုံးဝလွတ်လပ်ရေးကိုသာ အစဉ်တစိုက် တောင်းဆိုတိုက်ပွဲဝင်ခဲ့ခြင်းတို့ကို တွေ့ရသည်။

ဘာသာရေး၊ နိုင်ငံရေး အသင်းအဖွဲ့များအပြင် ဆန္ဒပြလှုပ်ရှားမှု၊ လက်နက်ကိုင်တော်လှန်မှုများ ကလည်း ပြည်သူလူထု၏ နိုင်ငံရေးအသိအမြင်ကို ဖွင့်ပေးသည်။ တရားမျှတမှုမရှိသော တက္ကသိုလ်အက်ဥပဒေကို ဆန့်ကျင်ကာ ၁۹၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ကောလိပ်ကျောင်းသားများက သပိတ်မှောက်ကြသည်။ ထိုသပိတ်သည် တစ်ပြည်လုံးရှိ ကျောင်းများသို့ ကူးစက်ပြန့်ပွားသွားသည်။ ဂျီစီဘီအေအသင်းကြီးက အားပေးကူညီသည်။ ကျောင်းသားများသာမက မိဘပြည်သူများပါ အမျိုးသားရေးစိတ်ဓာတ်နှင့် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်များ မြင့်မားလာပြီး အမျိုးသားကျောင်းများနှင့် အမျိုးသားကောလိပ်များ ပေါ်ပေါက်လာသည်။ သပိတ်မှောက်သောနေ့ကို အမျိုးသားနေ့ဟု နဝမအကြိမ်မြောက် ဂျီစီဘီအေအစည်းအဝေးက သတ်မှတ်ခဲ့သည်။

နယ်ချဲ့အစိုးရအုပ်ချုပ်စဉ် ရှားရှားပါးပါး လက်နက်ကိုင်ဆန့်ကျင်မှုမှာ ၁۹၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း ပေါ်ပေါက်ခဲ့သော ဆရာစံအရေးတော်ပုံဖြစ်သည်။ နယ်ချဲ့အစိုးရ၏ ဖိနှိပ်မှုမျိုးစုံကြောင့် ဆင်းရဲတွင်းနက်လျက်ရှိသော တောင်သူလယ်သမားများက ဂဠုန်တပ်ဖွဲ့၍ တော်လှန်ခြင်းဖြစ်သည်။ ထိုအရေးတော်ပုံသည် ဖျာပုံ၊ ဒေးဒရဲ၊ ဟသံ်ဘတ၊ အင်းစိန်၊ ပဲခူး၊ ပြည်၊ သရက်၊ မင်းဘူး၊ တောင်ငူ၊ ရမည်းသင်း၊ မြင်းခြံ၊ မိတ္ထီလာ၊ မန္တလေး၊ ရေနံချောင်း၊ ရွှေဘို စသည့် ခရိုင်များအထိ ပျံ့နှံ့သွားကာ လက်နက်ကိုင်ဆန့်ကျင်ရေးအယူအဆကို ရစေသည်။

တစ်ဖန် ၁۹၃၈ ခုနှစ်တွင် ၁၃၀၀ ပြည့် အရေးတော်ပုံဟု ထင်ရှားသော ရေနံမြေအလုပ်သမားသပိတ်ကြီး ပေါ်ပေါက်လာခဲ့သည်။ ဤသပိတ်ကြီး၏ ထူးခြားချက်မှာ အလုပ်သမားများသာမကဘဲ ကျောင်းသားများ၊ တောင်သူလယ်သမားများ၊ နိုင်ငံရေးသမားများနှင့် လူထုထောက်ခံမှုပါဝင်လာပြီး စုစည်းညီညွတ်မှု၏အင်အားကို ပြသနိုင်ခဲ့ခြင်းဖြစ်သည်။

ဒုတိယကမ္ဘာစစ်ဖြစ်၍ အင်္ဂလိပ်တို့အခက်တွေ့နေသော ၁۹၃၉ ခုနှစ်ထဲတွင် နယ်ချဲ့ကို လျှို့ဝှက်တော်လှန်မည့် တော်လှန်ရေးရဲဘော်များကို မွေးထုတ်ပေးမည့် ဗီအာဝီခေါ် "ပြည်သူ့အရေးတော်ပုံပါတီ"ကို သခင်မြနှင့် သခင်အောင်ဆန်းတို့က ဦးဆောင်ဖွဲ့စည်းလိုက်ကြသည်။ ထို့ပြင် နိုင်ငံရေးအဖွဲ့အစည်းများကို ညီညွတ်စွာပေါင်းစည်းထားသော "ဗမာ့ထွက်ရပ်ဂိုဏ်း" (Freedom Bloc) လည်း ထိုနှစ်အောက်တိုဘာလတွင် ပေါ်ထွက်လာ၏။ ဗမာ့ထွက်ရပ်ဂိုဏ်းတွင် ပါဝင်ပူးပေါင်းထားသော အဖွဲ့များမှာ တို့ဗမာအစည်းအရုံး၊ ဆင်းရဲသားဝံသာနုအဖွဲ့၊ ငါးပွင့်ဆိုင်အဖွဲ့နှင့် နေပြည်တော်အဖွဲ့တို့ ဖြစ်ကြသည်။

ထို့ပြင် အပျော်တမ်းရဲတပ်၊ ဗမာ့လက်ရုံးတပ်၊ သံမဏိတပ်ဟူ၍ အခြေခံစစ်ပညာရရှိရန်နှင့် တပ်အဖွဲ့အစည်း အလေ့အကျင့်ရရှိစေရန် ဖွဲ့စည်းထားသော တပ်ဖွဲ့များလည်း ရှိသေးသည်။ အရေးကြုံက တပ်ဖွဲ့စည်းနိုင်ရန် ပြင်ဆင်ထားသည်။ ဗမာ့ထွက်ရပ်ဂိုဏ်းသည်ပင် လွတ်လပ်ရေးကို အနုနည်းဖြင့်မရပါက လက်နက်ကိုင်တော်လှန်ရန်အတွက် ၁۹၃۹ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် မြေအောက်လျှို့ဝှက်အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ဗမာ့ထွက်ရပ်ဂိုဏ်းတွင် တို့ဗမာအစည်းအရုံးဝင် သခင်လူငယ် အများအပြားပါဝင်ခဲ့ရာ ၎င်းတို့သည် နောင်တစ်ချိန်တွင် ရဲဘော်သုံးကျိပ်ဝင်များ ဖြစ်လာကြသည်။

နယ်ချဲ့အစိုးရသည် ဗမာ့ထွက်ရပ်ဂိုဏ်း၏ လွတ်လပ်ရေးကြိုးပမ်းမှုကို လျစ်လျူရှုခဲ့သည်သာမက ၁۹၄၀ ပြည့်နှစ်တွင် ကာကွယ်ရေးဥပဒေထုတ်ပြန်ကာ နိုင်ငံရေးဖိနှိပ်မှုများ ပြုလုပ်ခဲ့သည်။ ထိုအခါ လက်နက်ကိုင်တိုက်ပွဲဝင်ရန်မှတစ်ပါး အခြားရွေးချယ်စရာလမ်း မရှိတော့ပေ။ ဤနည်းလမ်းကို အကောင်အထည်ဖော်ရန် နိုင်ငံခြားအကူအညီ လိုအပ်ပေသည်။ နိုင်ငံခြားအကူအညီရှာဖွေရာတွင် တို့ဗမာအစည်းအရုံးသည် ဂျပန်နှင့် အဆက်အသွယ်ရ၍ မြန်မာလူငယ်သုံးဆယ်ကို လေးသုတ်ခွဲကာ လျှို့ဝှက်စေလွှတ်ခဲ့သည်။ ၎င်းရဲဘော်သုံးကျိပ်သည် ဟိုင်နန်ကျွန်းတွင် အခြေခံစစ်ပညာသင်ကြား၍ ထိုင်ဝမ်ကျွန်းရှိ တာမာဆာတိုမြို့ ဗိုလ်သင်တန်းကျောင်းတွင် တန်းမြင့်စစ်ပညာကို ဆက်လက်ဆည်းပူးခဲ့သည်။ **ရဲဘော်သုံးကျိပ်သည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ပထမဆုံးသန္ဓေတည်ခဲ့သော အမြုတေတပ်မတော်သားများပင် ဖြစ်တော့သည်။** ၎င်းတို့သည် စစ်သွေးစစ်မာန်တက်စေမည့် "ဗိုလ်" အမည်များကိုခံယူခဲ့ကြရာ တပ်မတော်ကို ရှေးဦးတည်ထောင်ခဲ့ကြသော ပုဂ္ဂိုလ်များဖြစ်ကြသဖြင့် ဂုဏ်ပြုဖော်ပြလိုက်ပါသည်။ **စာမျက်နှာ ၇ သို့** ★

၁۹၃၀ ပြည့်နှစ် မေလ ၃၀ ရက်နေ့တွင် "တို့ဗမာအစည်းအရုံး" ပေါ်ပေါက်လာ၍ နိုင်ငံရေးလှုပ်ရှားမှုများကို အသွင်သစ်၊ အမြင်သစ်၊ အတွေးသစ်များဖြင့် ဖော်ဆောင်ခဲ့ရာတွင် အမည်ရှေ့မှာ သခင်အမည်ခံယူခြင်း၊ ဝိုင်အမ်ဘီ ဆရာတင်ရေးစပ်သော "တို့ဗမာ"သီချင်းဖြင့် လူထုကို စည်းရုံးလှုံ့ဆော်ခြင်း၊ "ဗမာပြည်သည် တို့ပြည်၊ ဗမာစာသည် တို့စာ၊ ဗမာစကားသည် တို့စကား" "တို့ပြည်ကို ချစ်ပါ၊ တို့စာကို ချီးမြှင့်ပါ၊ တို့စကားကို လေးစားပါ"ဟူသော ကြွေးကြော်သံများဖြင့် အမျိုးသားရေးစိတ်ဓာတ် တက်ကြွလာအောင် လှုံ့ဆော်ခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ရေး၊ ဟုမ္မရူး၊ ဒိုမီနီယံအဆင့်စသည့် တောင်းဆိုချက်များကို စွန့်လွှတ်ပြီး "လွတ်လပ်ရေးသည် ပထမ - လွတ်လပ်ရေးသည် ဒုတိယ - လွတ်လပ်ရေးသည် တတိယ"ဟူသော လုံးဝလွတ်လပ်ရေးကိုသာ အစဉ်တစိုက် တောင်းဆိုတိုက်ပွဲဝင်ခဲ့ခြင်းတို့ကို တွေ့ရ။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူဦးစီးဌာန၏ မော်တော်ယာဉ် နှစ်လဲသက်တမ်းတိုး မှတ်ပုံတင်လုပ်ငန်းများ ပြန်လည်စတင်ဆောင်ရွက်

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူဦးစီးဌာန၏ မော်တော်ယာဉ် နှစ်လဲသက်တမ်းတိုး မှတ်ပုံတင်လုပ်ငန်းများ ပြန်လည်ဆောင်ရွက်ပေးနေစဉ်။

နေပြည်တော် မတ် ၂၂

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူဦးစီးဌာန(ကညန)၏ နှစ်လဲသက်တမ်းတိုး ယာဉ်မှတ်ပုံတင်လုပ်ငန်းများကို မြန်မာတစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ရုံး စုစုပေါင်း ၅၂ ရုံးခွဲ ယနေ့မှစတင်၍ ပြန်လည်လက်ခံ ဆောင်ရွက်ပေးလျက်ရှိသည်။

မော်တော်ယာဉ်ပေါင်း ၁၃၁၄ စီး

ယနေ့ လုပ်ငန်းဆောင်ရွက်မှုအနေဖြင့် စုစုပေါင်း သက်တမ်းတိုး မော်တော်ယာဉ်ပေါင်း ၁၃၁၄ စီး၊ သက်တမ်းတိုး မော်တော်ဆိုင်ကယ် ၂၂၃၀ ၊ နယ်ဝင်/နယ်ထွက်ယာဉ် ၂၅၉ စီးနှင့် အမည်ပြောင်းယာဉ် ၃၁၅ စီး လာရောက်ဆောင်ရွက်ခဲ့ကြကြောင်း၊ ကညနအနေဖြင့် လုပ်ငန်းလာရောက်ဆောင်ရွက်သူ ပြည်သူများအား အဘက်ဘက်မှ အဆင်ပြေစွာ လက်ခံဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ကြောင့် ဒုတိယအကြိမ် အဖြစ် လုပ်ငန်းရပ်ဆိုင်းထားခဲ့ရသည်မှာ ခြောက်လကျော်ကြာမြင့်ခဲ့ပြီ ဖြစ်သည့်အတွက် လုပ်ငန်းကြွေးကျန်များကို အချိန်မီ လက်ခံဆောင်ရွက်ပေးသွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နှစ်လဲသက်တမ်းတိုးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ချိန်မှ ၂၀၂၁ ခုနှစ် စက်တင်ဘာလကုန်အထိ ဖြေလျှော့ကာလအတွင်း ၉/၂၀၂၁ လအထိ သက်တမ်းကုန်ဆုံးသည့်ယာဉ်များအားလုံးကို သက်တမ်းတိုးခြင်း၊ နယ်ဝင်/နယ်ထွက်ခြင်း/အမည်ပြောင်းခြင်းများ ဆောင်ရွက်ရာတွင် ယာဉ်စစ်ဆေးခြင်းမပြုဘဲ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ရုံးများသို့ ယာဉ်ယူဆောင်လာရန်မလိုဘဲ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများဖြင့် လုပ်ငန်းများ လာရောက်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

စစ်တွေ၊ ပုဏ္ဏားကျွန်းနှင့် မြောက်ဦးမြို့တို့၌ မီးသတ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေလျှုဒါန်း

နေပြည်တော် မတ် ၂၂

ရခိုင်ပြည်နယ် စစ်တွေ၊ ပုဏ္ဏားကျွန်းနှင့် မြောက်ဦးမြို့နယ်များရှိ သောက်သုံးရေလိုအပ်လျက်ရှိသော ကျေးရွာများ၊ စစ်ဘေးရှောင်စခန်းများအတွက် သက်ဆိုင်ရာမြို့နယ်မီးသတ်စခန်းများမှ မီးသတ်ယာဉ်များဖြင့် သောက်သုံးရေများ နေ့စဉ်ဖြန့်ဝေလျှုဒါန်းလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဖြန့်ဝေလျှုဒါန်းရာတွင် မတ် ၁၈ ရက်က စစ်တွေမြို့နယ်မီးသတ်စခန်းမှ စက်ရုံစုရပ်ကွက်၊ ငါးစရိုင်းဘုန်းတော်ကြီးကျောင်း (စစ်ဘေးရှောင်စခန်း)သို့ သောက်သုံးရေဂါလန် ၁၆၀၀ ခန့်အား မီးငြိမ်းသတ်ယာဉ်တစ်စီးဖြင့်လည်းကောင်း၊ ပုဏ္ဏားကျွန်းမြို့နယ်မီးသတ်စခန်းမှ ရေဖြူကန်(တိုက်ပွဲရှောင်စခန်း)သို့ သောက်သုံးရေဂါလန် ၃၂၀၀ ခန့်အား မီးငြိမ်းသတ်ယာဉ် တစ်စီးဖြင့် နှစ်ကြိမ် သွားရောက်၍ လည်းကောင်း၊ မြောက်ဦးမြို့နယ်မီးသတ်စခန်းမှ တိန်ညိုကျေးရွာ (တိုက်ပွဲရှောင်စခန်း)သို့ သောက်သုံးရေဂါလန် ၁၆၀၀ ခန့်အား မီးငြိမ်းသတ်ယာဉ်တစ်စီးဖြင့် လည်းကောင်း သွားရောက်လျှုဒါန်းခဲ့သည်။

အောင်မျိုး

✯ စာမျက်နှာ ၆ မှ

ရဲဘော်သုံးကျိပ်၏အမည်များမှာ သခင်အောင်ဆန်း (ဗိုလ်တေဇ)၊ သခင်ရှုမောင် (ဗိုလ်နေဝင်း)၊ သခင်လှဖေ (ဗိုလ်လက္ခာ)၊ သခင်လှမောင် (ဗိုလ်ဇေယျ)၊ သခင်အောင်သန်း (ဗိုလ်စကြ်ာ)၊ သခင်စံလှိုင် (ဗိုလ်အောင်)၊ သခင်ထွန်းအုပ် (ဗိုလ်ဘွဲ့မခံ)၊ ကိုထွန်းရှိန် (ဗိုလ်ရန်နိုင်)၊ သခင်လှမြိုင် (ဗိုလ်ရန်အောင်)၊ ကိုရွှေ (ဗိုလ်ကျော်ဇော)၊ သခင်အောင်သန်း (ဗိုလ်ရဲထွဋ်)၊ သခင်ဗဂျမ်း (ဗိုလ်လရောင်)၊ သခင်တင်အေး (ဗိုလ်ဖုန်းမြင့်)၊ သခင်ထွန်းခင် (ဗိုလ်မြင့်ဆွေ)၊ သခင်စံမြ (ဗိုလ်တောက်ထိန်)၊ ကိုလှ (ဗိုလ်မင်းရောင်)၊ သခင်စောလွင် (ဗိုလ်မင်းခေါင်)၊ သခင်ကျော်စိန် (ဗိုလ်မိုးညို)၊ သခင်သစ် (ဗိုလ်စောနော)၊ သခင်ခင်မောင်ဦး (ဗိုလ်တာရာ)၊ သခင်ထွန်းလွင် (ဗိုလ်ဗလ)၊ သခင်သန်းညွန့် (ဗိုလ်ဇင်ယော)၊ သခင်ထွန်းရွှေ (ဗိုလ်လင်းယုံ)၊ သခင်သန်းတင်-၂ (ဗိုလ်မြင်)၊ သခင်ငွေ (ဗိုလ်စောအောင်)၊ သခင်မောင်မောင် (ဗိုလ်ဥာဏ)၊ သခင်အေးမောင် (ဗိုလ်မိုး)၊ သခင်စိုး (ဗိုလ်မြင့်အောင်)၊ ကိုဆောင်း (ဗိုလ်ထိန်ဝင်း)၊ သခင်သန်းတင်-၁ (ဗိုလ်ဘွဲ့မခံ၊ ဖော်မိုဆာကျွန်းတွင်ကွယ်လွန်)တို့ ဖြစ်ကြသည်။

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် မီနာမီအဖွဲ့(Minami Kikan)သည် အရေးပါသော ကဏ္ဍမှ ပါဝင်ခဲ့သည်။ စင်စစ် တို့ဗမာအစည်းအရုံးက သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့ကို ဟိုင်လီ (Hailee) သင်္ဘောဖြင့် တရုတ်နိုင်ငံ အမွိုင်မြို့(Amoy) သို့ စေလွှတ်ခဲ့ခြင်းမှာ တရုတ်ကွန်မြူနစ်ပါတီနှင့် ဆက်သွယ်၍ အကူအညီတောင်းခံရန်ဖြစ်သည်။ သို့သော် သူတို့နှစ်ဦးသည် အဆက်အသွယ်မရဘဲ အမွိုင်တွင် သောင်တင်နေကြသည်။ ထိုအချိန်၌ တရုတ်-မြန်မာလမ်းမကြီးကို ဖြတ်တောက်ရန် အလိုရှိနေသော ဂျပန်က မြန်မာပြည်ကို စိတ်ဝင်စားလာပြီး ဗိုလ်မှူးကြီးဆူဇူကီးအား နည်းလမ်းရှာဖွေရန် မြန်မာပြည်သို့ စေလွှတ်ထားခဲ့သည်။ ၎င်းသည် သခင်ကိုယ်တော်မှိုင်း၊ သခင်မြ စသော တို့ဗမာ အစည်းအရုံးဝင်များနှင့် ဆက်သွယ်မိပြီး သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့ကို တိုင်ပေရှိ ဂျပန်စစ်ဌာနချုပ်မှတစ်ဆင့် တိုကျိုမြို့သို့ ခေါ်ဆောင်နိုင်ခဲ့သည်။

ဂျပန်စစ်ဦးစီးချုပ်ရုံးသည် ၁၉၄၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဗိုလ်မှူးကြီးဆူဇူကီး ခေါင်းဆောင်သော မီနာမီအဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။ အဖွဲ့တွင် ဂျပန်ကြည်းတပ်၊ ရေတပ်အရာရှိများ၊ သခင်အောင်ဆန်း၊ သခင်လှမြိုင်နှင့် ဂျပန်တွင် ပညာတော်သင် ရောက်ရှိနေသည့် ကိုဆောင်းတို့ ပါဝင်သည်။

မီနာမီသည် လျှို့ဝှက်အဖွဲ့အစည်းဖြစ်သည်။ မြန်မာလူငယ်များအား စစ်ပညာသင်ပေးသော သတင်းပေါက်ကြားသွား၍ မဖြစ်ချေ။ ထို့ကြောင့် နန်ပိုကီ ဂျိုချိုဆာကိုင် (Nanpo Kigyo SaKai) ခေါ် တောင်ပိုင်းဒေသ စီးပွားရေးလုပ်ငန်းများလေ့လာရေး အဖွဲ့ဟူ၍ အသွင်ယူလှုပ်ရှားခဲ့သည်။ မီနာမီအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ မြန်မာပြည်မှ မျိုးချစ်လူငယ်များကို ဂျပန်ပြည်သို့ရောက်အောင် ကူညီရန်နှင့် လွတ်လပ်ရေးကြိုးပမ်းမှုကို ကူညီရန်၊ ဟိုင်နန်ကျွန်းတွင် စစ်သင်တန်းပေးရန်၊ သင်တန်းဆင်း မြန်မာ မျိုးချစ်လူငယ်များအား လက်နက်တပ်ဆင်ပေးပြီး မြန်မာပြည်တွင်းသို့ ပြန်လွှတ်၍ လွတ်လပ်ရေး တိုက်ပွဲများဆင်နွှဲစေရန်၊ ယိုးဒယား-မြန်မာနယ်စပ်တွင် မီနာမီအဖွဲ့ဌာနခွဲများဖွင့်လှစ်ရန်၊ တနင်္သာရီဒေသကို သိမ်းပိုက်ပြီးက လွတ်လပ်ရေးကြေညာ ပေးရန်တို့ဖြစ်၏။

ရဲဘော်သုံးကျိပ်သည် ဗိုလ်သင်တန်းကျောင်းတွင် စစ်သေနင်္ဂဗျူဟာနှင့် ဂျပန်လုပ် နောက်ဆုံး ပေါ် လက်နက်ငယ်သင်တန်းတက်နေစဉ် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့၌ ပစိဖိတ်သမုဒ္ဒရာထဲမှ ဟာဝိုင်ယီကျွန်းရှိ အမေရိကန်ရေတပ်စခန်း (ပုလဲဆိပ်ကမ်း)ကို ဂျပန်ရေတပ်က ရုတ်တရက် ဝင်တိုက်ခြင်းဖြင့် အရှေ့အာရှစစ်ပွဲကြီးကို စတင်လိုက်သည်။

ထိုအခါတွင် ဗိုလ်မှူးကြီးဆူဇူကီးသည် ရဲဘော်သုံးကျိပ်ကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ အသုတ်လိုက်စေလွှတ်ခြင်းဖြင့် မြန်မာ့လွတ်လပ်ရေး တိုက်ပွဲစီမံချက်ကို စတင်အကောင်အထည်ဖော်သည်။ **(ဆက်လက်ဖော်ပြပါမည်)**

အသိပေးကြေညာချက်

၁။ နိုင်ငံတော်မှထုတ်ပြန်ထားသော ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တို့အား လိုက်နာခြင်းမရှိဘဲ ဆူပူဆန္ဒဖော်ထုတ်လျက်ရှိသူများသည် လုံခြုံရေးတာဝန်ဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အချို့အား လုပ်ငန်းတာဝန် ဆောင်ရွက်၍မရအောင် တိုက်ခိုက်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ရိုက်ပုတ်ထိုးနှက်ခြင်း၊ အလားတူ နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဆွေမျိုးသားချင်းများအား CDM ပြုလုပ်စေရန် ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်း၊ အငြိမ်းစားတပ်မတော်သားများ၊ အငြိမ်းစား ရဲတပ်ဖွဲ့ဝင်များနှင့် အချို့သော ပြည်သူလူထုအား ရဲသတင်းပေး၊ စစ်သတင်းပေးဟု စွပ်စွဲကာ မတရားဖမ်းဆီးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ရိုက်ပုတ်ထိုးကြိတ်ခြင်း၊ အရှက်ရစေရန် ကတုံးတုံးခြင်း၊ ဆံပင်ထိပ်ကွက်ခြင်း၊ မျက်ခုံးမွေးရိတ်ခြင်း၊ ရာသက်ပန် ရုပ်အဆင်းပျက်စေရန်နှင့် အရှက်ရစေရန် မျက်နှာအား တက်တူးထိုးခြင်းများ စသည့် မင်းမဲ့စရိုက်ဆန်စွာ ညှဉ်းပန်းနှိပ်စက်ပြုမှု ကျူးလွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၂။ တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းတာဝန်ဆောင်ရွက်ခြင်း မပြုနိုင်အောင် ဟန့်တားခြင်း၊ ခြိမ်းခြောက်ခြင်းပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၁၈၆၊ ၁၈၉ နှင့် ၃၅၃ အရ လည်းကောင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ရိုက်နှက်ခြင်းများပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၃၃၂၊ ၃၃၃၊ ၃၄၂ အရ လည်းကောင်း၊ မျက်နှာကို အမြဲရုပ်ဆင်းပျက်အောင်ပြုလုပ်ပြီး နာကျင်စေမှု ကျူးလွန်ပါက ရာဇသတ်ကြီးပုဒ်မ ၃၂၅၊ ၃၂၆ ဖြင့်လည်းကောင်း၊ တစ်ဦးတစ်ယောက်အား အရှက်ရစေရန် ကတုံးတုံးခြင်း၊ မျက်ခုံးမွေးရိတ်ခြင်း စသည်ဖြင့်ပြုလုပ်ပါက လူ့ဂုဏ်သိက္ခာကို ကျဆင်းအောင် ပြုလုပ်ခြင်းဖြစ်သဖြင့် ရာဇသတ်ကြီးပုဒ်မ ၃၅၂၊ ၃၅၄ နှင့် ပုဒ်မ ၅၀၀ ဖြင့် လည်းကောင်း၊ ဝန်ထမ်းများနှင့် မိသားစုဝင်များအား CDM ပြုလုပ်ရန် ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်းပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၅၀၅-က၊ ၅၀၆ နှင့် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ဖြင့် လည်းကောင်း အရေးယူနိုင်ပြီး အမြင့်ဆုံးပြစ်ဒဏ်အနေဖြင့် ထောင်ဒဏ် ၂၀ နှစ်အထိ ကျခံစေနိုင်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများသည် မိမိတို့အား အထက်ဖော်ပြပါ ကျူးလွန်မှုများ ကျူးလွန်လာလျှင်ဖြစ်စေ၊ ကျူးလွန်ခံရနိုင်သည့် အန္တရာယ်ရှိလာလျှင်ဖြစ်စေ နီးစပ်ရာရဲစခန်းသို့လည်းကောင်း၊ မိမိတို့နေထိုင်ရာ နယ်မြေဒေသရှိ ခရိုင်အလိုက် အောက်တွင်ဖော်ပြထားသော တယ်လီဖုန်းနံပါတ်များသို့လည်းကောင်း သတင်းပို့ တိုင်တန်းနိုင်ကြောင်းနှင့် သတင်းပို့တိုင်တန်းလာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာ ချက်ချင်းအရေးယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၄။ တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ လုပ်ငန်းတာဝန်ထမ်းဆောင်ခြင်းမပြုနိုင်အောင် ဟန့်တားခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ရိုက်နှက်ခြင်းများ စသည့်ကျူးလွန်ခံရမှုများရှိလာပါက မှတ်တမ်းဓာတ်ပုံအထောက်အထားများနှင့်တကွ ထိရောက်စွာ အပြစ်ပေးအရေးယူနိုင်ရေးအတွက် မှတ်တမ်းဓာတ်ပုံများ၊ ဗီဒီယိုမှတ်တမ်းဖိုင်များ ပေးပို့နိုင်ရေး သက်ဆိုင်ရာခရိုင်အလိုက် ဖော်ပြထားသော Viber ဖုန်းနံပါတ်များသို့ ပေးပို့တိုင်ကြားနိုင်ကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်-

နေပြည်တော်ရဲတပ်ဖွဲ့

(က) ဥတ္တရသီရိခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၆၇ ၅၅၀၁၉၁၊ ၀၆၇ ၅၅၀၁၉၂၊ ၀၆၇ ၅၅၀၀၄၁
Viber Phone – ၀၉ ၄၂၅ စ၃၃၄

(ခ) ဒက္ခိဏသီရိခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၆၇ ၅၅၀၁၉၃၊ ၀၆၇ ၅၅၀၃စ၈၊ ၀၆၇ ၅၅၀၀၄၂
Viber Phone – ၀၉ ၄၅၀စ၄၀စ၈

ကချင်ပြည်နယ်ရဲတပ်ဖွဲ့

(က) မြစ်ကြီးနားခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ စ၈၀စ၂၅ဖြ၉၄၊ ၀၉ စ၈၀စ၂၅ဖြ၉၅၊ ၀၉ စ၈၀စ၂၅ဖြ၉ဖ
Viber Phone – ၀၉ ၇၉၄ဖ၁၁၃၅

(ခ) ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ စ၈၀စ၂၅ဂ၀၊ ၀၉ စ၈၀စ၂၅ဂ၀၁၊ ၀၉ စ၈၀စ၂၅ဂ၀၂
Viber Phone – ၀၉ ၄၂၀ဖ၆ဂ၁ဖ

(ဂ) မိုးညှင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ စ၈၀စ၂၅ဖြ၉ဂ၊ ၀၉ စ၈၀စ၂၅ဖြ၉စ၊ ၀၉ စ၈၀စ၂၅ဖြ၉၉
Viber Phone – ၀၉ ၄၀၃ဂ၃ဖ၃

(ဃ) ပူတာအိုခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ စ၈၀စ၂၅ဖြ၇၅၊ ၀၉ စ၈၀စ၂၅ဖြ၇ဖ၊ ၀၉ စ၈၀စ၂၅ဖြ၇၇
Viber Phone – ၀၉ ၂၅၀၃၄၄၂

ကယားပြည်နယ်ရဲတပ်ဖွဲ့

(က) လွိုင်ကော်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂ဖ၄၂၉၀၃၁၊ ၀၉ ၂ဖ၄၂၉၀၃၄၊ ၀၉ ၂ဖ၄၂၉၀၃၄
Viber Phone – ၀၉ ၇၇၇၇၄၁၉၈၀

(ခ) ဘော်လခဲခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂ဖ၄၂၉၀၂၀၇၊ ၀၉ ၂ဖ၄၂၉၀၂ဖ၆၊ ၀၉ ၂ဖ၄၂၉၀၂ဖ၈
Viber Phone – ၀၉ ၂၅၅၂ဖ၆၉၉၂

ကရင်ပြည်နယ်

(က) ဘားအံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၄စ၁၂၅၃ဝ၁၊ ၀၉ စ၈ဝ၄၇၄စ၈၃၊ ၀၉ စ၈၃၂၉၉ဖ၈၂
Viber Phone – ၀၉ ၂၅၇၂၇၉၁၅

(ခ) ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂ဖ၀၅၃၂၂၀၃၁၊ ၀၉ ဖ၆၄၉၄ဖ၅၁၉၊ ၀၉ ၇၇၄၃စ၃၇၅
Viber Phone – ၀၉ ၄၀၉၇၀၁၉၇၂

(ဂ) မြဝတီခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂ဖ၈စ၉၉၊ ၀၉ ဖ၆၄စ၅၇၇စ၅၊ ၀၉ ၇၄၀စ၄၇၉၅၀
Viber Phone – ၀၉ ၅၁၃၂၂၁၁

(ဃ) ဖာပွန်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂စ၂၁၂၃၁၊ ၀၉ ဖ၉၂၉၅၅၅၅၇၊ ၀၉ စ၈၂၉၁၇၉ဖ
Viber Phone – ၀၉ ၄၀၀၄၅၅၁၁ဖ

ချင်းပြည်နယ်ရဲတပ်ဖွဲ့

(က) မင်းတပ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၇၄ဖ၅၇၁၃၅၊ ၀၉ စ၈ဝ၄၇၄စ၈၃၊ ၀၉ စ၈၃၂၉၉ဖ၈၂
Viber Phone – ၀၉ ၂၅၉စ၃၉ဖ၀

(ခ) မတူပီခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၄၉ဖ၁၅၅၀၁၊ ၀၉ ၄၄၉ဖ၁၅ဝ၈၊ ၀၉ ၄၂၂၉၁၁၄၇
Viber Phone – ၀၉ ၄၀၀၄၅၅၁၁၉၉

(ဂ) ဖလမ်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၂ဖ၈၉စ၉၉၊ ၀၉ ၄၂၇၉စ၅၀၉၁၊ ၀၉ ၄၂ဖ၄၁ဝ၉၉၂
Viber Phone – ၀၉ ၂၃၀၀စ၁၇

(ဃ) ဟားခါးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၄၃ဖ၆၇ဖ၂ဖ၊ ၀၉ ၄၄၃၄၀စ၁၀၀၊ ၀၉ ၂၅စ၇၄၅၅၉၂စ
Viber Phone – ၀၉ ၄၄၄၇၇ဖ၅၅

စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့

(က) စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ဖ၈၀၁၅၁၀၉၉၊ ၀၉ ဖ၈၀၇၄၅၅စ၉၉၊ ၀၉ ဖ၈၀၃၇၄၉၇၄
Viber Phone – ၀၉ ၄၂၀၇၃ဖ၈၂၇

(ခ) ရွှေဘိုခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၅စ၄ဖ၆ဖ၈၊ ၀၉ ၄၃၀၃၄၄ဖ၃၊ ၀၉ ၇၉၃၁၇၉၃၁
Viber Phone – ၀၉ ၂၅စ၄ဖ၆ဖ၈

(ဂ) ကန့်ဘလူခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၄စ၅၀၃၂၈၊ ၀၉ ၉၉၇စ၈၃၀၂၅ဖ၊ ၀၉ ၇၅၉ဖ၉စ၇စ၃
Viber Phone – ၀၉ ၂၅၉၁၀၇၀၇၂

(ဃ) မုံရွာခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂ဖ၀၀၉၃၂၀၇၊ ၀၉ ၂၃၀၀၉၄၂၊ ၀၉ ၄၀၂၅၄၄၃၁
Viber Phone – ၀၉ ၄၅စ၀၂၅၄၁

(c) ယင်းမာပင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂ဖ၂၅ဖ၀၇၄၃၊ ၀၇၁ ၇၃၁၃၁၁၊ ၀၇၁ ၇၃၁၃၃
Viber Phone – ၀၉ ၉၅၁၄၉၅၅၀၉

(စ) ကသာခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၇၅ ၂၅၁၀၁၄၊ ၀၉ ၂၅၉စ၅၁၅စ၁၊ ၀၉ ၇၇၅၇၄၅၅ဖ၉
Viber Phone – ၀၉ ၄၂၁၀၇၁၃ဖ၉

(ဆ) ကလေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၀၇၂၀၅၃၅၅၊ ၀၉ ဖ၇ဝ၄ဖ၆ဝ၂၅၅၊ ၀၉ ဖ၈ဖ၈ဝ၄ဖ၉ဝ၁
Viber Phone – ၀၉ ၄ဝ၂၅၀ဝ၈ဖ၈

(ဇ) ခန္တီးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၇၃ ၂ဖ၈၁ဝ၀၊ ၀၉ ၄၂ဝ၇ဝ၁ဝ၉၈၊ ၀၉ ၂ဖ၂ဖ၉ဝ၁၂
Viber Phone – ၀၉ ၈၈ဝ၀ဝ၈ဝ၃ဝ

(စျ) မော်လိုက်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၅၁ဝ၉ဝ၁၊ ၀၉ ၄၂ဝ၅ဖ၉ဖ၉ဖ၅၅၊ ၀၉ ၄၂၂ဖ၅ဖ၅ဝ၅ဝ
Viber Phone – ၀၉ ၈ဝ၉၂ဖ၁ဝ၉ဝ

(ည) တမူးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၇၃ ၄ဝ၂၇ဝ၊ ၀၉ ၉ဝ၄ဝ၃ဝ၂ဝ၃ဝ၊ ၀၉ ၇၅၅ဖ၅ဝ၂ဝ
Viber Phone – ၀၉ ၇ဖ၄၄၂ဖ၇

တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့

(က) ထားဝယ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၅၁ဝ၃စ၅၇၇၊ ၀၉ ၄၄၇ဖ၂ဝ၂ဝ၇ဝ၊ ၀၉ ဖ၆ဖ၉ဝ၅၂ဝ
Viber Phone – ၀၉ ဖ၆ဖ၉ဝ၅၂ဝ

(ခ) မြိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၅ဖ၄၄၅၄၂၊ ၀၉ ၈ဖ၆ဖ၉ဖ၉ဖ၆ဝ၊ ၀၉ ဖ၇ဖ၄ဖ၆ဖ၃ဝ
Viber Phone – ၀၉ ၇၅၅ဝ၀ဝ၇၅

(ဂ) ကော့သောင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၈ဖ၅ဖ၃ဝ၆ဖ၉၊ ၀၉ ဖ၆ဖ၈ဝ၈ဝ၃ဖ၉၊ ၀၉ ၂၅၃၅ဝ၃ဝ၉
Viber Phone – ၀၉ ၈ဖ၅ဖ၃ဝ၆ဖ

ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့

(က) ပဲခူးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂ဝ၃၇၅ဝ၆ဖ၊ ၀၉ ၄၄ဝ၇၂ဝ၂ဝ၇ဝ၊ ၀၉ ၇ဖ၄ဝ၆ဝ၅ဝ
Viber Phone – ၀၉ ၄ဝ၀ဝ၅ဝ၃ဝ

(ခ) တောင်ငူခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂၅ဝ၀ဝ၉ဖ၅၂ဝ၊ ၀၉ ၂၅ဝ၃ဝ၃ဝ၃ဖ၃၊ ၀၉ ဖ၆ဖ၇ဝ၇ဝ၃ဖ၀ဝ၇
Viber Phone – ၀၉ ၂၅ဝ၀ဖ၉ဖ၇ဝ၇

(ဂ) ပြည်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂ဖ၆ဖ၄၂ဖ၄၊ ၀၉ ၄၂ဖ၆ဖ၄ဖ၆ဝ၊ ၀၉ ၄၂၅ဝ၅ဝ၇ဝ၄ဖ
Viber Phone – ၀၉ ၄၄ဝ၃ဝ၃ဝ၅ဖ

(ဃ) သာယာဝတီခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄ဝ၀ဝ၃ဝ၇ဝ၊ ၀၉ ၄ဝ၇ဝ၂ဝ၆ဖ၉၊ ၀၉ ၂၅၄၂ဖ၀ဝ၃ဝ
Viber Phone – ၀၉ ၇ဖ၅ဝ၆ဖ၃ဝ၇

မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့

(က) မကွေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၅ဝ၆ဝ၅ဝ၂ဝ၅ဝ၊ ၀၉ ၂ဖ၆ဝ၀ဝ၇ဝ၇ဝ၊ ၀၉ ၂ဖ၆ဝ၀ဝ၇ဝ၃ဖ
Viber Phone – ၀၉ ၉ဝ၅၂ဝ၆ဝ၆ဖ

(ခ) မင်းဘူးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂ဖ၆ဝ၀ဝ၇ဝ၄ဝ၅ဝ၊ ၀၉ ၂ဖ၆ဝ၀ဝ၇ဝ၄ဝ၅ဝ၊ ၀၉ ၂ဖ၆ဝ၀ဝ၇ဝ၀ဝ
Viber Phone – ၀၉ ၄ဝ၀ဝ၃ဝ၃ဝ

(ဂ) သရက်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂ဖ၆ဝ၀ဝ၇ဝ၂ဝ၊ ၀၉ ၂ဖ၆ဝ၀ဝ၇ဝ၄ဝ၊ ၀၉ ၂ဖ၆ဝ၀ဝ၇ဝ၅ဝ
Viber Phone – ၀၉ ၇ဝ၄ဝ၄ဝ၇ဝ

(ဃ) ပခုက္ကူခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၂ဖ၆ဝ၀ဝ၇ဝ၅ဝ၊ ၀၉ ၂ဖ၆ဝ၀ဝ၇ဝ၃ဝ၊ ၀၉ ၂ဖ၆ဝ၀ဝ၇ဝ၇ဝ
Viber Phone – ၀၉ ၂၅ဝ၇ဝ၈ဝ၀ဝ၉ဝ

(c) ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂ဝ၄ဝ၅ဝ၅ဝ၃ဝ၊ ၀၉ ၄၂ဝ၄ဝ၅ဝ၅ဝ၃ဝ၂၊ ၀၉ ၄၂ဝ၄ဝ၅ဝ၅ဝ၃ဝ၄
Viber Phone – ၀၉ ၉ဝ၃ဝ၇ဝ၃ဖ၈ဝ

မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့

(က) မန္တလေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၉ဝ၃ဝ၇ဝ၅ဝ၃ဝ၄၊ ၀၉ ၈ဝ၉ဝ၄ဝ၄ဝ၄ဝ၊ ၀၉ ၈ဝ၉ဝ၅ဝ၅ဝ၄ဝ
Viber Phone – ၀၉ ၉ဖ၆ဝ၉ဝ၅ဝ၄ဝ

(ခ) ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇ဝ၇ဝ၄ဝ၇ဝ၅ဝ၊ ၀၉ ၇ဝ၉ဝ၆ဝ၅ဝ၅ဝ၄ဝ၊ ၀၉ ၉ဖ၆ဝ၆ဝ၂ဝ၄ဝ
Viber Phone – ၀၉ ၄ဝ၇ဝ၆ဝ၂ဝ၆

(ဂ) မြင်းခြံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄ဝ၀ဝ၀ဝ၃ဝ၆ဝ၊ ၀၉ ၄ဝ၀ဝ၀ဝ၃ဝ၄ဝ၇ဝ၊ ၀၉ ၄ဝ၀ဝ၀ဝ၃ဝ၆ဝ၃ဝ
Viber Phone – ၀၉ ဖ၈ဝ၁ဝ၃ဝ၄ဝ

(ဃ) မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၅ဝ၁ဝ၂ဝ၄ဝ၊ ၀၉ ၄ဝ၀ဝ၀ဝ၄ဖ၁ဝ၁၊ ၀၉ ၄ဝ၀ဝ၀ဝ၁ဝ၂ဝ
Viber Phone – ၀၉ ၄၄ဝ၁ဝ၄ဖ၆ဝ

စာမျက်နှာ ၉ သို့ *

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့်တွေ့ဆုံပြီး အနာဂတ်မျိုးဆက်သစ် ကျောင်းသားလူငယ်များအား ဂါရဝတရားရှိကြစေရေးနှင့် ဟီရိသြတ္တပ္ပ အရှက်အကြောက်တရားရှိစေရေးအတွက် သွန်သင်ဆုံးမလေ့ကျင့်ပေးကြရန် မှာကြား

နေပြည်တော် မတ် ၂၂

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့ မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးများဖြစ်ကြသည် ဒေါက်တာဇော်မြင့်၊ ဦးဇော်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ နေပြည်တော် ဥတ္တရသီရိမြို့နယ် အမှတ်(၁၂)အခြေခံပညာ အထက်တန်းကျောင်းနှင့် ပုဗ္ဗသီရိမြို့နယ် အမှတ်(၁၃) အခြေခံပညာ အထက်တန်းကျောင်းတို့တွင် ဖွင့်လှစ်ထားသည့် အခြေခံပညာ မူလတန်းကျောင်းအုပ်ကြီးများအတွက် စီမံအုပ်ချုပ်ရေး(စီမံ၊ ဘဏ္ဍာ၊ ပညာ) အရည်အသွေးမြှင့် မွမ်းမံသင်တန်းများ(မြို့နယ်အဆင့်)သို့ သွားရောက်ကြည့်ရှုအားပေးသည်။

ဝိုင်းဝန်းကြိုးပမ်း

မွမ်းမံသင်တန်းများသို့ သွားရောက်ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးသည် ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့်တွေ့ဆုံ၍ နွေရာသီပူပြင်းသည့်ကာလဖြစ်သော်လည်း အရည်အသွေးမြှင့် မွမ်းမံသင်တန်းသို့ တက်ရောက်ကြသည့် ကျောင်းအုပ်ကြီးများကို ကျေးဇူးတင်ပါကြောင်း၊ သင်တန်းတွင် မိတ်ဆွေဆရာ ဆရာမများ၊ ကျောင်းအုပ်များ အချင်းချင်း ပြန်လည်တွေ့ဆုံ၍ အတွေ့အကြုံများ ဖလှယ်ကြကာ မိမိတို့နိုင်ငံ၏ ပညာအရည်အသွေး မြှင့်တင်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြမည်ဟု ယုံကြည်ပါ

ကြောင်း၊ အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေး၊ ကျောင်းဥပဓိရုပ် ကောင်းမွန်ရေးအတွက် ကြိုတင်ပြင်ဆင်နေကြပြီဖြစ်ပါကြောင်း၊ ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်ချက်များ တင်ပြရာတွင် အောက်ခြေ၌ အမှန်တကယ်လိုအပ်သည့် အရာများကို ရဲရဲဝံ့ဝံ့ တင်ပြတောင်းခံရန် လိုသကဲ့သို့ သက်ဆိုင်ရာတာဝန်ရှိသူ အဆင့်ဆင့်အနေဖြင့် လိုအပ်ချက်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ မြန်မြန်ဆန်ဆန် ဖြည့်ဆည်းပေးကြမည်ဖြစ်ပါကြောင်း။

ဆရာ ဆရာမ ဆိုသည်မှာ အနာဂတ်သားကောင်းရတနာများ၏ ပဲ့ကိုင်ရှင်များဖြစ်ကြသဖြင့် ပဲ့ကိုင်ရှင်များ၏ ပဲ့ကိုင်သွန်သင်ဆုံးမလမ်းပြမှုမှန်ကန်လျှင် သားကောင်း တစ်ယောက်၊ ကျောက်ကောင်းတစ်စေ့အဖြစ် ထွန်းပေါက်လာကြမည်ဖြစ်ပါကြောင်း၊ အနာဂတ်မျိုးဆက်သစ် ကျောင်းသားလူငယ်များကို မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်အညီ ဂါရဝတရား ရှိကြစေရေး၊ ဟီရိသြတ္တပ္ပ အရှက်အကြောက်တရားများရှိစေရေးအတွက် သွန်သင်ဆုံးမ လေ့ကျင့်ပေးကြစေလိုပါကြောင်း၊ ကျောင်းများပြန်လည်ဖွင့်လှစ်သည့်အခါ ကျောင်းသား ကျောင်းသူများကို စာတတ်အောင်သင်ပေးကြစေလိုပါကြောင်း၊ အချို့သော CDM လှုပ်ရှားမှုတွင် ပါဝင်နေသည့် ဆရာ ဆရာမများကို နိုင်ငံ့ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ ပြန်လည်တာဝန်ထမ်းဆောင်၍ ဘာသာရပ်မွမ်းမံသင်တန်းများ ဖွင့်လှစ်သည့်အခါ တက်ရောက်ကြရန် နှိုးဆော်တိုက်တွန်းပေးကြစေလိုပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် CDM လှုပ်ရှားမှုမှ ပြန်လည်တာဝန်ထမ်းဆောင်လာကြသည့် ဆရာ ဆရာမများကိုလည်း နွေးနွေးထွေးထွေး ကြိုဆိုကြစေလိုပါကြောင်း၊ ကျောင်းသား၊ ဆရာအချိုးနှင့် ကိုက်ညီသည့် စာသင်ခုံ၊ စာသင်ခန်း၊ စာကြည့်တိုက်၊ သန့်စင်ခန်း၊ ရေစင်၊ ရေပိုက်လိုင်းများ ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်းပြောကြားပြီး သင်တန်းသား မူလတန်းကျောင်းအုပ်များ၏ တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကျောင်းဥပဓိရုပ် ကောင်းမွန်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့သည်။ **သတင်းစဉ်**

*** စာမျက်နှာ ၈ မှ**

(၈) ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့. ဖုန်း- ၀၉ ၄၀၀၁၀၂၆၉၉၊ ၀၉ ၄၀၀၁၀၂၈၉၉၊ ၀၉ ၄၀၀၁၀၂၈၁၁
Viber Phone – ၀၉ ၄၀၃၇၄၂၅

(စ) ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့. ဖုန်း- ၀၉ ၈၈၁၁၄၁၁၂၊ ၀၉ ၇၉၄၂၀၈၉၆၀၊ ၀၉ ၇၉၂၄၄၄၈၅
Viber Phone – ၀၉ ၇၈၅၀၈၂၆၁

(ဆ) ညောင်ဦးခရိုင်ရဲတပ်ဖွဲ့. ဖုန်း- ၀၉ ၄၀၀၁၀၃၃၂၈၊ ၀၉ ၄၀၀၁၀၃၃၄၈၊ ၀၉ ၄၀၀၁၀၃၃၃၆
Viber Phone – ၀၉ ၄၂၀၂၅၁၄၈

မွန်ပြည်နယ်ရဲတပ်ဖွဲ့.

(က) မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့. ဖုန်း- ၀၉ ၇၅၆၂၃၈၉၂၊ ၀၉ ၆၈၄၇၃၈၃၉၅၊ ၀၉ ၆၈၂၇၈၇၈၈၂
Viber Phone – ၀၉ ၂၅၅၈၅၄၄၁

(ခ) သထုံခရိုင်ရဲတပ်ဖွဲ့. ဖုန်း- ၀၉ ၄၂၃၃၂၂၇၄၊ ၀၉ ၄၂၃၃၂၂၇၅၅၊ ၀၉ ၄၂၃၃၂၂၇၄၆
Viber Phone – ၀၉ ၂၅၅၇၁၁၁၁၄

ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့.

(က) စစ်တွေခရိုင်ရဲတပ်ဖွဲ့. ဖုန်း- ၀၉ ၆၈၆၂၉၄၂၅၅၊ ၀၉ ၆၈၉၃၁၈၄၂၇၊ ၀၉ ၆၈၈၉၀၀၇၈၇
Viber Phone – ၀၉ ၄၂၁၀၀၄၂၁၈

(ခ) မြောက်ဦးခရိုင်ရဲတပ်ဖွဲ့. ဖုန်း- ၀၉ ၆၉၉၅၀၈၈၈၄၊ ၀၉ ၆၇၁၀၀၅၆၇၁၊ ၀၉ ၆၈၃၉၇၂၀၉၃
Viber Phone – ၀၉ ၇၈၉၉၇၈၃၇၃

(ဂ) မောင်တောခရိုင်ရဲတပ်ဖွဲ့. ဖုန်း- ၀၉ ၆၆၂၄၄၃၃၃၆၊ ၀၉ ၆၉၀၈၇၅၅၈၀၊ ၀၉ ၆၉၄၃၅၅၄၀၂
Viber Phone – ၀၉ ၄၀၂၅၄၇၂၄၄

(ဃ) ကျောက်ဖြူခရိုင်ရဲတပ်ဖွဲ့. ဖုန်း- ၀၉ ၄၂၃၂၃၉၉၆၆၊ ၀၉ ၄၂၃၂၃၉၉၆၇၊ ၀၉ ၄၂၃၂၃၉၉၆၈
Viber Phone – ၀၉ ၄၀၁၅၈၂၂၃၆

(င) သံတွဲခရိုင်ရဲတပ်ဖွဲ့. ဖုန်း- ၀၉ ၆၇၈၄၄၃၇၁၃၊ ၀၉ ၆၇၂၉၃၇၃၄၈၊ ၀၉ ၉၆၉၁၇၉၆၆၁
Viber Phone – ၀၉ ၂၅၄၃၁၅၉

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့.

(က) အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့. ဖုန်း- ၀၉ ၄၂၆၁၈၉၆၆၆၊ ၀၉ ၄၂၆၁၈၃၂၂၇၊ ၀၉ ၄၂၆၁၈၃၂၄၅
Viber Phone – ၀၉ ၄၂၁၁၂၈၉၅

(ခ) အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့. ဖုန်း- ၀၉ ၄၂၆၁၈၃၂၂၈၊ ၀၉ ၄၂၆၁၈၃၃၃၉၊ ၀၉ ၄၂၆၁၈၃၂၉၃
Viber Phone – ၀၉ ၄၃၁၃၇၇၂၉

(ဂ) တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့. ဖုန်း- ၀၉ ၄၂၆၁၈၃၁၉၃၊ ၀၉ ၄၂၆၁၈၃၂၃၇၊ ၀၉ ၄၂၆၁၈၃၂၃၈
Viber Phone – ၀၉ ၅၁၉၄၂၂

(ဃ) မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့. ဖုန်း- ၀၉ ၄၂၆၁၈၃၂၇၇၊ ၀၉ ၄၂၆၁၈၃၂၈၂၊ ၀၉ ၄၂၆၁၈၃၂၆၄
Viber Phone – ၀၉ ၇၈၆၂၈၁၄၅

ရှမ်းပြည်နယ်ရဲတပ်ဖွဲ့.

(က) လားရှိုးခရိုင်ရဲတပ်ဖွဲ့. ဖုန်း- ၀၉ ၃၄၆၁၁၂၈၅၅၀၊ ၀၉ ၃၄၆၁၁၂၈၅၁၀၊ ၀၉ ၃၄၆၁၁၃၂၇၁၀
Viber Phone – ၀၉ ၂၅၃၀၂၉၄၇၇

(ခ) ကျောက်မဲခရိုင်ရဲတပ်ဖွဲ့. ဖုန်း- ၀၉ ၃၄၆၁၁၂၈၅၅၉၃၊ ၀၉ ၃၄၆၁၁၂၈၅၅၆၉၊ ၀၉ ၃၄၆၁၁၃၂၆၄၅
Viber Phone – ၀၉ ၂၅၈၁၁၇၆၆၂

(ဂ) တောင်ကြီးခရိုင်ရဲတပ်ဖွဲ့. ဖုန်း- ၀၉ ၃၄၆၁၁၃၂၇၇၇၊ ၀၉ ၃၄၆၁၁၂၈၉၉၉၊ ၀၉ ၃၄၆၁၁၂၈၆၈၄
Viber Phone – ၀၉ ၂၅၀၉၃၃၆၅၇

(ဃ) လင်းခေးခရိုင်ရဲတပ်ဖွဲ့. ဖုန်း- ၀၉ ၃၄၆၁၁၂၈၆၆၈၊ ၀၉ ၃၄၆၁၁၃၂၆၀၃၊ ၀၉ ၃၄၆၁၁၃၂၅၅၅
Viber Phone – ၀၉ ၇၈၉၇၂၃၇၉

(င) လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့. ဖုန်း- ၀၉ ၃၄၆၁၁၃၂၇၄၄၊ ၀၉ ၃၄၆၁၁၃၂၈၁၉၊ ၀၉ ၃၄၆၁၁၂၈၉၂၄
Viber Phone – ၀၉ ၄၀၀၄၄၈၀၂၆

(စ) ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့. ဖုန်း- ၀၉ ၃၄၆၁၁၃၂၅၈၇၊ ၀၉ ၃၄၆၁၁၃၂၅၇၉၊ ၀၉ ၃၄၆၁၁၂၈၆၄၃
Viber Phone – ၀၉ ၉၇၆၄၅၅၃၆၉

(ဆ) တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့. ဖုန်း- ၀၉ ၃၄၆၁၁၃၂၈၀၁၊ ၀၉ ၃၄၆၁၁၃၂၇၈၅၊ ၀၉ ၃၄၆၁၁၂၈၉၆၅
Viber Phone – ၀၉ ၅၂၅၂၇၆၅

(ဇ) မိုင်းဆက်ခရိုင်ရဲတပ်ဖွဲ့. ဖုန်း- ၀၉ ၃၄၆၁၁၂၈၉၄၀၊ ၀၉ ၃၄၆၁၁၃၂၇၂၈၊ ၀၉ ၃၄၆၁၁၃၂၅၀၄
Viber Phone – ၀၉ ၄၂၀၀၀၆၀၆၇

(စျ) မူဆယ်ခရိုင်ရဲတပ်ဖွဲ့. ဖုန်း- ၀၉ ၃၄၆၁၁၃၃၀၇၂၊ ၀၉ ၃၄၆၁၁၃၂၉၆၇၊ ၀၉ ၃၄၆၁၁၂၈၇၄၂
Viber Phone – ၀၉ ၉၅၇၉၂၄၃၁၉

(ညွ) ဟိုပန်ခရိုင်ရဲတပ်ဖွဲ့. ဖုန်း- ၀၉ ၃၄၆၁၁၃၂၉၅၅၊ ၀၉ ၃၄၆၁၁၃၂၃၀၃၊ ၀၉ ၃၄၆၁၁၃၂၉၇၅
Viber Phone – ၀၉ ၇၇၃၁၁၇၈၅၉

(ဌ) မိုးမိတ်ခရိုင်ရဲတပ်ဖွဲ့. ဖုန်း- ၀၉ ၃၄၆၁၁၃၂၉၄၄၊ ၀၉ ၃၄၆၁၁၃၃၁၅၅၊ ၀၉ ၃၄၆၁၁၂၈၈၄၁
Viber Phone – ၀၉ ၆၈၉၉၁၀၉၇၀

ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့.

(က) ပုသိမ်ခရိုင်ရဲတပ်ဖွဲ့. ဖုန်း- ၀၉ ၄၂၀၀၉၈၃၀၆၊ ၀၉ ၆၈၅၁၉၄၈၆၆၊ ၀၉ ၄၅၁၂၃၆၀၇၀
Viber Phone – ၀၉ ၂၆၆၂၃၀၀၇၇

(ခ) ဟသံ်ဘတခရိုင်ရဲတပ်ဖွဲ့. ဖုန်း- ၀၉ ၄၂၀၁၃၃၄၄၊ ၀၉ ၄၄၇၃၇၇၄၁၅၁၊ ၀၉ ၉၅၉၅၉၉၃၀၉၇
Viber Phone – ၀၉ ၂၅၉၀၄၂၃၃၀

(ဂ) မြောင်းမြခရိုင်ရဲတပ်ဖွဲ့. ဖုန်း- ၀၉ ၆၈၂၀၅၅၉၇၅၊ ၀၉ ၂၆၄၈၃ဖ၈၀၉၊ ၀၉ ၄၅၉၂၉၃၃၄၅
Viber Phone – ၀၉ ၄၅၄၄ဖ၆ဖ၆၇

(ဃ) လပွတ္တာခရိုင်ရဲတပ်ဖွဲ့. ဖုန်း- ၀၉ ၉၅၀၉၇၇၃၇၆၊ ၀၉ ၄၅ဖ၆ဖ၉၉ဖ၆၊ ၀၉ ၄၀၃၇၂၂ဖ၀၁
Viber Phone – ၀၉ ၉၅၀၉၇၇၃၇ဖ

(င) မအူပင်ခရိုင်ရဲတပ်ဖွဲ့. ဖုန်း- ၀၉ ၇၉၁၁၉၀၅၁၉၊ ၀၉ ၆၈၈ဖ၂၄၃၃၅၊ ၀၉ ၄၅၀၁ဝ၃၅၅ဖ
Viber Phone – ၀၉ ၂၀၁၉၉၅၃

(စ) ဖျာပုံခရိုင်ရဲတပ်ဖွဲ့. ဖုန်း- ၀၉ ၇၇၉၉၂၉ဖ၂၉၊ ၀၉ ၄၀၀၀၂၁ဝ၃ဝ၆၊ ၀၉ ၆ဖ၆ဖ၉၇၄၂၁
Viber Phone – ၀၉ ၂ဖ၉၄၈၂၀

ငြိမ်းငြိမ်းချမ်းချမ်း ညီညီညွတ်ညွတ် ချစ်ခင်ကြပါစို့

ကိုထွန်းခင်

တပ်မတော်အနေနဲ့ ပြည်သူက ရွေးချယ်ထားတဲ့ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို မည်သို့မျှ သွေဖည်မည်မဟုတ်ကြောင်း၊ မှန်မှန်ကန်ကန်သွားနိုင်ရန် ထိန်းကျောင်းပေးခြင်းသာဖြစ်ကြောင်း သတင်းထုတ်ပြန်ထားတာကိုလည်း ဖတ်ရှုရပါတယ်။ ဒါ့အပြင် အရေးပေါ်ကာလပြီးဆုံးသွားပါက စည်းကမ်းပြည့်ဝပြီး အနှစ်သာရရှိတဲ့ ရွေးကောက်ပွဲကို ပြန်လည်ကျင်းပပေးသွားမှာဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်မှာ လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲဟာ အသက်ဖြစ်လို့ မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးကြဖို့ တိုက်တွန်းလို။

ဒီမိုကရေစီဆိုတဲ့ ဝေါဟာရကို စာရေးသူအနေနဲ့ ငယ်စဉ် ၁၉၈၈ ခုနှစ်လောက်မှာ ကျယ်ကျယ်လောင်လောင် စတင်ကြားသိခဲ့ရပါတယ်။ အဓိပ္ပာယ်နဲ့ လေးနက်မှုအတိမ်အနက်ကို ခွဲခြမ်းစိတ်ဖြာလောက်အောင် အသက်အရွယ်နဲ့ တွေးခေါ်မြော်မြင်နိုင်စွမ်းက ငယ်နေလေတော့ စကားစုအဖြစ်နဲ့သာ ရင်းနှီးခဲ့ပါတယ်။ ကာလအတော်ကြာမေ့ပျောက်နေခဲ့ရာက ၂၀၁၀ ပြည့်နှစ်ဝန်းကျင်လောက်မှာတော့ ထိုစကားလုံးက ပြန်လည်လူပြောများလာတာကို သတိပြုမိခဲ့ပါတယ်။

ဂရိစကားလုံးနှစ်လုံး

ဂရိစကားလုံးနှစ်လုံးကနေ ဆင်းသက်လာတဲ့ ဒီမိုကရေစီဆိုတာ ပြည်သူ(demos) နဲ့ အုပ်ချုပ်ရေး (kratos) ပြည်သူအုပ်ချုပ်ရေးလို့ အဓိပ္ပာယ်ရတယ်ဆိုတဲ့အကြောင်း၊ ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူအများ အာဏာပိုင်စိုးသောစနစ် ဖြစ်တယ်၊ ဒီမိုကရေစီဆိုတာ အုပ်ချုပ်ရေးပုံစံတစ်မျိုး ဖြစ်တယ်၊ ပြည်သူတွေက အုပ်ချုပ်တဲ့ စနစ်လည်းဖြစ်တယ်ဆိုတာတွေကို ဟိုမှဒီမှ တစ်စွန်းတစ်စ တီးမိခေါက်မိ ဖတ်မှတ်လေ့လာမိခဲ့ပါတယ်။

အချို့ကလည်း ဒီမိုကရေစီဖော်ဆောင်ခြင်း (Democratization) ဆိုတာ အာဏာရှင်ဆန်တဲ့ အုပ်စိုးမှုစနစ်တစ်ခုကနေ ဒီမိုကရေစီနည်းကျအုပ်စိုးမှုစနစ်တစ်ခုကို ကူးပြောင်းအကောင်အထည်ဖော်သော လုပ်ငန်းစဉ်လို့အဓိပ္ပာယ်ဖွင့်ကြသလို အချို့ကလည်း ဒီမိုကရေစီဆိုတာ စနစ်တစ်ခုဆိုတာထက် ယဉ်ကျေးမှုတစ်ရပ် ဖြစ်တယ်။ ဒီမိုကရေစီယဉ်ကျေးမှုကို ဘယ်လိုထူထောင်ရမယ် စသည်ဖြင့်လည်း ဒီမိုကရေစီနဲ့ပတ်သက်ပြီး မတူညီတဲ့အမြင်ရှုထောင့်တွေ၊ ဒဿနတွေကို ဆွေးနွေးငြင်းခုံသံတွေလည်း ကြားသိလာရပါတယ်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံဟာ ၂၀၁၀ ပြည့်နှစ်မှာတော့ ကမ္ဘာ့ဒီမိုကရေစီနိုင်ငံများကဲ့သို့ ဒီမိုကရေစီလမ်းကြောင်းကို တစ်ဖန်ပြန်လည်ခြေချဖို့ လမ်းစပေါ်ပေါက်ခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် ၂၀၀၈ ခုနှစ် မေလအတွင်း လူထုဆန္ဒခံယူပွဲနဲ့ အတည်ပြုခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲတစ်ရပ်ဖြစ်ပြီး ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲပြီးနောက် မြန်မာနိုင်ငံမှာ နှစ်ပေါင်း ၂၀ အတွင်း ပထမဆုံးအကြိမ်ကျင်းပတဲ့ ရွေးကောက်ပွဲ ဖြစ်ပါတယ်။

၂၀၁၀ ရွေးကောက်ပွဲအပေါ် ပြည်သူလူထုက စိုးရိမ်ခဲ့ကြပေမယ့် လွတ်လပ်ပြီး တရားမျှတတဲ့ ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲတစ်ခုအဖြစ် အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ပါတယ်။ အနိုင်ရပါတီက အစိုးရဖွဲ့နိုင်ခဲ့ပြီး မြန်မာနိုင်ငံအနေနဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု ဖြစ်စဉ်သည် သွေးထွက်သံယိုမှုမရှိဘဲ သိမ်မွေ့ညင်သာခဲ့ပါတယ်။

အရပ်သားအစိုးရတက်လာပြီးနောက် ရွေးကောက်တင်မြှောက်ခံရသူ ပြည်သူ့ကိုယ်စားလှယ်တွေနဲ့ သက်ဆိုင်ရာလွတ်တော်တွေကို ဖွဲ့စည်းခဲ့ပြီး အုပ်ချုပ်ရေး၊ တရားစီရင်ရေးနဲ့ ဥပဒေပြုရေး မဏ္ဍိုင်တွေဟာ အပြန်အလှန်ထိန်းကျောင်းလို့ ခေတ်မီတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးလမ်းကြောင်းကို ဦးတည်လျှောက်လှမ်းနိုင်ခဲ့ပါတယ်။ သတင်းမီဒီယာတွေကိုလည်း စတုတ္ထ မဏ္ဍိုင်အဖြစ် အသိအမှတ်ပြုခဲ့ပြီး သတင်းလွတ်လပ်ခွင့်တွေ အတိုင်းအတာတစ်ခုအထိ တိုးတက်ရရှိလာခဲ့ပါတယ်။

ငါးနှစ်တာကာလ

ဒီမိုကရေစီစနစ်ကျင့်သုံးလာခဲ့တာ ငါးနှစ်တာကာလအတွင်း အထိုက်အလျောက် အောင်မြင်မှုတွေရရှိခဲ့ပြီး ဒီမိုကရေစီအုတ်မြစ်ခိုင်မာအောင် အရပ်သားအစိုးရက လုပ်ဆောင်ပေးနိုင်ခဲ့ပါတယ်။ ပြည်သူတွေကလည်း ဒီမိုကရေစီစနစ်နဲ့ အတန်အသင့် ကျင့်သားရရှိလာတာကို သတိပြုမိကြမှာ ဖြစ်ပါတယ်။

အရပ်သားအစိုးရ ငါးနှစ်တာကာလ သက်တမ်းပြည့်မြောက်ခဲ့ပြီး ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့မှာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ဒုတိယအကြိမ်အဖြစ် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တည်တည်ငြိမ်ငြိမ်၊ အကြမ်းဖက်မှုမရှိ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ကျင်းပနိုင်ခဲ့ပါတယ်။ အသက် ၁၈ နှစ်ပြည့်သူတိုင်း မဲပေးကြဖို့ အစိုးရ၊ တပ်မတော်နဲ့ နိုင်ငံရေးပါတီတွေက နှိုးဆော်ကြသလို ပြည်သူတစ်ရပ်လုံးကလည်း နိုင်ငံသားတစ်ယောက်ရဲ့ မဲပေးပိုင်ခွင့် မဆုံးရှုံးစေဖို့ စိတ်အားထက်သန်ခဲ့ကြပါတယ်။

၂၀၁၅ ခုနှစ်ရွေးကောက်ပွဲမှာ NLD အောင်နိုင်ရေးအတွက် ရုပ်ရှင်အနုပညာရှင်တွေ၊ လူသိများထင်ရှားတဲ့ Cele တွေ၊ မီဒီယာတွေက ထိပ်ဆုံးက ပါဝင်ခဲ့တယ်။ အားလုံး ဝိုင်းဝန်းပံ့ပိုးခဲ့ကြတဲ့အတိုင်းပါပဲ ရွေးကောက်ပွဲအနိုင်၊ အရှုံးလည်း ထွက်ပေါ်လာခဲ့ပြီး NLD ပါတီက အစိုးရဖွဲ့နိုင်ခဲ့ပါတယ်။

NLD ပါတီ အစိုးရလက်ထက်မှာ ကုန်စျေးနှုန်း၊ ရွှေစျေးနဲ့ ဒေါ်လာလဲလှယ်နှုန်း အဆမတန်မြင့်တက်နေတာ၊ စီးပွားရေးလုပ်ကိုင်ခွင့် ကျပ်တည်းတာ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ထင်သလောက်ခရီး မပေါက်တာ၊ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ ဖြစ်ပေါ်ခဲ့တဲ့ ပဋ္ဌိပက္ခတွေကြောင့် နိုင်ငံတကာကဝေဖန်ပြောဆိုတာ၊ အစိုးရအဖွဲ့ဝင်တွေရဲ့ စွမ်းဆောင်ရည် အားနည်းမှုတွေနဲ့ စကားကျွံမှုတွေကြောင့်လည်း ပြည်သူလူထုရဲ့ စိတ်ကျေနပ်မှုသည် မျှော်လင့်သလိုမဖြစ်ဘဲ သဲထဲရေသွန်ဖြစ်ခဲ့ရတာလည်း အားလုံးအသိပဲ ဖြစ်ပါတယ်။

NLD အစိုးရဟာ ငါးနှစ်တာသက်တမ်းကာလတစ်လျှောက် ခြေပေါ်အောင် မကစားနိုင်ခဲ့သလို ၂၀၂၀ ရွေးကောက်ပွဲမှာလည်း အငြင်းပွားမှုတွေ ဆက်တိုက်ဖြစ်ပေါ်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ နိုင်ငံရေးပါတီပေါင်း ၈၄ ပါတီ ရှိပါတယ်။ ကန့်ကွက်လွှာတင်သွင်းထားတဲ့ အမှုပေါင်း ၂၁၇ မှု ရှိပါတယ်။ နိုင်ငံရေးပါတီတွေအနေနဲ့ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး တရားမျှတမှုရှိစေဖို့၊ ဖြေရှင်းပေးဖို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ ရွေးကောက်ပွဲမတိုင်မီကတည်းက တောင်းဆိုမှုတွေ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပေမယ့် ဆောင်ရွက်ပေးခြင်း မရှိခဲ့ပါဘူး။

ရွေးကောက်ပွဲအလွန်ကာလ

ရွေးကောက်ပွဲအလွန်ကာလမှာလည်း မဲမသမာမှုတွေကြောင့် ပြစ်တင်ဝေဖန်မှုတွေ ထွက်ပေါ်ခဲ့ရပါတယ်။ နိုင်ငံတော်အာဏာကို အဓမ္မနည်းလမ်းသုံးပြီးရယူဖို့ ကြိုးပမ်းလုပ်ဆောင်မှုတွေနဲ့ အမျိုးဘာသာ သာသနာ ရေရှည်တည်တံ့စေဖို့အတွက် တပ်မတော်က နိုင်ငံတော်အာဏာကို အခြေခံဥပဒေအရ မလွဲမရှောင်သာ ထိန်းသိမ်းလိုက်ခြင်း ဖြစ်ပါတယ်။

တပ်မတော်အနေနဲ့ ပြည်သူက ရွေးချယ်ထားတဲ့ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို မည်သို့မျှ သွေဖည်မည်မဟုတ်ကြောင်း၊ မှန်မှန်ကန်ကန်သွားနိုင်ရန် ထိန်းကျောင်းပေးခြင်းသာ ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားတာကိုလည်း ဖတ်ရှုရပါတယ်။ ဒါ့အပြင် အရေးပေါ် ကာလပြီးဆုံးသွားပါက စည်းကမ်းပြည့်ဝပြီး အနှစ်သာရရှိတဲ့ ရွေးကောက်ပွဲကို ပြန်လည်ကျင်းပပေးသွားမှာဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်မှာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဟာ အသက်ဖြစ်လို့ မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးကြဖို့ တိုက်တွန်းလိုပါတယ်။

ဆန္ဒမဲပေးရာမှာလည်း နိုင်ငံသားစိစစ်ရေးကတ်ပြားရှိသူတွေသာ မဲပေးခွင့်ရရှိမည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူတွေကိုလည်း စိစစ်ရေးလက်မှတ် အမြန်ရရှိရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားထားတာကို တွေ့ရပါတယ်။

ဒါ့ကြောင့် **မဝေးတော့တဲ့အနာဂတ်မှာ** လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စိတ်ခံစားမှုထက်ပကတိ အချက်အလက်အမှန်တရားကို ရှေးရှုကာ ငြိမ်းငြိမ်းချမ်းချမ်း ညီညီညွတ်ညွတ် ချစ်ခင်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မဝေးတော့တဲ့အနာဂတ်မှာ လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စိတ်ခံစားမှုထက် ပကတိအချက်အလက်အမှန်တရားကို ရှေးရှုကာ ငြိမ်းငြိမ်းချမ်းချမ်း ညီညီညွတ်ညွတ် ချစ်ခင်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရ။

တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ လေးသိန်း နိုင်ဂျာနိုင်ငံ လက်ခံရရှိ

နီယားမေ မတ် ၂၂

တရုတ်အစိုးရက လျှုဒါန်းသည့် တရုတ်ဆေးဝါးကုမ္ပဏီ Sinopharm မှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ လေးသိန်းကို နိုင်ဂျာနိုင်ငံက ယမန်နေ့တွင် လက်ခံရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ ကာကွယ်ဆေးသည် နိုင်ဂျာနိုင်ငံ၏ ပထမဆုံး လက်ခံရရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဖြစ်လာခဲ့သည်။

အာဖရိကနိုင်ငံ အများအပြားသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကာကွယ်ဆေး ဖြန့်ဖြူးရေးအစီအစဉ် COVAX ၏ ကာကွယ်ဆေးထောက်ပံ့ပေးမှုကို အဓိကမှီခိုအားထားလျက်ရှိသည့်အတွက် ၎င်းတို့၏ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်သည် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်လျက်ရှိသည်။

တရုတ်နိုင်ငံသည် နိုင်ဂျာအပါအဝင် အခြားသောအာဖရိကနိုင်ငံများသို့လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ လျှုဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သမ္မတ မာဟာမာဒို အစ်ဆိုဖိုက တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ယမန်နေ့တွင် လက်ခံရရှိခဲ့သည်။ မြို့တော်နီယားမေ၌ ကျင်းပသည့် ကာကွယ်ဆေး လက်ခံရရှိသည့် အခမ်းအနားသို့ နိုင်ဂျာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး တက်ရောက်ခဲ့သည်။

နိုင်ငံအတွင်း ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို မတ် ၂၇ ရက်တွင် စတင်မည်ဖြစ်ကြောင်း သမ္မတ မာဟာမာဒို အစ်ဆိုဖိုက အဆိုပါအခမ်းအနားတွင် ပြောကြားခဲ့သည်။

လက်ရှိအချိန်အထိ နိုင်ဂျာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၉၁၁ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၁၈၅ ဦးရှိကြောင်း သိရသည်။

ကိုးကား- စီအင်အန်အေ
ဘာသာပြန်- အောင်ကျော်ကျော်

တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၀၀၀၀ ကျော်ရှိလာ

အစ္စတန်ဘူလ် မတ် ၂၂

တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၃၀၀၀၀ ကျော်ရှိလာခဲ့ပြီး ရောဂါကူးစက်ခံရသူပေါင်း သုံးသန်းကျော်အထိ မြင့်တက်လာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးရက်နိန်းဂဏန်းများအရ သိရသည်။

ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများ အနည်းငယ်ဖြေလျှော့ခဲ့ပြီးနောက် ရက်သတ္တပတ်အနည်းငယ်အကြာတွင် ဗိုင်းရပ်စ်ကူးစက်မှုနှင့် သေဆုံးမှုအရေအတွက်များ သိသိသာသာမြင့်တက်လာခဲ့ကြောင်း တွေ့ရှိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ဗိုင်းရပ်စ်ကူးစက်မှုကြောင့် ၁၀၂ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် သေဆုံးသူပေါင်း ၃၀၀၆၁ ဦးရှိလာခဲ့သည်။ အဆိုပါနေ့စဉ် သေဆုံးမှုအရေအတွက်သည် ဖေဖော်ဝါရီလ အစောပိုင်းမှစပြီး ရက်ပေါင်း ၁၀၀ အတွင်း အမြင့်မားဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၄၅၈ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၃၀၁၃၁၂ ဦး ရှိလာခဲ့သည်။

တူရကီနိုင်ငံ၌ မတ်လအစောပိုင်းတွင် နေ့စဉ် ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် ၁၀၀၀၀ အောက်ရောက်ရှိခဲ့သည့်အတွက် ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများကို အနည်းငယ်ဖြေလျှော့မှုများ လုပ်ဆောင်ခဲ့သည်။

ယင်းသို့ ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများ ဖြေလျှော့ခဲ့သည့်အချိန်မှစပြီး နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုအရေအတွက်များ မြင့်တက်လာခဲ့သည်။ သို့သော် ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများ ထပ်မံချမှတ်မည်မဟုတ်ပါကြောင်းနှင့် လက်ရှိချမှတ်ထားသည့် စည်းမျဉ်းများကို တိကျစွာလိုက်နာကြရန် သမ္မတ အာဒိုဂန်က ပြောကြားခဲ့သည်။

နိုင်ငံအတွင်း ရောဂါကူးစက်မှုနှုန်းများမြင့်တက်လာခြင်းသည် ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုကြောင့်ဖြစ်သည်ဟု ကျန်းမာရေးအာဏာပိုင်များက ဆိုသည်။

လူဦးရေ ၈၃ သန်းရှိသည့် တူရကီနိုင်ငံ၌ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်အထိ ပြည်သူ ၁၃ သန်းအား ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်သည်။ ယင်းတို့အနက် ၈ ဒသမ ၀၂ သန်းသည် ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ပြီး ၅ ဒသမ ၀၅ သန်းသည် ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံမှုခံယူပြီးဖြစ်သည်။

နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် တရုတ်ဆေးဝါးကုမ္ပဏီ Sinovac Biotech ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အသုံးပြုလျက်ရှိကြောင်း သိရသည်။

ကိုးကား- စီအင်အန်အေ
ဘာသာပြန်- အောင်ကျော်ကျော်

အလက်ပိုပြည်နယ်၌ ဆေးရုံတစ်ရုံ အမြောက်ဖြင့် ပစ်ခတ်ခံရ ကလေးငယ်တစ်ဦးအပါအဝင် ငါးဦးသေဆုံး

အန်ကာရာ မတ် ၂၂

ဆီးရီးယားပြည်တွင်း စစ်အတွင်း၌ အစိုးရဆန့်ကျင်ရေးတပ်ဖွဲ့များ၏ နောက်ဆုံးခြေကုပ်စခန်းဖြစ်သည့် နိုင်ငံအနောက်မြောက်ပိုင်းရှိ အလက်ပိုပြည်နယ်၌ မတ် ၂၂ ရက်တွင် ဆေးရုံတစ်ရုံအား အမြောက်ဖြင့် ပစ်ခတ်ခံခဲ့ရကြောင်း အင်နာ အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်က အစိုးရဆန့်ကျင်ရေးတပ်ဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် ကလေးငယ်တစ်ဦးအပါအဝင် ငါးဦးသေဆုံးပြီး အခြားလူ ၁၀ ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း တူရကီကာကွယ်ရေးဝန်ကြီးဌာနမှ မတ် ၂၂ ရက်တွင် ပြောကြားသည်။

တူရကီကာကွယ်ရေးဝန်ကြီးဌာနနှင့် တူရကီက ထောက်ပံ့အားပေးသည့် ဆီးရီးယားအစိုးရဆန့်ကျင်ရေးတပ်ဖွဲ့များက အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုအားရပ်ဆိုင်းရန် တောင်းဆိုခဲ့ကြသည်။

အလက်ပိုပြည်နယ်သည် ဆီးရီးယားအစိုးရအား ဆန့်ကျင်သည့် တပ်ဖွဲ့များ၏ နောက်ဆုံးခြေကုပ်စခန်းဖြစ်ပြီး လွန်ခဲ့သည့် တစ်နှစ်အတွင်းက ဆီးရီးယားသမ္မတအာဆတ်အား ထောက်ခံအားပေးသည့် ရုရှားနိုင်ငံက ဦးဆောင်သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုတစ်ရပ်အား ဆီးရီးယားသမ္မတ အာဆတ် အစိုးရနှင့် တူရကီနိုင်ငံတို့က သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။

အလက်ပိုရှိ ဆေးရုံတစ်ရုံအား ဆီးရီးယားအစိုးရ တပ်ဖွဲ့များက အမြောက်ဖြင့် ပစ်ခတ်ပြီးနောက်တွင် အိမ်နီးချင်း အီဒယစ်ပြည်နယ်တွင်းသို့လည်း ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ရာ လူခုနစ်ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း တူရကီကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား-အင်နာအိတ်ချ်ကေ
ဘာသာပြန်-ဇော်ဝင်း

အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၃၅၇ ဦး ထပ်မံတွေ့ရှိ

တီဟီရန် မတ် ၂၂

အီရန်နိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၃၅၇ ဦးထပ်မံတွေ့ရှိခဲ့သဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၀၈၄၂၂ ဦးရှိလာကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ဖ၁၈၇၇ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ဆီမာဆာဒတ်လာရီက နေ့စဉ်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ အီရန်နိုင်ငံ၌ ရောဂါဖြစ်ပွားရာမှ ကျန်းမာလာသူ ၁၅၄၉၆၄ ဦးရှိပြီး ၃၈ဖ၁ ဦးအား အထူးကြပ်မတ်ကုသဆောင်များတွင် ကုသမှုပေးနေကြောင်း သိရသည်။

ယခုအချိန်တွင် အီရန်နိုင်ငံ၏ မြို့ကြီး ၁၂ မြို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဆိုင်ရာအနီရောင်အဆင့် သတ်မှတ်ထားပြီး အခြား ၃၉ မြို့ကို လိမ္မော်ရောင်အဆင့်သတ်မှတ်ထားကြောင်း သိရသည်။ ၎င်းကိုရိုနာ ဗိုင်းရပ်စ်ကူးစက်မှုအနီရောင်အဆင့်နှင့် လိမ္မော်ရောင်အဆင့်ရှိမြို့ကြီးများအား နုစ်သစ်ကူးကာလအတွင်း ရောဂါကူးစက်မှုထိန်းချုပ်ရန်အတွက် ဝင်ထွက်သွားလာခွင့်ကို ပိတ်ပင်ထားကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

အာဖဂန်နစ္စတန်သမ္မတနှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီးတို့ အာဖဂန်နစ္စတန်ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

ကဘူးလ် မတ် ၂၂

အာဖဂန်နစ္စတန်သမ္မတ မိုဟာမက် အာရ်ရက်ဖ်ဂါနီနှင့် အလည်အပတ်ရောက်ရှိလျက်ရှိသည့် အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်တို့သည် အာဖဂန်နစ္စတန်အစိုးရနှင့် တာလီဘန်အဖွဲ့တို့အကြား ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်ပြီး ယမန်နေ့က မြို့တော်ကဘူးလ်ရှိ သမ္မတအိမ်တော်၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

အာဖဂန်နစ္စတန်သမ္မတ မိုဟာမက် အာရ်ရက်ဖ်ဂါနီနှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်တို့သည် အာဖဂန်နစ္စတန်နိုင်ငံအတွင်း လက်ရှိဖြစ်ပေါ်လျက်ရှိသည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များအပေါ် စိုးရိမ်ပူပန်မိပါကြောင်းနှင့် နိုင်ငံအတွင်း တရားမျှတမှုရှိသည့် ထာဝရငြိမ်းချမ်းရေး၏ ရလဒ်ကောင်းများ ရရှိစံစားနိုင်ရေးအတွက် လက်ရှိအခြေအနေများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သိရသည်။

နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုရှိပြီး ထာဝရငြိမ်းချမ်းရေး၏ အသီးအပွင့်များ ရရှိစံစားနိုင်ရန် အမေရိကန်အစိုးရအနေဖြင့် အာဖဂန်နစ္စတန်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန် အဆင်သင့်ဖြစ်လျက်ရှိပါကြောင်း ဝန်ကြီးလွိုက်အော်စတင်က ပြောကြားခဲ့သည်။

အလားတူ အာဖဂန်နစ္စတန် သမ္မတ ဂါနီကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး ကဏ္ဍအားလုံးတွင် သဘောတူညီမှုများရှိပါကြောင်းနှင့် အဆိုပါသဘောတူညီမှုများကို ကောင်းမွန်စွာအသုံးပြုပြီး ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **ကိုးကား – ဆင်ဟွာ**

ဘာသာပြန် – အောင်ကျော်ကျော်

Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆဋ္ဌမအသုတ် ဂျပန်နိုင်ငံ လက်ခံရရှိ

တိုကျို မတ် ၂၂

ဂျပန်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ကျန်းမာရေးဝန်ထမ်းများအား ပထမအဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးနေစဉ် အမေရိကန် Pfizer ဆေးဝါးကုမ္ဍဏီမှ တင်ပို့သော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆဋ္ဌမအသုတ်ကို ယနေ့ လက်ခံရရှိခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၆၅၄၆၁၅ လုံးသည် ဘယ်လ်ဂျီယံနိုင်ငံရှိ ကာကွယ်ဆေးစက်ရုံမှ ဂျပန်နိုင်ငံ တိုကျိုမြို့အနီးရှိ နာရီတာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ဂျပန်ဗဟိုအစိုးရသည် ယနေ့ရောက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ပြီးခဲ့သည့်သီတင်းပတ်က ဒေသန္တရအစိုးရများသို့ ရောက်ရှိခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများနှင့်အတူ ကျန်းမာရေးဝန်ထမ်း ၁၁၇၀၀၀ မှ ၂၉၂၅၀၀ အထိ အသီးသီးထိုးနှံပေးရန် စီစဉ်ထားသည်။

လက်ရှိအချိန်တွင် ဂျပန်အစိုးရသည်၎င်း၏ ကျန်းမာရေးဝန်ထမ်း ၄ ဒသမ ၈ သန်းခန့်ကို လက်ခံရရှိထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများဖြင့် ဦးစားပေးထိုးနှံပေးလျက်ရှိသည်။ ထို့အပြင် လူဦးရေ ၃၆ သန်းခန့်ရှိသည့် အသက် ၆၅ နှစ်နှင့်အထက်ရှိ ကျန်ပြည်သူများကို ဧပြီ ၁၂ ရက်မှ စတင်ထိုးနှံပေးရန် စီစဉ်ထားသည်။ ထို့နောက် ဆီးချိုရောဂါနှင့် စိတ်ပိုင်းဆိုင်ရာ ရောဂါကဲ့သို့သော နာတာရှည်ရောဂါခံစားသူများကိုလည်း ဆက်လက်ထိုးနှံပေးရန် စီစဉ်ထားသည်။

ဂျပန်နိုင်ငံသည် အမေရိကန်နှင့် ဂျာမနီဆေးဝါးကုမ္ဍဏီက ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်သုံးစွဲရန် ဖေဖော်ဝါရီလက စတင်အတည်ပြုခဲ့ပြီး ထိုအချိန်မှစ၍ လက်ရှိအချိန်အထိ ပြည်သူ ၅၅၃၄၅ ခန့်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခဲ့သည်။

ထို့အပြင် ဗြိတိန်ဆေးဝါးကုမ္ဍဏီသည်၎င်းထုတ်လုပ်သော AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဂျပန်နိုင်ငံ၌အရေးပေါ်သုံးစွဲရန် ဖေဖော်ဝါရီလအစောပိုင်းက လျှောက်ထားသလို အမေရိကန်ဆေးဝါးကုမ္ဍဏီ Moderna ကလည်း ၎င်း၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဂျပန်၌ အတည်ပြုရန် ယခုလအစောပိုင်းတွင် လျှောက်ထားကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ်ဆူဂါသည် ၂၀၂၁ ခုနှစ် ပထမနှစ်ဝက်တွင် ဂျပန်နိုင်ငံ၏ လူဦးရေ ၁၂၆ သန်းခန့်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လုံလုံလောက်လောက်ရရှိရန် ကတိကဝတ်ပြုထားသည်။

ကိုးကား – ကျိုဒိုနယူးစ်

ဘာသာပြန် – ဂျေတီ

AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးက သက်ကြီးရွယ်အိုများအတွက် ရောဂါခုခံနိုင်စွမ်း ၈၀ ရာခိုင်နှုန်းရှိ

ဝါရှင်တန် မတ် ၂၂

AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် သက်ကြီးရွယ်အိုများအတွက် ရောဂါခုခံနိုင်စွမ်း ၈၀ ရာခိုင်နှုန်းရှိပြီး သွေးခဲသည့် ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်ခြင်းမရှိကြောင်း ဗြိတိန် ဆေးဝါးကုမ္ဍဏီ AstraZeneca က ယနေ့ ပြောကြားခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အမေရိကန်နိုင်ငံ၌ သုံးကြိမ်မြောက် လက်တွေ့စမ်းသပ်မှု ပြုလုပ်ခဲ့ပြီးနောက် AstraZeneca ဆေးဝါးကုမ္ဍဏီက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် သာမန်ရောဂါလက္ခဏာခံစားရမှုအပေါ် ၇၉ ရာခိုင်နှုန်း ခုခံနိုင်စွမ်းရှိပြီး ပြင်းထန်သောရောဂါလက္ခဏာများတွင် ၁၀၀ ရာခိုင်နှုန်း ခုခံနိုင်စွမ်းရှိသည်ကို တွေ့ရှိရကြောင်း AstraZeneca ဆေးဝါးကုမ္ဍဏီက ပြောကြားခဲ့သည်။

ယခင်လက်တွေ့စမ်းသပ်မှုများတွင် သက်ကြီးရွယ်အိုများအတွက် ရောဂါခုခံနိုင်စွမ်းနှင့်ပတ်သက်ပြီး ရလဒ်ထွက်ပေါ်မှုနည်းပါးခြင်းကြောင့် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို သက်ကြီးရွယ်အိုများအား ထိုးနှံပေးခြင်း မပြုရန် ကမ္ဘာ့နိုင်ငံအများအပြားက အကြံပြုပြောကြားခဲ့သည်။ ယခုလ အစောပိုင်းတွင် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူပြီးနောက် သွေးခဲမှုဆိုင်ရာ ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်လာခြင်းကြောင့် နိုင်ငံအများအပြားတွင် အဆိုပါကာကွယ်ဆေးအသုံးပြုမှုကို ရပ်ဆိုင်းခဲ့သည်။

ယခုပြုလုပ်ခဲ့သည့် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၏ တတိယအကြိမ်မြောက် လက်တွေ့စမ်းသပ်မှုတွင် ပြည်သူ ၃၂၄၄၉ ဦး ပါဝင်ခဲ့ကြောင်း AstraZeneca ဆေးဝါးကုမ္ဍဏီ၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ လက်တွေ့စမ်းသပ်မှုတွင် ပါဝင်ခဲ့သည့် ပြည်သူများအနက် ၂၀ ရာခိုင်နှုန်းသည် အသက် ၆၅ နှစ်နှင့်အထက် အရွယ်များဖြစ်ပြီး ၆၀ ရာခိုင်နှုန်းသည် သွေးတိုး၊ ဆီးချိုရောဂါကဲ့သို့သော ကိုဗစ်-၁၉ရောဂါဆိုင်ရာပြင်းထန်သောလက္ခဏာများ ခံစားနေသူများဖြစ်ကြောင်း သိရသည်။

ဥရောပဆေးဝါးဆိုင်ရာအေဂျင်စီက AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် ဘေးကင်းလုံခြုံမှုရှိပြီး သွေးခဲမှုဆိုင်ရာ ကျန်းမာရေးပြဿနာများ ခံစားရခြင်းမရှိကြောင်း မတ် ၁၈ ရက်တွင် ကြေညာခဲ့ပြီးနောက် ဥရောပနိုင်ငံအချို့က အဆိုပါ ကာကွယ်ဆေးကို ပြန်လည် အသုံးပြုလာခဲ့ကြောင်း သိရသည်။

AstraZeneca ဆေးဝါးကုမ္ဍဏီကလည်း ယခုလက်တွေ့စမ်းသပ်မှု၏ ရလဒ်များကို အမေရိကန် အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဌာနသို့ တင်သွင်းပြီး အမေရကန်နိုင်ငံအတွင်း အရေးပေါ်သုံးစွဲခွင့်ပြုရန် လျှောက်ထားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရလဒ်များအရ ပထမအကြိမ်ကာကွယ်ဆေးထိုးနှံမှုခံယူပြီးနောက် ၂၈ ရက်အကြာတွင် ဒုတိယအကြိမ်ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းသည် ဆေး၏ရောဂါခုခံနိုင်စွမ်းကို ပိုမိုထိရောက်မှုရှိကြောင်း တွေ့ရှိရသည်။

ယခင်လက်တွေ့စမ်းသပ်မှုများတွင် ပထမအကြိမ်နှင့် ဒုတိယအကြိမ်အကြား ၄၈ ရက်ခြားပြီး ကာကွယ်ဆေးထိုးနှံခြင်းသည် ဆေး၏အာနိသင်ကို ပိုမိုထိရောက်မှုရှိကြောင်း ပြသခဲ့သည်။

ကိုးကား– စီအင်နဲ့အေ

ဘာသာပြန်– အောင်ကျော်ကျော်

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၀၁၉ ဦး ထပ်မံတွေ့ရှိ

မနီလာ မတ် ၂၂

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၈၀၁၉ ဦးကို ယနေ့ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၇၁၇၉၂ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက် ၈၀၀၀ ကျော်ရှိလာခဲ့သည်မှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၂၉၇၂ ဦးရှိပြီး ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၅၇၇၈၅၀ ရှိကြောင်း သိရသည်။ မက်ထရိုမနီလာဒေသတွင် ဗြိတိန်နှင့် တောင်အာဖရိကအမျိုးအစား ဗီဇပြောင်းကိုရိုနာ ဗိုင်းရပ်စ် ကူးစက်ခံရမှုများမြင့်တက်နေကြောင်း ကျန်းမာရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မာရီယာရိုဆာရီယိုဗာဂျရီက အွန်လိုင်းမှပြုလုပ်သော မီဒီယာရှင်းလင်းပွဲတွင် ယနေ့ ပြောကြားသည်။

ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများမြင့်တက်နေသည်မှာ မှန်ကန်ကြောင်း ၎င်းကပြောကြားသည်။ နိုင်ငံအတွင်း ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်များယခင်ကတည်းက ဖြစ်ပွားခဲ့ကြောင်း အတည်ပြုနိုင်ရန်အတွက် ကျန်းမာရေးတာဝန်ရှိသူများက ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

နိုင်ငံအတွင်း ဗြိတိန်ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၂၃ ဦး၊ တောင်အာဖရိက ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၅၂ ဦး၊ ဘရာဇီးဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ တစ်ဦးရှိကြောင်း သိရသည်။ အဆိုပါ ဗိုင်းရပ်စ်ပိုးများ၏ သဘောသဘာဝနှင့် နိုင်ငံသားများ၏ ကျန်းမာရေးဆိုင်ရာစည်းမျဉ်းများ မလိုက်နာဘဲ ပေါ့လျော့စွာနေထိုင်မှုကြောင့် မက်ထရိုမနီလာဒေသတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး လီယိုပိုဒိုဗီဂါက ပြောကြားသည်။ မက်ထရိုမနီလာဒေသနှင့် အနီးဝန်းကျင်ဒေသ လေးခုတွင် ကျန်းမာရေးစည်းမျဉ်းများကို သီတင်းနှစ်ပတ်ကြာ တင်းကျပ်လိုက်ခြင်းဖြင့် ရောဂါဖြစ်ပွားမှုများကို လျှော့ချနိုင်မည်ဟု မျှော်လင့်ကြောင်း ၎င်းကပြောကြားသည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

ပါလက်စတိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ် စတင်

ရာမာလာ မတ် ၂၂

ပါလက်စတိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုအစီအစဉ် ယမန်နေ့က စတင်ခဲ့ကြောင်း သိရသည်။

ပါလက်စတိုင်းဝန်ကြီးချုပ် မိုဟာမက် အီတာယီက ကာကွယ်ဆေးပထမဆုံးထိုးနှံမှုခံယူကာ အဆိုပါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို စတင်ခဲ့သည်။

နိုင်ငံအတွင်း ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဦးစားပေးထိုးနှံ ပေးသွားမည်မဟုတ်ကြောင်း ပါလက်စတိုင်းဝန်ကြီးချုပ် မိုဟာမက် အီတာယီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်အတွက် တရုတ်နိုင်ငံမှ ထောက်ပံ့ပေးပို့သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၀၀၀၀၀ အပါအဝင် နောက်ထပ်ကာကွယ်ဆေးများ ဝယ်ယူသွားရန် စီစဉ်ထားပါကြောင်း ဝန်ကြီးချုပ် မိုဟာမက် အီတာယီက ဆိုသည်။

မတ် ၁၇ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကာကွယ်ဆေးဖြန့်ဖြူးပေးရေးအစီအစဉ် COVAX အရ ကာကွယ်ဆေးအလုံးရေ ၆၂၀၀၀ ကို ပထမအသုတ်အဖြစ် လက်ခံရရှိခဲ့သည်။ အဆိုပါ ကာကွယ်ဆေးများတွင် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၄၀၀၀ နှင့် အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဗြိတိန်ဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၃၈၀၀၀ တို့ပါဝင်ကြောင်း သိရသည်။ လွန်ခဲ့သော ၂၄ နာရီအတွင်း ပါလက်စတိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ

ကူးစက်ခံရသူ ၂၂၄၇ ဦး ထပ်မံတွေ့ရှိခဲ့ပြီး အဆိုပါ ရောဂါကြောင့် သေဆုံးသူ ၂၁ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနကဆိုသည်။

လက်ရှိအချိန်အထိ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၂၃၆၃၈ ရှိပြီး သေဆုံးသူပေါင်း ၂၄၂၇ ဦးရှိကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်

တောင်ကိုရီးယားနိုင်ငံ၌ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၃၆ ဦး ထပ်မံတွေ့ရှိ

ဆိုးလ် မတ် ၂၂

တောင်ကိုရီးယားနိုင်ငံ၌ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၆ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၄၉ ဦး ရှိလာခဲ့ကြောင်း ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများက ယနေ့ပြောကြားသည်။

ၔင်းဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် ၂၆ ဦးမှာ ပြည်တွင်းတွင် ကူးစက်ခံရသူများဖြစ်ပြီး ၁၀ ဦးမှာ ပြည်ပမှ ကူးစက်လာသူများဖြစ်ကြောင်း ရောဂါပိုးမွှားထိန်းချုပ်ရေးဌာနက ပြောကြားသည်။ ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူများတွင် ဗြိတိန်ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၁၁ ဦး၊ တောင်အာဖရိက ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၀ နှင့် ဘရာဇီးဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ရှစ်ဦးရှိကြောင်း သိရသည်။ တောင်ကိုရီးယားနိုင်ငံအနေဖြင့် ဗြိတိန်မှလာသော လေကြောင်းခရီးစဉ်များအား ယမန်နှစ် ဒီဇင်ဘာလ ၂၃ ရက်မှစတင်ပြီး ပိတ်ပင်ခဲ့သည်။

ပြည်ပနိုင်ငံများမှ လာရောက်သော ခရီးသည်များအနေဖြင့် တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ နှစ်ကြိမ်စစ်ဆေးမှုခံယူရမည်ဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံသို့ မလာရောက်မီ ၇၂ နာရီအတွင်း ကိုဗစ်-၁၉ ကင်းရှင်းကြောင်း ဆေးလက်မှတ်ကို ပြသရမည်ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၉၀၇၅ ဦးရှိသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

ဂျပန်နိုင်ငံ၌ မိခင်မှတစ်ဆင့် မွေးကင်းစကလေးငယ်အား ကိုဗစ်-၁၉ ရောဂါကူးစက်မှုဖြစ်ပွား

တိုကျို မတ် ၂၂

ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရသည့် မွေးကင်းစကလေးငယ်တစ်ဦးအား စစ်ဆေးတွေ့ရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါမွေးကင်းစကလေးငယ်သည် ၎င်း၏မိခင်ထံမှတစ်ဆင့် ပြန်လည် ကူးစက်ခြင်းဖြစ်ကြောင်း ဂျပန်သုတေသီများက ယနေ့ပြောကြားခဲ့သည်။

ဂျပန်သုတေသီအဖွဲ့တစ်ဖွဲ့က ဂျပန်နိုင်ငံတစ်ဝန်းရှိ ကျန်းမာရေးစောင့်ရှောက်မှု စင်တာ ၁၁၂၄ ခု၌ မွေးကင်းစကလေးငယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရခြင်း ရှိ၊ မရှိ စစ်တမ်းတစ်ရပ် ကောက်ယူခဲ့သည်။

လွန်ခဲ့သည့်နှစ် ဩဂုတ်လနှောင်းပိုင်းအထိ ကောက်ယူခဲ့သော စစ်တမ်းအရ ကျန်းမာရေးစောင့်ရှောက်မှုစင်တာ ၃၁ ခု၌ မွေးကင်းစကလေးငယ် ၅၂ ဦး၏ မိခင်များတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရကြောင်း တွေ့ရှိရသည်။

ယင်းမွေးကင်းစကလေးငယ် ၅၂ ဦးအနက် တစ်ဦးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ သို့သော် အဆိုပါကလေးငယ်သည် ပြင်းထန်သော ရောဂါလက္ခဏာများ ခံစားရခြင်းမရှိကြောင်း သိရသည်။

မိခင်မှတစ်ဆင့် မွေးကင်းစကလေးငယ်များအား ရောဂါတစ်ဆင့် ကူးစက်မှုဖြစ်ပွားသည့် အစီရင်ခံစာများ အချို့သောကမ္ဘာ့နိုင်ငံများတွင် ထွက်ပေါ်လာကြောင်း ဂျပန်သုတေသီအဖွဲ့က ဆိုသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရသည့် မိခင်မှ တစ်ဆင့် ၎င်း၏ မွေးကင်းစကလေးငယ်များအား ရောဂါတစ်ဆင့်ပြန်လည်ကူးစက်နိုင်မှုပမာဏသည် အလွန်နည်းပါးကြောင်းနှင့် ရောဂါကူးစက်ခံ မွေးကင်းစ ကလေးငယ်သည်လည်း ရောဂါလက္ခဏာများ ပြင်းထန်စွာ ခံစားရခြင်းမရှိကြောင်း ဂျပန်သုတေသီအဖွဲ့ ခေါင်းဆောင် နီဟွန်ဆေးတက္ကသိုလ်မှ ပါမောက္ခ မိုရီယိုကာ အီချိရိုက ပြောကြားခဲ့သည်။ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ၎င်းတို့၏ ရင်သွေးများအား ရောဂါတစ်ဆင့် ပြန်လည်ကူးစက်နိုင်သည့်အပေါ် စိုးရိမ်ပူပန်မှုများ မရှိသင့်ကြောင်းနှင့် ချမှတ်ထားသော ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများကို တိကျစွာလိုက်နာကြရန် ပါမောက္ခ မိုရီယိုကာအီချိရိုက ပြောကြားခဲ့သည်။

ကိုးကား- အင်နန်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၁၂၃၉၄၇၈၁၄ ဦး
သေဆုံးသူ ၂၇၂၉၁၈၁ ဦး
ပြန်လည်ကျန်းမာလာသူ ၉၉၈၆၇၈၃၆ ဦး

ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် စတုတ္ထမြောက် သေဆုံးသူတွေ့ရှိ

ဖနောင်ပင် မတ် ၂၂

ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူတစ်ဦး ယနေ့ ထပ်မံသေဆုံးသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ လေးဦးရှိလာခဲ့ကြောင်း သိရသည်။

ယခုသေဆုံးသွားသောလူနာမှာ ဖနောင်ပင်မြို့ ဖိုဆန်ချေခရိုင်တွင် နေထိုင်သော အသက် ၇၅ နှစ်အရွယ်ရှိ အငြိမ်းစားဆရာဝန်တစ်ဦးဖြစ်ကြောင်း သိရသည်။ ၎င်းတွင် သွေးတိုးရောဂါအခံရှိပြီး ယမန်နေ့က ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ စစ်ဆေးရာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည်ကို တွေ့ရှိခဲ့ရသည်။ ၎င်းလူနာသည် ဆေးရုံသို့ ကိုဗစ်-၁၉ရောဂါ ရှိ မရှိ လာရောက်အစစ်ဆေးမခံမီ လေးရက်အလိုတွင် အသက်ရှူရခက်ခဲသော ရောဂါလက္ခဏာများကို ခံစားခဲ့ရကြောင်း သိရသည်။

၎င်းအား ဆေးရုံတွင် အသက်ရှူအထောက်အကူပြုကိရိယာဖြင့် ကုသပေးနေစဉ်တွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ၎င်းလူနာ၏ အဆုတ်များပျက်စီးပြီး သေဆုံးသွားခဲ့ခြင်း ဖြစ်ကြောင်း ဆရာဝန်များက မှတ်ချက်ပြုခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် မတ် ၁၁ ရက်တွင် ပထမဆုံးသေဆုံးသူလူနာမှာ အသက် ၅၀ အရွယ်ရှိ အမျိုးသားတစ်ဦးဖြစ်ပြီး ဒုတိယသေဆုံးသူမှာ အသက် ၆၂ နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးနှင့် တတိယ သေဆုံးသူမှာ ၄၆ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၁၇၅၃ ဦး ရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဟောင်း သူရဦးအောင်ကိုအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် ထပ်မံအမှုဖွင့်အရေးယူ

နေပြည်တော် မတ် ၂၂

သူရဦးအောင်ကိုသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တာဝန်ထမ်းဆောင်စဉ် နိုင်ငံတော်မှ လူပုဂ္ဂိုလ်များသို့ သာသနာ့နုဂ္ဂဟာဘွဲ့တံဆိပ် နှစ်စဉ် ချီးမြှင့်ပေးအပ်ခြင်းနှင့်ပတ်သက်၍ ငွေကြေးနှင့်ပစ္စည်းများ လက်ခံရယူခဲ့သည့်အပေါ် အရေးယူပေးပါရန် တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးကာ စစ်ဆေးပေါ်ပေါက်ချက်များအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ ဖြင့် အမှု သုံးမှုဖွင့်ကာ တရားစွဲဆို အရေးယူဆောင်ရွက်ခဲ့သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ထပ်မံစစ်ဆေးတွေ့ရှိချက်အရ သူရဦးအောင်ကိုသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့စဉ်က ငွေကျပ်သိန်း ၂၅၀ ကျော် တန်ဖိုးရှိသည့် အလေးချိန် ၂၀ ကျပ်သားခန့်ရှိသော ရွှေပန်းကန်တစ်ချပ်ကို ကျသင့်တန်ဖိုးပေးချေခြင်းမရှိဘဲ လက်ခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သူရဦးအောင်ကိုအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ နေပြည်တော်သက်ဆိုင်ရာရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေးတိုင်ကြားချက် ဖွင့်လှစ်၍ ထပ်မံတရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

သတင်းစဉ်

ပုသိမ်ကြီး၊ မိုးမိတ်နှင့် မိုင်းဆတ်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂၂

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၁ ရက် နံနက် ၆ နာရီတွင် ပုသိမ်ကြီးမြို့နယ် ကျောက်ချောကျေးရွာ ၁၆ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် Toyota Corolla Fielder ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်တွင်လိုက်ပါလာသည့် ခရီးသည် မတင်တင်ခိုင်(ခ) ခတီကြာဖိထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ သိမ်းဆည်းရမိခဲ့ပြီး အလားတူ ယင်းနေ့ ၁၁ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် မန္တလေး-လားရှိုးသွားကားလမ်း အုန်းချောကျေးရွာအနီးတွင် အောင်အောင်မောင်းနှင်ပြီး ကိုကိုအောင် (ခ) ဆံရှည်နှင့် နော်ဆန်(ခ)မနော်တို့ လိုက်ပါလာသည့် Toyota Corolla မော်တော်ယာဉ်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၃၀ ကိုလည်းကောင်း။

ထို့အတူ မတ် ၂၁ ရက် ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် မိုးမိတ်-မန်တုံသွားကားလမ်း ကျောက်တောင်ကျေးရွာအနီးတွင် စိုင်းသိန်းလှပြည့် မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ဆိုင်ကယ်ပေါ်တွင် တင်ဆောင်လာသည့် ဆာလာအိတ်အတွင်းမှ ငွေကျပ် ၁၀၃၉ ဒသမ ၅ သိန်းတန်ဖိုးရှိ ဘိန်းဖြူ ၆ ဒသမ ၉၃ ကီလိုကို လည်းကောင်း။

အလားတူ မတ် ၂၁ ရက် နံနက် ၇ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် မယ်ဆွမ်တောင်ကျေးရွာအုပ်စု စုတ်ကြမ်းကျေးရွာရှိ မဗူးအယ်၏နေအိမ်သို့ ဝင်ရောက်စစ်ဆေးရာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၂၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်၌ အများပြည်သူသုံးလမ်းမကြီးပေါ်တွင် ကားဟွန်းသံရှည်တီးကာ လက်သုံးချောင်းထောင်၍ ဆူပူဆန္ဒပြသူကို ဖမ်းဆီးအရေးယူ

နေပြည်တော် မတ် ၂၂

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်၌ အများပြည်သူသုံးလမ်းမကြီးပေါ်တွင် ကားဟွန်းသံရှည်တီးကာ လက်သုံးချောင်းထောင်၍ ဆူပူဆန္ဒပြသူကို ဖမ်းဆီးအရေးယူခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်း သတင်းထုတ်ပြန်ချက်အရရန်ကုန်တိုင်းဒေသကြီးအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက်လုပ်ရပ်များကို အချိန်နှင့်တစ်ပြေးညီ ကြီးကြပ်ထိန်းသိမ်းနိုင်ရေးတို့အတွက် လှည့်ကင်းယာဉ်များဖြင့် နေ့/ညမပြတ် လုံခြုံရေးတာဝန်များ ဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်၌ လသာမြို့နယ် ရွှေတိဂုံဘုရားလမ်းနှင့် အနော်ရထားလမ်း ထောင့်တွင် မြင့်မြတ်သူရလှိုင် (၂၃)နှစ် (ဘ) ဦးဇော်ဝင်းလှိုင်သည် ယာဉ်အမှတ် YGN 3G-8618 Hijet ယာဉ်ကို အများပြည်သူလူထု အနှောင့်အယှက်ဖြစ်စေရန် ဟွန်းသံရှည်တီးကာ လက်သုံးချောင်းထောင်၍ မောင်းနှင်ဆူပူဆန္ဒပြနေသည်ကို တွေ့ရှိရသဖြင့် ရဲစခန်းသို့ခေါ်ဆောင်ကာ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ထိခိုက်စေသည့် တရားဥပဒေမဲ့ လုပ်ရပ်များကို အချိန်မီထိန်းသိမ်းနိုင်ရေး ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

လျှပ်စစ်ပန်ကာ အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

နေပြည်တော် မတ် ၂၂

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဇီးခုံကျေးရွာအုပ်စု ကရင်ကျေးရွာနေ ဦးဌေးလွင်၏ နေအိမ်၌ မတ် ၁၈ ရက် မွန်းလွဲပိုင်းတွင် လူမရှိဘဲ လျှပ်စစ်ပန်ကာအား အချိန်ကြာမြင့်စွာ ဖွင့်ထားခဲ့ရာမှ အပူလွန်ကဲ၍ အနီးရှိထရံသို့ မီးကူးစက်မှုဖြစ်ပွားခဲ့ရာ ဖြူးမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ မီးသတ်ရေသယ်ယာဉ် နှစ်စီး၊ သန္ဓေတပ်ဖွဲ့ဝင် ၂၀ ဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း၊ တစ်ထပ်နေအိမ် နှစ်လုံး၊ နှစ်ထပ်နေအိမ် တစ်လုံးတို့ မီးလောင်ဆုံးရှုံးခဲ့ပြီး မီးစတင်လောင်ကျွမ်းခဲ့သည့် အိမ်ပိုင်ရှင် ဦးဌေးလွင်ကို ဖြူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ သိရသည်။

အောင်မျိုး

နိုင်ငံရေးသင်ခန်းစာ

ရွာသားဖိုးမောင်

"စစ်ဆိုသည်မှာ နိုင်ငံတော်အတွက် သေရေးရှင်ရေးတမျှ အရေးကြီးလှသော ကိစ္စတစ်ရပ်ဖြစ်သည်။ စစ်သည်ပြည်သူလူထု၏အသက်ရှင်ရေးနှင့်လည်းကောင်း၊ သေကျေပျက်စီးရေးနှင့်လည်းကောင်း သက်ဆိုင်လျက်ရှိရုံမက နိုင်ငံတော်တည်တံ့ခိုင်မြဲရေးကိုလည်းကောင်း၊ ပျက်သုဉ်းရေးကိုလည်းကောင်း ဖြစ်ပေါ်စေနိုင်သည်"

ဆွန်ဇု(ဘီစီ ၄၀၀ ခန့်)

တိုင်းပြည်ရေးရာ

တိုင်းပြည်တစ်ပြည် ရှင်သန်ရပ်တည်ဖို့ရာသူ့မှာ အုပ်ချုပ်သူ မင်းအစိုးရရှိရမယ်၊ ပြည်သူတွေရှိရမယ်၊ ပိုင်နက်နယ်မြေ နယ်နိမိတ်ရှိရမယ်၊ အုပ်ချုပ်တဲ့စနစ်ရှိရမယ်။ မင်းအာဏာတည်ဖို့ရယ်၊ ပြည်သူတွေကို ဘေးရန်အမျိုးမျိုးမှ အချိန်ပြည့် လုံခြုံအောင် ကာကွယ်ဖို့ရယ်၊ အိမ်နီးချင်းနိုင်ငံတွေနဲ့ သူ့မြေကိုယ့်မြေ၊ သူ့ရေကိုယ့်ရေ တိတိကျကျ ပိုင်ခြားသတ်မှတ်ထားတဲ့ နယ်မြေကို ကျူးကျော်သိမ်းပိုက် ဝင်ရောက်နေထိုင်ရောနှောမှုမရှိစေရေးတားဆီးဖို့ရယ်၊ လက်နက်ကိုင်အဖွဲ့အစည်းတပ်မတော်ဆိုတာလည်း ရှိရပါတယ်။ ဒါမှသာ နိုင်ငံဟာ ရေရှည်ရှင်သန်ပါမယ်။

(၁) အာဏာပိုင်အစိုးရ၊
(၂) ပြည်သူပြည်သားများ၊
(၃) နယ်မြေပိုင်နက်၊
(၄) ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းဥပဒေ၊ စနစ်၊
(၅) တပ်မတော်။

ဒါတွေဟာ တိုင်းပြည်နိုင်ငံများရဲ့ အင်္ဂါလက္ခဏာ၊ သမိုင်းအစဉ်အဆက်ရှိခဲ့ကြတဲ့ သဘောတွေကို ယေဘုယျပြောတာပါ။ အစိုးရဆိုတာလည်း မင်းအဆက်ဆက် လက်ထက်အမျိုးမျိုးမှာ အတက်အကျ ရှိခဲ့ကြတာပဲပေါ့။

ရှေးကမြန်မာ

မြန်မာလူမျိုး မြန်မာနိုင်ငံက တကောင်းခေတ်၊ သရေခေတ္တရာခေတ်၊ ဟန်လင်းခေတ်စတဲ့ ရှင်ဘုရင်များ ထီးနဲ့နန်းနဲ့ စနစ်တကျ အုပ်ချုပ်ထူထောင်နေတဲ့အချိန်မှာ ဥရောပတို့ အင်္ဂလန်တို့မှာ နိုင်ငံတည်ဆောက်ဖို့ မဆိုထားနဲ့ မြို့စား၊ နယ်စားတောင်မစုဖွဲ့ မအုပ်ချုပ်တတ်ကြသေးပါဘူး။ ဒါတွေဟာ အတိတ်သမိုင်းမှာ အထင်အရှားတွေပါ။ အပိုစကားလည်း မဟုတ်ပါဘူး၊ ကြွားဝါတာလည်း မဟုတ်ပါဘူး။ ဥရောပမှာ စက်မှုတော်လှန်ရေးတွေ ဖြစ်ပေါ်၊ ကုန်ထုတ်လုပ်မှုတွေက တစ်ဟုန်ထိုး တိုးတက်ဖွံ့ဖြိုးပြီး စက်ရုံအလုပ်ရုံကြီးတွေ၊ ကုန်သွယ်ရောင်းဝယ်မှု ကျယ်ပြန့်တာတွေ၊ ကြည်းကြောင်းဆိုင်ရာ ခြေလျင်တပ်သာမက ရေကြောင်းဆိုင်ရာ လှေတပ်၊ သင်္ဘောတပ်တွေ အားကောင်းလာတော့ ကုန်ကြမ်းတွေရှာဖို့ ကုန်ချောတွေ ရောင်းချဖို့ အာရှ၊ အာဖရိက၊ လက်တင်အမေရိကကို မျက်နှာဖြူတွေ ခြေဆန့်ခဲ့ကြပါတယ်။

လက်နက်အင်အား၊ စီးပွားအင်အားပိုမိုကြီးမားသာလွန်တော့ အရှေ့တောင်အာရှ ပဒေသရာဇီဘုရင်တွေရဲ့ ပိုက်နက်နိုင်ငံတွေဟာ ဒတ်ချ်၊ ပေါ်တူဂီ၊ စပိန်၊ ပြင်သစ်၊ အင်္ဂလိပ်တို့ရဲ့ လက်အောက်ခံဘဝသိမ်းပိုက်ခံခဲ့ကြရတယ်။ ဓနရှင်စနစ်နဲ့ ကိုလိုနီနယ်ချဲ့တို့ရဲ့ ဖိနှိပ်သွေးစုပ်အုပ်ချုပ်မှုအောက် အားလုံးလိုလိုကျရောက်ခဲ့ကြရပါတယ်။ စက်မှုတော်လှန်ရေးနဲ့အတူ နယ်ချဲ့ဝါဒလွှမ်းမိုးမှုကလည်း ကျယ်ပြန့်လာခဲ့ပါတယ်။

အင်အားမမျှ

ကုန်းဘောင်ခေတ်လောက်မှာ အိန္ဒိယကို ခြေချထားတဲ့ အရှေ့အိန္ဒိယကုမ္ပဏီကတစ်ဆင့် ဗြိတိသျှ နယ်ချဲ့ဟာ မြန်မာပြည်ကို ၁၈၂၄ ခုနှစ်မှာ တစ်ကြိမ် (မြန်မာက နှစ်နှစ်ကြာ ခုခံတွန်းလှန်ပေမယ့် အာသံမဏိပူရ၊ ရခိုင်နဲ့ တနင်္သာရီနယ်များ လက်လွှတ်ဆုံးရှုံးလိုက်ရ)၊ ၁၈၅၂ ခုနှစ်မှာ ဒုတိယအကြိမ် စစ်ရေးအရ စစ်ပွဲဆင်နွှဲမှုကို ကာကွယ်ခဲ့သော်လည်း (မြန်မာပြည်အောက်ပိုင်းဒေသ အောင်လံ၊ ပျဉ်းမနားလောက်ထိ ရှစ်လကြာစစ်ပွဲမှာ) မြန်မာတို့ ရှုံးခဲ့ကြရတယ်။ နိုင်ငံရေးအသိအမြင် မရှိခဲ့ကြတဲ့အတွက် ယခုလို ဆုံးရှုံးခဲ့ရခြင်းဖြစ်ပါတယ်။

ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုတို့ကို ထိုအချိန်က ပြင်သစ်ကိုလိုနီက သိမ်းယူထားပြီးပါပြီ။ ဟန္ဒိုင်းနဲ့ ရတနာပုံမန္တလေးနေပြည်တော်၊ အရှေ့အနောက်ရထားလမ်းဖောက်ဖို့ ဆွေးနွေးညှိနှိုင်းနေဆဲမှာပဲ အင်္ဂလိပ်က (နန်းတွင်းမှာ စပိုင်သူလျှို့တွေ ရှိနေခဲ့လေတော့) ၁၈၈၅ ခုနှစ် နိုဝင်ဘာလမှာ ရန်ကုန်မှ မန္တလေးသို့ ဆန်တက်လာပြီး လက်ဦးအောင် တိုက်ခိုက်သိမ်းပိုက်လိုက်တော့တာပါပဲ။

နန်းတွင်းမှာ အုပ်စုတွေကွဲပြီး အချင်းချင်း အာဏာလုပွဲနဲ့ မွန်ထူနေကြလေတော့ နိုင်ငံရဲ့ အဓိက ရန်သူကိုမမြင်၊ ပုဂ္ဂိုလ်စွဲ၊ အုပ်စုစွဲ၊ အငြိုးတွေ၊ အမုန်းတွေ ရစပတ်နှောင်ဖွဲ့ရင်း (ကြက်ခြင်းထဲကကြက်တွေအချင်းချင်း ဆိတ်ကြွခပ်ကြရင်း ဟင်းအိုးထဲရောက်ကြရသလိုပါ) ထီးကျိုးစည်ပေါက်ကာ စုဘုရားလတ်နဲ့ သီပေါဘုရင်ကို ကြက်ကလေး၊ ငှက်ကလေးဖမ်းသွားသလို ခေါ်ဆောင်သွားခံရတဲ့ဘဝသို့ ရောက်သွားပါလေရော။ ကာကွယ်ရေးဘက်မှာ အားနည်းခြင်းက အဓိက သင်ခန်းစာတစ်ခုဖြစ်ပါတယ်။ ခေါင်းဆောင်အချင်းချင်း မည်ညွှတ်ခြင်းကလည်း ကြီးမားလှတဲ့ အားနည်းချက်တစ်ခုဖြစ်ပါတယ်။

သင်ခန်းစာမြင်ရပြီနော်

၁၈၂၄ ခုနှစ်ကနေ ၁၈၈၆ ခုနှစ် ဧနှစ်လပါရီလ ၁ ရက်အထိ ဗြိတိသျှနယ်ချဲ့ဟာ (သူတို့အစိုးရ အဆက်ဆက် ဇွဲရှိရှိစီမံချက်နဲ့) ၆၂ နှစ်လုံးလုံး ကြိုးပမ်းအားထုတ်ခဲ့ကြတယ်ဗျ။ အင်္ဂလိပ်က မြန်မာအပေါ် အဲဒီလောက် အစွဲကြီးကြီး၊ အငြိုးကြီးကြီးနဲ့ မရမနေလောဘနဲ့ ကာလရှည်ကြာ ကျူးကျော်သိမ်းပိုက်ခဲ့တာ။ အင်အားချင်းကမမျှတော့ လက်လျှော့ခဲ့ရတာပဲ။

သူ့ကျွန်ဘဝက လွတ်မြောက်ရအောင် အနိုင်မခံ

အစိုးရနဲ့ အစိုးရမဟုတ်တဲ့ လက်နက်ကိုင်တိုက်ခိုက်ခြင်းကို Armed Conflict လက်နက်ကိုင်ပဋိပက္ခလို့ပဲ နိုင်ငံတကာမှာ ခေါ်ကြပါတယ်။ ခေါ်ရပါတယ်။ အစိုးရရဲ့ တပ်မတော်နဲ့ ဥပဒေမဲ့သောင်းကျန်းဆူပူသူ တိုက်ခိုက်ကြတာဟာ ဘယ်လောက်ကြာကြာ အဲဒါက ပြည်တွင်းစစ်မဖြစ်ဘူး။ မခေါ်ဘူး။ ဒီအချက်ကို အမှန်အတိုင်း ဝိဝါဒအဓိပ္ပာယ် ရှင်းလင်းစွာ နားလည်ရပါမယ်။ သူပုန်သူကန်ကို နားယောင်ပြီး အားမပေးမိပါစေနဲ့၊ ဆင်းရဲတွင်းမှာပဲ တဝဲလည်နေပါမယ်။

နယ်ချဲ့ဟာ ဗြိတိသျှတို့ ဩဇာတိမာန်နဲ့ မတော်လှန်ကြဘူးလား၊ မဆန့်ကျင်၊ မတိုက်ခိုက်ကြတော့ဘူးလား။ ဘယ်နေလိမ့်မလဲ၊ သူ့ကျွန်မခံ ဩတိမာန်နဲ့ နယ်ချဲ့တော်လှန်ရေးတိုက်ပွဲတွေဟာ ၁၈၈၈ ခုနှစ်လောက်မှ ၁၉၀၀ ပြည့်နှစ်အထိ လက်နက်ကိုင်ပုန်ကန်မှုတွေ မြန်မာပြည်တစ်ဝန်းလုံး သွေးသံရဲရဲတိုက်ပွဲဝင်ခဲ့ကြပါရဲ့။ နယ်ချဲ့ဆန့်ကျင်ရေး မြန်မာ့သမိုင်းကို ဒေါ်နီနီမြင့် မြန်မာလိုရော၊ အင်္ဂလိပ်လိုပါ ပြုစုခဲ့တာရှိပါတယ်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတိုင်းရင်းသားလူမျိုးအားလုံးက အသက်စွန့်ပြီး ဆန့်ကျင်တော်လှန်ခဲ့ကြပေမယ့် ၁၉၀၀ ပြည့်နှစ်လောက်မှာတော့ ခေတ်မီဗြိတိသျှ၊ နယ်ချဲ့တွေရဲ့ နှိမ်နင်းမှုကြောင့် အားမတန်လို့ မာန်လျှော့ကြရတယ်။ မစည်းလုံးတဲ့အခါမှာလည်း ရှုံးစမြဲဖြစ်ပါတယ်။

၆၂ နှစ်ကြာ

နှစ်ဆယ်ရာစုထဲ ရောက်လာတဲ့အခါမှာတော့ ဘာသာရေး၊ နိုင်ငံရေး၊ လူမှုရေး အဖွဲ့အစည်းတွေဟာ နယ်ချဲ့အင်္ဂလိပ်ကို အနုနည်းနဲ့ ဆန့်ကျင်ထိုးနှက်လာကြပါတယ်။ မျိုးဆက်သစ်လူငယ်တွေဟာ လက်နက်ခေတ်မီတာချင်း မယှဉ်နိုင်ဘဲ တော်လှန်ရေးကြီး ဆင်နွှဲလို့မရနိုင်ဘူးဆိုတာ သိမြင်နားလည်လာကြပြီဖြစ်ပါတယ်။

လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကိုတော့ ဒီနေရာမှာ တိုတိုပဲပြောကြပါစို့။ ၆၂ နှစ် ကြာပါတယ်။ "ဤကမ္ဘာ၌ ပြည်သူတို့၏ လွတ်မြောက်ရေး၊ ငြိမ်းချမ်းရေး တိုးတက်ရေးအတွက် တိုက်ပွဲဝင်ရင်းအသက်စွန့်လှုံ့ရခြင်းထက် ပို၍မွန်မြတ်သော အလုပ်နှင့် ကြီးမြတ်သော ဂုဏ်သည်မရှိပြီ"လို့ ဗိုလ်ချုပ်အောင်ဆန်းက ကိုယ်တိုင်လည်း ကျင့်သုံးခဲ့တယ်။ မျိုးချစ်စိတ်ဓာတ်လည်း အလွန်ထက်သန်ခဲ့ပါတယ်။

တပ်မတော်ကိုလည်း ဒီမူဝါဒနဲ့ လမ်းညွှန်တည်ဆောက်ခဲ့ပါတယ်။ ၁၈၈၆ ခုနှစ် ဧနှစ်လပါရီလ ၁ ရက်မှာ နိုင်ငံပျောက်ကွယ်ခံခဲ့ရပြီး လူမျိုးကမျက်နှာဖြူအင်္ဂလိပ်ကျွန်ဘဝသို့ ကျရောက်ခဲ့ရာမှ လက်ရုံးရည်၊ နှလုံးရည်နဲ့ တော်လှန်ရေးတိုက်ပွဲပေါင်းများစွာကို အသက်သွေး၊ ချွေးတွေ ပေးဆပ်ရင်းနှီးကာ ၁၉၄၈ ခုနှစ် ဧနှစ်လပါရီလ ၄ ရက်မှာ "ပြည်ထောင်စုမြန်မာနိုင်ငံတော်"ရယ်လို့ လွတ်လပ်ရေးအောင်ပန်းကို ဆင်မြန်းနိုင်ခဲ့ပါတယ်။ ၆၂ နှစ်တိတိ တော်လှန်မှုရခဲ့တာပါ။ ဗြိတိသျှကလည်း ပြန်လည်သိမ်းယူနိုင်ဖို့အတွက် အကွက်ချောင်းနေတာ အဆက်မပြတ်ခဲ့ပါဘူး၊ လက်မလျှော့ခဲ့ပါဘူး။

စစ်နဲ့အချစ်

လူမှုနိုင်ငံ အချစ်နဲ့ မကင်းဘူးတဲ့။ အချစ်ရှိပါစေ။ သစ်ပင်မှန်ရင် အမြစ်ရှိရမှာပဲတဲ့။ အမြစ်ရှိပါစေ။ တိုင်းပြည်မှန်ရင် စစ်ရှိမှာပဲတဲ့။ အဲဒါတော့ ကြာကြာဝါးလို့ ခါးမှန်းသိခဲ့ကြရပြီ။ တိုင်းပြည်တိုင်း စစ်ရှိစရာမလိုပါဘူး။ သမိုင်းတစ်လျှောက်မှာ စစ်မရှိတဲ့ကာလဟာ ရှားပါး၊ နည်းပါးသော်လည်း အေးချမ်းတဲ့အချိန်အခါ၊ စစ်ဘေးကင်းဝေးတဲ့နေရာ ရှိခဲ့နိုင်ပါတယ်။

မြန်မာပြည်မှာ ပြည်တွင်းစစ်က နှစ်ပေါင်း ၇၀ ကြာခဲ့တယ်လို့ အချို့က မသိနားမလည်စွာ ဤကို ကျွဲလို့ လွှဲမှားမှတ်ယူနေကြတယ်။

တိုက်ပွဲတွေရှိခဲ့တာမှန်တယ်။

လွတ်လပ်ရေးရစ ၁၉၄၈ ခုနှစ်ကစပြီး ရှိရှိသမျှ တိုက်ပွဲတွေရဲ့ အခြေခံက လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ကာကွယ်တဲ့ဘက်နဲ့ တရားဥပဒေမဲ့ လက်နက်ကိုင်ဆူပူတဲ့ (သူခိုးမှ ဓားပြ၊ ဓားပြမှ သူပုန်သူကန်) အဖွဲ့အစည်းအမျိုးမျိုးနဲ့ တိုက်ကြခိုက်ကြတာတွေ ဖြစ်ပါတယ်။

သောင်းကျန်းသူလို့ ခေါ်ခဲ့ကြတာလေ။

ပြည်တွင်းစစ်ဆိုတာက အမေရိကန်ပြည်တွင်းစစ် သမ္မတလင်ကွန်းခေတ်၊ တောင်ပိုင်းမြောက်ပိုင်း အစိုးရနှစ်ဖွဲ့တိုက်တာကိုခေါ်တယ်။ ဗီယက်နမ်ပြည်တွင်းစစ် ဟိုချီမင်းခေတ် တောင်ဗီယက်နမ်နဲ့ မြောက်ဗီယက်နမ်အစိုးရချင်း တိုက်တာမျိုးကို ခေါ်တယ်။ အင်္ဂလိပ်လိုတော့ Civil War ခေါ်တယ်။ အဓိပ္ပာယ်မလွဲစေနဲ့နော်။

အခေါ်အဝေါ်

မြန်မာပြည်မှာ ပြည်တွင်းစစ်လို့ဤကိုကျွဲဖတ်သလို တမင်အလွဲမှတ်သားကြအောင် လုပ်ဆောင်ခဲ့တာက ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ သူ့ရဲ့ သြဇာခံသတင်းစာဆရာ၊ စာရေးဆရာ၊ စာနယ်ဇင်းအချို့က ဝါဒဖြန့်မှိုင်းတိုက်ခဲ့တာပါ။ အမှန်တကယ် သုံးနှုန်းရမှာက လက်နက်ကိုင်ပဋိပက္ခဖြစ်ပါတယ်။

ဖဆပလဖြစ်ဖြစ်၊ စစ်အစိုးရဖြစ်ဖြစ်၊ လမ်းစဉ်ပါတီအစိုးရပဲဖြစ်ဖြစ်၊ ပြည်သူက ရွေးချယ်တင်မြှောက်လိုက်တဲ့ ဒီမိုကရေစီအစိုးရ နှစ်ဆက်အပါအဝင် အစိုးရဟာ အစိုးရပါပဲ။ ကျန်တဲ့လက်နက်ကိုင်အဖွဲ့တွေက နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမျိုးရေးအရ၊ ဝါဒရေးအရ၊ ဘာကိုပဲ အကြောင်းပြပြ၊ အစိုးရတော့မဟုတ်ဘူး။ သူပုန်သူကန် ခေါ်ချင်ခေါ်။ ဥပဒေနဲ့အညီ တာဝန်ယူတာဟာ အစိုးရဖြစ်ပါတယ်။

အစိုးရနဲ့ အစိုးရမဟုတ်တဲ့ လက်နက်ကိုင်တိုက်ခိုက်ခြင်းကို Armed Conflict လက်နက်ကိုင်ပဋိပက္ခလို့ပဲ နိုင်ငံတကာမှာ ခေါ်ကြပါတယ်။ ခေါ်ရပါတယ်။ အစိုးရရဲ့ တပ်မတော်နဲ့ ဥပဒေမဲ့သောင်းကျန်းဆူပူသူ တိုက်ခိုက်ကြတာဟာ ဘယ်လောက်ကြာကြာ အဲဒါက ပြည်တွင်းစစ်မဖြစ်ဘူး။ မခေါ်ဘူး။ ဒီအချက်ကို အမှန်အတိုင်း ဝိဝါဒအဓိပ္ပာယ် ရှင်းလင်းစွာ နားလည်ရပါမယ်။ သူပုန်သူကန်ကို နားယောင်ပြီး အားမပေးမိပါစေနဲ့၊ ဆင်းရဲတွင်းမှာပဲ တဝဲလည်နေပါမယ်။

နိုင်ငံရေး

လွတ်လပ်ရေးရစမှာ ဗမာပြည်ကွန်မြူနစ်ပါတီက နိုင်ငံရေးသြဇာအရှိန်အဝါ အတော်ကြီးမားခဲ့ပါတယ်။ နယ်ချဲ့ဆန့်ကျင်ရေးမှာလည်း ရှေ့တန်းကနေပါခဲ့ကြတယ်။ ဖက်ဆစ်တော်လှန်ရေးအတွက်

စာမျက်နှာ ၁၇ သို့ ❖

မတရားအသင်း တစ်ဖွဲ့ပေါ်ပေါက်လာခဲ့ပြန်ပါပြီ။ ရည်ရွယ်ချက်က မြန်မာပြည်ကို Collapsed State အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲစေရမည်၊ Failed State ကျရှုံးပျက်စီးစေရမည်ဆိုတဲ့ ရည်ရွယ်ချက်ပဲဖြစ်ပါတယ်။ တိုးတက်လာစေဖို့၊ ကောင်းစားစေဖို့ အစီအမံလုံးဝမပါတဲ့ အဖျက်သက်သက်တင်ကူးကြီရွယ်ချက်ကို ပြည်သူအများ နိုင်ငံရေးအသိနှိုးကြားကြရမယ့် အချိန်အခါရောက်နေပြီဖြစ်ပါတယ်။ အလိမ်အညာတွေလည်း ပေါ်ခဲ့ပြီးဖြစ်ပါတယ်။

ဝန်ထမ်းက ဝန်ထမ်းပါပဲ။ နိုင်ငံရေးသမားဖြစ်ချင်လို့မရပါဘူး။ ဝန်ထမ်းနဲ့ နိုင်ငံရေး ရောထွေးနေလို့မရပါဘူး။

တရားရေးဝန်ထမ်းတစ်ဦး

ယခုအခါ CDM လုပ်သောဝန်ထမ်းများအား သက်ဆိုင်ရာဌာနများက အပြစ်ပေးအရေးယူမှုများ စတင်ပြုလုပ်နေပြီဖြစ်သကဲ့သို့ နောက်ထပ်လည်း ဝန်ထမ်းများ လမ်းမှားမရောက်ရလေအောင် အသိပေးကြေညာချက်များ ထုတ်ပြန်လျက်ရှိပါသည်။ ဝန်ထမ်းများ မိမိတို့လုပ်ငန်းခွင်တွင် စိတ်အေးချမ်းသာစွာ အလုပ်လုပ်ကိုင်ကြရန်အထူးအရေးကြီးပါသည်။ ဝန်ထမ်းများ အလုပ်မဆင်းကြခြင်းဖြင့် အုပ်ချုပ်မှုယန္တရားပျက်ပြားသွားနိုင်သည်ဆိုသော ယူဆချက်မှာ လုံးဝမှားယွင်းသောယူဆချက်ပင်ဖြစ်သည်။ နိုင်ငံရေးအကြောင်းပြချက်ဖြင့် ဝန်ထမ်းများနှင့်မိသားစုဘဝများအားချနင်းနေခြင်းသည် လူသားဆန်သောလုပ်ရပ်မဟုတ်ပေ။ သို့အတွက် ဝန်ထမ်းများအနေဖြင့် မိမိတို့ဘဝ နစ်နာဆုံးရှုံးမှုများ မဖြစ်စေရန် အထူးသတိပြုဆင်ခြင်အပ်ပေသည်။ ထို့ကြောင့် CDM တွင် ပါဝင်ဆောင်ရွက်ခြင်းမရှိသော ဝန်ထမ်းအချို့၏ သဘောတရားအယူအဆများကို ဤသို့ကြားသိရ၏။

အလယ်တန်းပြဆရာမတစ်ဦး

ကျွန်မက ဒေါ်ပုံမြို့နယ်မှာတာဝန်ထမ်းဆောင်နေတဲ့ဆရာမတစ်ဦးပါ။ နာမည်က ဒေါ်စမ်းစမ်းဝင်း(အမည်လွှဲ)ဖြစ်ပါတယ်။ ကျောင်းတွေပိတ်ထားပေမယ့် ကျောင်းရဲ့လုံခြုံရေးတာဝန်နဲ့ အခြားတာဝန်တွေရှိတော့ ပုံမှန်ကျောင်းသွားရတာတော့ ရှိတာပေါ့။ ကျောင်းမှာ CDM လုပ်တဲ့သူတွေလည်း ရှိပါတယ်။ ကိုယ်တွေကတော့ အစကတည်းကလည်း မပါဘူး။ ခုလည်းမပါ။ နောင်လည်းမပါပါဘူး။ ကိုယ့်တာဝန်ကျအောင်တော့ ကျောင်းရဲ့တာဝန်တွေကိုလုပ်ကိုင်ပေးနေပါတယ်။

ပြီးတော့ ကျွန်မက ဒေါ်ပုံကဆရာမ ဆိုပေမယ့် နေတာက သာကေတထဲမှာပါ။ ကျွန်မတို့လမ်းထဲမှာ ဆိုလည်း ဝန်ထမ်းကသိပ်ရှိတာမဟုတ်ဘူး။ ကျွန်မ အပါအဝင် နှစ်ယောက်ပဲရှိတာ။ ဒါကိုပဲ လမ်းထဲက လူတွေက CDM မလုပ်ရကောင်းလားဆိုပြီး ကွက်ကြည့်၊ ကွက်ကြည့်လုပ်နေတာက တစ်မျိုး၊ အနားနားရောက်မှ ရုံးမတက်နဲ့ ရုန်းထွက်လို့အော်တာက တစ်မျိုး တော်တော်စိတ်ပျက်စရာကောင်းပါတယ်။ ကိုယ်တွေကလည်း ပင်စင်နီးပြီလေ။ CDM လုပ်လို့ ပင်စင်လေးတောင်မရဘူးဆိုရင် ဘယ့်နှယ်လုပ်မလဲ။ ကိုယ်တွေက တစ်သက်လုံး လုပ်လာခဲ့တာ။ ခုတောင် CDM လုပ်လို့ အလုပ်ကယာယီရပ်နားခံရတဲ့သူနဲ့ အပြီး အလုပ်ဖြုတ်ခံရတဲ့သူတွေကို ကြားနေရတာ။

ဒီလိုဖြစ်နေမှန်းသိလျက်နဲ့ စည်းရုံးတဲ့သူတွေက တော့ရှိသေးတာပဲ။ ရုံးတက်သေးလား၊ မသွားနဲ့တော့၊ လခရအောင်လုပ်ပေးမယ်။ နေစရာမရှိရင်နေစရာရှာပေးမယ် စတဲ့စည်းရုံးပြောဆိုသံတွေကိုလည်း ကြားနေရတာပဲ။ သူတို့ပြောတိုင်း၊ စည်းရုံးတိုင်းသာ နားယောင်မိလို့ကတော့ ဒုက္ခလှလှတွေ့ပြီ။ ခုတောင်ကြားနေရတာ၊ CDM လုပ်တဲ့သူတွေ ဝန်ထမ်းအိမ်ရာတွေ ကဖယ်ခိုင်းနေပြီတဲ့။ နေစရာကမရှိ၊ လခကနတ္ထိ ဆိုရင် ဒုက္ခရောက်ဖို့ပဲရှိတော့တယ်။ ခုလိုလေး CDM မလုပ်ဘဲ ပိုနေမြဲ ကျားနေမြဲအတိုင်းလေးနေတာကမှ အချိန်တန်ရင် ကိုယ့်လခလေး ကိုယ့်ဘာသာထုတ်ဆိုတော့၊ ဘယ်သူ့မျက်နှာမှကြည့်နေစရာမလိုဘူးလေ။ တော်ကြာ CDM သွားလုပ်မိမှဖြင့် ဟိုလူက လခပေးနိုးနိုး၊ ဒီလူဆီက ရလိမ့်နိုးနိုးဆိုရင်တော့ ဒုက္ခမှ ဒုက္ခအကြီးကြီးနော်။

ဒါကြောင့်မို့ပြောနေတာပါ။ CDM မလုပ်ကြပါနဲ့၊ နားမယောင်ကြပါနဲ့လို့ပြောနေတာပါ။ ဖြစ်တော့ ကိုယ်ပဲခံရမှာမဟုတ်ဘူးလား။ မသိလို့ လုပ်မိတဲ့သူတွေကိုလည်း အပြစ်ဆိုနေတာ မဟုတ်ပါဘူး။ ဘယ်သူမှ အမှားနဲ့မကင်းနိုင်ပါဘူး။ မှားတတ်တာပဲ။ အဓိက က ကိုယ်မှားပြီးသွားရင် အမှန်ပြင်ဖို့ပဲလေ။

တက္ကသိုလ်ဆရာမတစ်ဦး

ကျွန်မက နည်းပညာတက္ကသိုလ်ကဆရာမတစ်ဦးဖြစ်ပါတယ်။ နာမည်က ဒေါ်သိဒ္ဓိကျော်ဝင်း(အမည်လွှဲ)ဖြစ်ပါတယ်။ ကျွန်မတို့ကျောင်းမှာ CDM လုပ်တဲ့သူတွေရှိပါတယ်။ ကျောင်းကိုတောင် CDM ကျောင်းလို့လုပ်ထားပါတယ်။ အမှန်မှာတော့ ဆရာ ဆရာမတိုင်းက CDM လုပ်ကြတာမဟုတ်ပါဘူး။ ကျွန်မဆိုရင် အစကတည်းက CDM ထဲမှာ မပါဝင်တာ အခုထိလည်းပဲ CDM လုပ်ဖို့ဆွဲဆောင်နေတာတွေ ကရှိနေတုန်းဖြစ်ပါတယ်။ CDM မလုပ်ဖြစ်အောင် တော့အထူးသတိထားနေကြရပါတယ်။

ခုလည်း CDM မလုပ်တဲ့အကြောင်း ကျောင်းရုံးက ဝန်ခံချက်တောင်းတာတွေ၊ လက်မှတ်ထိုးရတာတွေ ရှိတယ်လို့ကြားတာပဲ။ ကျွန်မကတော့ အစကတည်းက ဘာမှာလုပ်မထားတော့ ကိုယ့်လိပ်ပြာကိုယ်သန့်တယ်။ ဝန်ခံကတိတောင်းရင်လည်း ပေးဖို့အဆင်သင့်ပဲ။ CDM က ခုလည်းလုပ်မှာမဟုတ်သလို နောင်လည်း လုပ်မှာမဟုတ်ဘူး။ ကိုယ့်စိတ်ကိုယ်နိုင်တယ်။ ဒါကြောင့်မို့ ကိုယ့်ကိုယ်ကိုယ်တာဝန်ယူရဲတယ်။ တာဝန်ခံရဲတယ်။

တကယ်တော့ CDM ဆိုတာက ဝန်ထမ်းနဲ့မသက်ဆိုင်ပါဘူး။ ဒီအလုပ်က နိုင်ငံရေးအလုပ်ပဲလေ။ ကျွန်မတို့က နိုင်ငံရေးလုပ်နေတာမှမဟုတ်တာ။ နိုင်ငံရေးလုပ်ချင်ရင်အစကတည်းက ဆရာမလုပ်မှာ မဟုတ်ဘူး။ နိုင်ငံရေးစိတ်ဝင်စားမယ်၊ နိုင်ငံရေး လုပ်မယ်ဆိုရင် အစကတည်းကပါတီထောင်မယ်၊ ပါတီဝင်မယ်။ ပါတီအလုပ်တွေလုပ်မယ်ပေါ့။ အခုဟာက ကျွန်မတို့က ဆရာမပဲလေ။ ဆရာမဆိုတာ လူငယ်လူရွယ်လေးတွေ ပညာတတ်ဖို့၊ ပညာသင်ကြားပေးဖို့ အလုပ်ပဲမဟုတ်လား။ ဒါကြောင့်မို့ CDM ကို မိမိကိုယ်တိုင်က မလုပ်သလို အခြားသူတွေကိုလည်း မတိုက်တွန်းပါဘူး။

တရားရေးဝန်ထမ်းတစ်ဦး

ကျွန်မက တရားရေးဝန်ထမ်းတစ်ဦးပါ။ ဧရာဝတီတိုင်းဒေသကြီးက မြို့နယ်တစ်ခုမှာရှိတဲ့ တရားရုံးမှာ ရုံးအုပ်တာဝန်ထမ်းဆောင်နေပါတယ်။ နာမည်ကတော့ ဒေါ်တင်မမအောင်(အမည်လွှဲ)ဖြစ်ပါတယ်။ ဝန်ထမ်းလုပ်သက် ၁၈ နှစ်ရှိပြီဖြစ်ပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေကြောင့် ရုံးတက်ရတာကတော့ အခက်အခဲတွေတော့ရှိပါတယ်။ အထူးသဖြင့် လမ်းတွေပိတ်ထားတယ်။ အတားအဆီးတွေ ရှိတယ်။ ခါတိုင်းလို ရုံးဝတ် ရုံးစားနဲ့ရုံးတက်လို့မရဘူးစတဲ့အခက်အခဲတွေပါ။ ဒီကြားထဲ ကိုယ်နဲ့ မျက်နှာ သိတွေနဲ့တိုးရင် ရုံးသွားနေတုန်းပဲလား၊ CDM မလုပ်သေးဘူးလား စတဲ့မေးခွန်းတွေမေးတဲ့သူတွေ လည်းရှိတာပေါ့။ အဲဒီလိုဆိုတော့လည်းကိုယ်က ပြေရာပြေကြောင်းပြောရတာပေါ့။ မဟုတ်ပါဘူး ဒီနားလေးသွားစရာရှိလို့ဆိုပြီး ပြောရတာပေါ့။ အဓိက ကတော့ ဘယ်သူနဲ့မှ ပြဿနာမတက်ချင်လို့ပါ။

ကျွန်မနဲ့အတူ လုပ်ဖော်ကိုင်ဖက် လေးယောက်က CDM လုပ်သွားကြတယ်။ ကျွန်မကိုလည်း CDM လုပ်ဖို့ မကြာမကြာဆွဲဆောင်ပြောဆိုတာတွေရှိတယ်။ နောက်တော့လည်း ကိုယ်က CDM ကို လက်မခံမှန်းသိတော့မပြောကြတော့ဘူးပေါ့။ ခုတော့ သူတို့မှားမှန်းသိပြီ။ အဲဒီလိုသိလိုက်တဲ့အချိန်မှာ နောက်ကျသွားပြီ။ ဘာလို့လဲဆိုတော့ သူတို့ကို ဌာနက အလုပ်က ယာယီထုတ်ပယ်လိုက်ပြီလို့ သိရပါတယ်။ စိတ်မကောင်းပါဘူး။ တကယ်ကိုစိတ်မကောင်းဖြစ်ရပါတယ်။ ကိုယ်လည်း ဘာမှမတတ်နိုင်ဘူး။ သူတို့ဆိုရင် လုပ်သက်တွေမနည်းကြတော့ဘူး။ အချို့ဆို လုပ်သက်ပင်စင်နီးနေပြီး။ နှမြောစရာကောင်းပါတယ်။

တကယ်တမ်းကျတော့ ကျွန်မတို့က ဝန်ထမ်းပဲလေ။ ဝန်ထမ်းဆိုတာ ဘယ်အစိုးရတက်တက်၊ တက်လာတဲ့အစိုးရအတွက် လုပ်ပေးရတာပဲ။ ဘယ်သူ့ကိုမှ မုန်းခြင်း၊ ချစ်ခြင်းမရှိပါဘူး။ အာဃာတ၊ မာန်မာနဆိုတာ ထားသင့်၊ ထားအပ်သောအရာလည်း မဟုတ်ပါဘူး။ ကိုယ့်အလုပ်ကို လုပ်တာ၊ ကိုယ့်တာဝန်ကျတာကောင်းပါတယ်။ ဝန်ထမ်းက ဝန်ထမ်းပါပဲ။ နိုင်ငံရေးသမားဖြစ်ချင်လို့မရပါဘူး။ ဝန်ထမ်းနဲ့ နိုင်ငံရေး ရောထွေးနေလို့မရပါဘူး။ တစ်ခုတော့ရှိတယ်။ နိုင်ငံရေးကိုစိတ်ဝင်စားတယ်။ နိုင်ငံရေးလုပ်ရမှ ဖြစ်မယ်ဆိုရင် အလုပ်ကထွက်ပြီးလုပ်၊ အဲဒါဆိုပိုအဆင်ပြေမယ်၊ ဝန်ထမ်းလည်း လုပ်တယ်၊ နိုင်ငံရေးမှာလည်း ပါလိုက်သေးတာပဲဆိုရင်တော့ မကောင်းဘူးပေါ့။ ဒါကြောင့်မို့နိုင်ငံရေးနဲ့ မိမိရဲ့အလုပ်ကိုခွဲခြားသိဖို့ CDM ဆိုပြီး ကိုယ့်ရဲ့ဘဝကို လာချနင်းနေတာကို သတိထားကြဖို့တိုက်တွန်းချင်ပါတယ်။

သူနာပြုဆရာမတစ်ဦး

ကျွန်မက ရန်ကုန်မြို့က မြို့နယ်ဒေသန္တရဆေးရုံတစ်ရုံမှာ တာဝန်ကျနေတဲ့ သူနာပြုဆရာမတစ်ဦးဖြစ်ပါတယ်။ ဆရာမ နာမည်က ဒေါ်ဝင်းဝင်းမြတ်(အမည်လွှဲ) ဖြစ်ပါတယ်။ လက်ရှိကျွန်မတို့ဆေးရုံမှာတော့ CDM လုပ်တဲ့ဝန်ထမ်းတွေရှိသလို မလုပ်တဲ့သူတွေလည်းရှိပါတယ်။ အချို့လည်း CDM လုပ်ပြီးမှ အလုပ်ပြန်ဆင်းကြတာလည်း ရှိပါတယ်။ လက်ရှိအခြေအနေမှာတော့ ပြန်ဆင်းတာတော့ကောင်းတာပေါ့။ လူနာနဲ့ ကျန်းမာရေးဝန်ထမ်းက မမျှပါဘူး။ ကိုယ့်လုပ်ငန်းခွင်ပြန်ဝင်ရင် အဆင်ပြေတာပေါ့။ ကိုယ်လည်းအဆင်ပြေ၊ လူနာတွေလည်းအဆင်ပြေတာပေါ့။ ခုဟာက ထိခိုက်ဒဏ်ရာရတဲ့လူတွေရှိရင်လည်း နိုင်နိုင်နင်းနင်းကုသပေးနိုင်တာပေါ့။

ဟိုတစ်နေ့က မန္တလေးဆေးရုံကြီးတောင်ပြန်ဖွင့်တော့မယ်လို့ကြားတယ်။ ဝမ်းသာပါတယ်။ ပြည်သူတွေကို ကောင်းကောင်းကျန်းမာရေးပြုစုစောင့်ရှောက်ပေးနိုင်တာပေါ့။ ခုလိုအချိန်မှာ ဆေးရုံ၊ ဆေးခန်းတွေ ကောင်းကောင်း မဖွင့်နိုင်လို့မဖြစ်ဘူး။ ကျန်းမာရေးက လူတိုင်းအတွက် အရေးကြီးတယ်မဟုတ်လား။ ဆေးရုံ၊ ဆေးခန်းတွေ အမြန်ဆုံးပြန်ဖွင့်နိုင်အောင် ကြိုးစားနေကြပြီ။ ပြင်ဆင်မှုတွေပြုလုပ်နေကြပြီ။ လိုအပ်တဲ့ဆေးဝါးတွေ၊ ဆေးပစ္စည်းတွေအလုံအလောက်ရရှိအောင် ဖြည့်ဆည်းဆောင်ရွက်နေကြတဲ့ အနေအထားဖြစ်ပါတယ်။

ဒီအချိန်မှာ CDM လုပ်တဲ့သူတွေကော၊ မလုပ်တဲ့သူတွေကော လုပ်ငန်းခွင်မှာ အင်တိုက်အားတိုက်ပါဝင်စေချင်ပါတယ်။ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကို အထိရောက်ဆုံးဖြစ်စေချင်ပါတယ်။ အားလုံးပူးပေါင်းပါဝင်စေချင်ပါတယ်။ တကယ်တော့ ကျွန်မတို့ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဟာ နိုင်ငံရေးနဲ့ ဘာမှ မသက်ဆိုင်ပါဘူး။ ဘယ်လိုကနေ ဘယ်လို နိုင်ငံရေးရောသွားသလဲဆိုတာ မသိပါဘူး။ ဘာပဲဖြစ်ဖြစ် ကျွန်မတို့ရဲ့ပြည်သူတွေကို အကောင်းဆုံး ကျန်းမာရေးဝန်ဆောင်မှုတွေ ပေးနိုင်အောင်ကြိုးစားနေပါတယ်။ ဒီကြိုးစားမှုကလည်း တစ်ဦးကောင်း၊ တစ်ယောက်ကောင်းမဟုတ်ဘဲ အားလုံးပါဝင်စေချင်ပါတယ်။ ဒါကြောင့်မို့ မိမိတို့ရဲ့လုပ်ငန်းခွင်တွေမှာ ပြန်ဆင်းကြပါလို့ အလေးအနက်ထားမေတ္တာရပ်ခံအပ်ပါတယ်။ အားလုံးက လုပ်ဖော်ကိုင်ဖက်တွေပဲ။ အရင်လို ပျော်ပျော်ရွှင်ရွှင်လုပ်ကိုင်ကြရအောင်လို့ ဖိတ်ခေါ်ပါတယ်။

တွေ့ဆုံမေးမြန်း - နေခြည်ဦး

ကြေးမုံ **အယ်ဒီတာ့ထံ ပေးစာ**

ဆရာဝန်တစ်ဦး၏လိုက်နာရမည့် ကျင့်ဝတ်သိက္ခာနှင့်အညီ လိုက်နာစောင့်ထိန်းပြီး ပြည်သူများ၏ကျန်းမာရေးကို စောင့်ရှောက်မှုပေးစေလို

အယ်ဒီတာခင်ဗျာ-

ကျွန်တော်က ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တစ်ခုအတွင်း၌ နေထိုင်လျက်ရှိသော သာမန်ပြည်သူတစ်ဦးဖြစ်ပါသည်။ ကျွန်တော်တို့မြို့တွင် ပြည်သူအပေါင်းတို့၏ အားကိုးအားထားရာဖြစ်သော မြို့နယ်ပြည်သူ့ဆေးရုံတစ်ခုလည်း တည်ရှိနေပေသည်။ ယခင်က ဆေးရုံရှိ ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် မြို့နေ ပြည်သူများအတွက် လွန်စွာကြည်နူးဖွယ်အတိဖြစ်ခဲ့ရသော်လည်း ယခုအခါ အဆိုပါဝန်ထမ်းများ၏ တာဝန်မှစွန့်ခွာသွားမှုကြောင့် မြို့နေပြည်သူများမှာ မလိုလားအပ်သော အသက်ဆုံးရှုံးမှုများနှင့် ကြုံတွေ့နေရပါသည်။ အထူးသဖြင့် မြွေကိုက်ရောဂါ၊ သားဖွားနှင့်မီးယပ်ဆိုင်ရာ ရောဂါပြဿနာများ၊ ထိခိုက်ဒဏ်ရာရရှိမှုများကြောင့် သေဆုံးသူဦးရေမှာလည်း မြင့်တက်လျက်ရှိနေပါသည်။

ယခုကဲ့သို့ ဆရာဝန်တစ်ဦး၏လိုက်နာရမည့် ကျင့်ဝတ်သိက္ခာနှင့်အညီ လိုက်နာစောင့်ထိန်းမှုမရှိဘဲ အလုပ်တာဝန်မှ စွန့်ခွာသွားသော ဆရာဝန်များသည် မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေပုဒ်မများအရ ဆရာဝန်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း၊ ဆေးကုသခွင့်လိုင်စင်ကို ပယ်ဖျက်ခြင်း စသည့် အရေးယူအပြစ်ပေးမှုများနှင့်လည်း ကြုံတွေ့ရနိုင်ပါသည်။ မိမိတို့ နိုင်ငံသို့ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (COVID-19) စတင်ကျရောက်စဉ်ကာလတွင်ပင် ပြည်သူလူထုကျန်းမာရေးအတွက် ကျန်းမာရေးဝန်ထမ်းများသည် အသက်စွန့်ကာ ရှေ့တန်းမှ စွမ်းစွမ်းတမံ အကျိုးပြုခဲ့ကြပြီး ပြည်သူ့နှလုံးသိမ်းကြုံးဆောင်ယူခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဦးလည်မသုန် တာဝန်ကျပွန်စွာ ထမ်းရွက်ခဲ့ကြသော ပြည်သူ့အကျိုးပြု နှလုံးလှကျန်းမာရေးဝန်ထမ်းများအနေဖြင့် ယခုအချိန်တွင်လည်း ကျန်းမာရေးစောင့်ရှောက်မှုမဲ့နေသည့် ပြည်သူများကို ကရုဏာရှေ့ထား သနားငဲ့ညှာစွာဖြင့် ပြန်လည်လှည့်ကြည့်မည်ဆိုပါက ပြည်သူ့မေတ္တာကို ပြည့်ဝစွာ ဆက်လက်ပိုင်ဆိုင်နိုင်ကြဦးမည်မှာ မလွဲဧကန်အမှန်ပင်ဖြစ်ပါကြောင်း တာဝန်သိပြည်သူတစ်ဦး အနေဖြင့် တိုက်တွန်းဆန္ဒပြုအပ်ပါသည်။ **တာဝန်သိပြည်သူတစ်ဦး**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများ အကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး

(ခ) စျေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အလုံမြို့နယ် စောရန်ပိုင်တောင်ရပ်ကွက် သစ်တောလမ်းရှိ အလုံစျေး ဖွင့်လှစ်ရောင်းချနေမှုကို တွေ့ရစဉ်။

❍ ကျောဖုံးမှ

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင် မြို့နယ် (၈)ရပ်ကွက်ရှိ ဂမုန်းပွင့်ကုန်တိုက်၊ ဒေါပုံ မြို့နယ်ရှိ Capital Hyper Market၊ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် (၉၄)ရပ်ကွက်ရှိ City Mart၊ ဗိုလ်တထောင်မြို့နယ် (၇)ရပ်ကွက်ရှိ လဟာပြင်စျေး၊ လမ်းမတော်မြို့နယ် (၇)ရပ်ကွက်ရှိ ညောင်ပင်လေးစျေး၊ လသာမြို့နယ် (၂)ရပ်ကွက်ရှိ လမ်းမတော်သံစျေး၊ ပန်းဘဲတန်းမြို့နယ် (၂)ရပ်ကွက်ရှိ သိမ်ကြီးစျေး၊ တာမွေမြို့နယ် ဗျိုင်းကွက်သစ်ရပ်ကွက်ရှိ တာမွေယာယီစျေး၊ သဃ်နိုးကျွန်းမြို့နယ်အတွင်းရှိ ပျံကျစျေး၊ အလုံမြို့နယ် ဆင်မင်းရပ်ကွက်ရှိ ဆင်မင်းစျေး၊ အလုံမြို့နယ် စောရန်ပိုင်တောင်ရပ်ကွက် သစ်တောလမ်းရှိ အလုံစျေး၊ လှိုင်မြို့နယ် (၄)ရပ်ကွက် ဘုရင့်နောင်လမ်းရှိ ရွှေပိတောက်ငါးစျေး၊ သုံးခွမြို့နယ် (၄)ရပ်ကွက်ရှိ သုံးခွစျေးနှင့် ခရမ်းမြို့နယ် (၃)ရပ်ကွက်ရှိ မြို့မစျေးတို့တွင် စျေးရောင်းစျေးဝယ်များဖြင့် စည်ကားလျက်လုပ်ငန်းများ လည်ပတ်နေသည်ကို တွေ့ရှိရကြောင်း။

အလားတူ ကျန်မြို့နယ်များတွင်လည်း စျေးများနှင့် စီးပွားရေးလုပ်ငန်းများ ပုံမှန်အတိုင်း ပြန်လည်လုပ်ကိုင်လည်ပတ်နိုင်စေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းကာ အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

● ရန်ကုန်(ပန်းဆိုးတန်း-ဒလ)မှ

မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကာလ အတွင်းမှာလည်း နှစ်စဉ်နှစ်တိုင်း ပြေးဆွဲပေးတဲ့ အတိုင်းပဲ မရပ်နားဘဲ ခေါက်ရေလျှောပြီးတော့ ပြေးဆွဲပေးသွားမှာ ဖြစ်ပါတယ်"ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲ လက်ထောက်အထွေထွေမန်နေဂျာ ဦးလှဝင်းနိုင်က ပြောသည်။

ပုံမှန်ပြေးဆွဲပေး

ရန်ကုန်(ပန်းဆိုးတန်း-ဒလ) သင်္ဘောဆိပ်ကမ်း၌ ခရီးသည်သွားလာမှုအနေဖြင့် မတ် ၁၉ ရက်က ခရီးသည် ၅၂၃၃ ဦး၊ မတ် ၂၀ ရက်က ခရီးသည် ၃၇၇၁ ဦး၊ မတ် ၂၁ ရက်က ခရီးသည် ၄၀၂၅ ဦး ကူးသန်းသွားလာမှုရှိခဲ့ကြောင်း သိရသည်။ အနယ်နယ် အရပ်ရပ်မှ ခရီးသည်သွားလာမှု နည်းပါးသော်လည်း ရေယာဉ်ခရီးစဉ်များကို လက်ရှိအချိန်တွင် အစိုးရ ရုံးဖွင့်ရက်များတွင် အသွား ၃၅ ခေါက်၊ အပြန် ၃၅ ခေါက်နှုန်းဖြင့်လည်းကောင်း၊ ရုံးပိတ်ရက်များတွင် အသွား ၂၂ ခေါက်၊ အပြန် ၂၂ ခေါက်နှုန်းဖြင့်လည်းကောင်း ခရီးသည်များ အဆင်ပြေချောမွေ့စေရေးအတွက် ပြေးဆွဲပို့ဆောင်ပေးလျက်ရှိသည်။ ထို့အတူ မတ်လအတွင်း ရန်ကုန်မြစ်အတွင်း၌ မကြာခဏ မြူနှင်းပိတ်မှုဖြစ်ပွားခြင်းတို့ကြောင့် နံနက်အစောပိုင်းအချိန် သင်္ဘောခရီးစဉ်အချို့ စောင့်ဆိုင်းခဲ့ရပြီး မြူနှင်းရှင်းလင်းချိန်တွင် ပုံမှန် ပြေးဆွဲပေးနေကြောင်း သိရသည်။

အဆိုပါ ပန်းဆိုးတန်း-ဒလ သင်္ဘောဆိပ်ကမ်းသည် စီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ ကူးသန်းသွားလာရာတွင် အဓိကအချက်အချာကျသော ဝင်ပေါက်၊ ထွက်ပေါက် တစ်ခုဖြစ်သည့် ဒလမြို့နယ် သင်္ဘောဆိပ်ကမ်းမှတစ်ဆင့် ကူးသန်းသွားလာကြရသည်။ ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားခင်ကာလများက အသွား ၄၆ ခေါက်၊ အပြန် ၄၆ ခေါက်နှုန်းဖြင့် နေ့စဉ် နံနက် ၅ နာရီခွဲမှ ည ၉ နာရီခွဲအထိ ပြေးဆွဲပေးခဲ့ရာ နေ့စဉ် ခရီးသည် ၃၀၀၀၀ ကျော် သွားလာလျက်ရှိပြီး နေ့စဉ်ဝင်ငွေကျပ် သိန်း ၃၀ ကျော် ကောက်ခံရရှိသည့် ဆိပ်ကမ်းတစ်ခုဖြစ်သည်။

ချယ်ရီသင်္ဘောများတွင် စီးနင်းလိုက်ပါကြသည့် သံယာတော်များနှင့် သီလရှင်များအား အခမဲ့ ပို့ဆောင်ပေးပြီး ခရီးသွားပြည်သူတစ်ဦးလျှင် ငွေကျပ် ၁၀၀ နှုန်းသာ ကောက်ခံလျက်ရှိခြင်းကြောင့် အခြေခံလက်လုပ်လက်စား ပြည်သူများအားလုံး စီးနင်းနိုင်သည့် ခရီးသည်ခ သက်သာသော စျေးနှုန်းလည်းဖြစ်သည်။ ထို့အတူ နိုင်ငံခြားခရီးသည်ခ အနေဖြင့် အသွားအပြန် မြန်မာငွေကျပ် ၄၀၀၀ နှုန်းဖြင့် သတ်မှတ်ကောက်ခံကြောင်းသိရသည်။

ဝန်ဆောင်မှုပေးလျက်ရှိ

ဂျပန်နိုင်ငံ JICA အဖွဲ့အစည်းမှ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် ချယ်ရီရေယာဉ် သုံးစင်း၊ ဒလမြို့ဆိပ်ကမ်းရှိ ခရီးသည် နားနေဆောင်နှင့် ဆိပ်ခံတံတားနှစ်စင်းတို့ကို လွှဲပြောင်းပေးအပ်လျှက်ဒါန်းခဲ့ရာ ယခု ၂၀၂၁ ခုနှစ်တွင် ခုနှစ်နှစ်နီးပါးကာလ ရောက်ရှိခဲ့ပြီး ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ခရီးသည်ပေါင်း မြောက်မြားစွာတို့ လိုရာခရီးသို့ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေး အကောင်းဆုံးဝန်ဆောင်မှုပေးလျက်ရှိသော သင်္ဘောဆိပ်ကမ်းတစ်ခုပင်ဖြစ်သည်။

သတင်းနှင့် ဓာတ်ပုံ - နိုင်လင်းကျော်(IPRD)

❖ စာမျက်နှာ ၁၅ မှ

တာဝန်ခွဲဝေကြရာမှာ နိုင်ငံရေးခေါင်းဆောင် သခင်စိုး၊ စစ်ရေးခေါင်းဆောင် ဗိုလ်နေဝင်းစသဖြင့် ကွန်မြူနစ်ထိပ်ပိုင်းတွေက တာဝန်ယူခဲ့ကြတာ အမှန်ပါပဲ။

ဗမာပြည်ကွန်မြူနစ်ပါတီဟာ အဲဒီဖက်ဆစ်တော်လှန်ရေး ပြောက်ကျားစစ်ဆင်ရေးမှာ လူထုကို စည်းရုံးနိုင်တဲ့ စွမ်းအားကြီးမားတာရယ်၊ အိန္ဒိယကွန်မြူနစ်ပါတီက လက်နက်ကိုင် အာဏာသိမ်းဖို့ အခြေအနေ အချိန်အခါပေးနေပြီလို့(မြောက်ပေးတိုက်တွန်း)ဗဗကပကို လမ်းညွှန်လိုက်တာက (ပြည်ပ သြဇာခံမိတဲ့အမှား)တစ်သဝေမတိမ်း လိုက်နာ အကောင်အထည်ဖော်လွဲခဲ့မိတာ၊ နှစ်ပေါင်းများစွာ အဖတ်ဆယ်လို့မရနိုင်တော့လောက်အောင် ပြည်သူတွေရဲ့ လက်တွေ့ဘဝနဲ့ ဝေးကွာသွားခဲ့ရပါတော့တယ်။ (တရားကျဖို့တော့ကောင်းတယ်၊ ဗမာပြည်ကွန်မြူနစ်ပါတီကနေ လေးစားအားကျ အတုယူခဲ့မိတဲ့ အိန္ဒိယကွန်မြူနစ်ပါတီကတော့ နှစ်နှစ်လောက်ပဲ သူပုန်ထရမယ်။ လက်နက်ကိုင်တော်လှန်မှ ပိုင်နိုင်တဲ့ ပစ္စည်းမဲ့အာဏာရမယ်လို့ ဩဝါဒတွေ ပေးခဲ့ပေမယ့် သူတို့ကိုယ်တိုင်ကတော့ ၁၉၄၈ ခုနှစ်မှ ယနေ့အထိ လက်နက်ကိုင်ပုန်ကန်တာမျိုး လုံးဝ မလုပ်ခဲ့ပါ။ ကဲ ... ဆရာအတင်မှားရင် ကိုယ်ပဲ ရွှာလည်သွားခဲ့တာက မှတ်သားစရာ) ဗဗကပရဲ့ ကြီးမားတဲ့ သင်ခန်းစာပါ။ ၂၀၂၁ ခုနှစ်မှာ ဒီလိုအမှားမျိုး ထပ်မံပြီးမပေါ်သင်တော့ပါဘူး။

ဗမာပြည်ကွန်မြူနစ်ပါတီကို စာရေးသူက အထူးလေးစားပါတယ်။ မုန်းလဲမမုန်းပါဘူး။ မိမိချစ်တဲ့ လက်ဝဲစာရေးဆရာအချို့ကို ချစ်ခင်မြတ်နိုးနေမိတာမို့ မုန်းနိုင်စွမ်းမရှိခဲ့ပါဘူး။ ချစ်တာ မုန်းတာ မပါဘဲ တကယ်တမ်းအမှန်တရားက ခါးသီးပေမယ့် တင်ပြပါရစေ။ သမိုင်းအမှန်ထဲက သင်ခန်းစာ။

သြဇာခံ

အရည်အသွေး၊ အရည်အချင်းမြင့်မားကြသူတွေ ပါဝင်ခဲ့ပေမယ့် တရုတ်ကွန်မြူနစ်ပါတီရဲ့ သြဇာခံဘဝနောက်မြီးဆွဲလိုက်ပြီး ပြည်သူတွေနဲ့ သစ္စာရှိအနစ်နာခံခဲ့တဲ့ ရဲဘော်တွေကို ရက်ရက်စက်စက် သတ်ဖြတ်၊ နှိပ်စက်၊ အနိုင်ကျင့်မှု အမှားတွေကြောင့်(ဇာတ်တူသားစားလို့ဟသ်ကိုးသောင်းပျက်ကိန်း ကြုံသလိုပေါ့)ကျဆုံးသွားကြရှာပါတယ်။ သခင်သန်းထွန်း၊ သခင်ဇင်၊ သခင်ချစ်၊ ဗိုလ်ဇေယျ(ရဲဘော်သုံးကျိပ်ဝင်)၊ ဗိုလ်ရန်အောင်(ရဲဘော်သုံးကျိပ်ဝင်)။ တော်သေးတယ် ဗိုလ်မျူးရဲထွဋ်၊ ဗိုလ်တောက်ထိန် စတဲ့ ရဲဘော် သုံးကျိပ်ဝင်တွေ၊ သခင်တင်မြ၊ မောင်စူးစမ်း၊ ဗိုလ်ရဲမောင်၊ ဗိုလ်တာရာ စတဲ့ ပုဂ္ဂိုလ်တွေက စောစောပြန်ထွက်လာခဲ့ကြလို့ တော်သေးတာ။ ဗိုလ်တင်ရှိန်၊ ရဲဘော်မြ၊ ရဲဘော် ဘခက်၊ ဗိုလ်သက်ထွန်း စတဲ့ အမြင်မှန်ရလာတဲ့ ပုဂ္ဂိုလ်တွေကို အစိုးရက မနှိပ်စက်ခဲ့ဘဲ အထိုက်အလျောက် ချီးမြှင့်ခဲ့ပါတယ်။ တပ်မတော်ဟာ ပြည်သူထဲက ပြည်သူပါ။ ဘယ်သူ့ကိုမှ ရန်ညှိုးရန်စမထားခဲ့ပါဘူး။ စည်းလုံးဖို့သာ အမြဲကြိုးစားနေခဲ့တာပါ။

ပဋိပက္ခ

Armed Conflict လက်နက်ကိုင်ပဋိပက္ခကို တရားဝင်စာနယ်ဇင်းတွေက အမှန်အတိုင်း သူ့အဓိပ္ပာယ်စကားလုံးသာ ရေးကြစေလိုပါတယ်။ ပြည်တွင်းစစ်ဆိုတဲ့ ဗဗကပအနေနဲ့ သူ့ကိုယ်သူ အစိုးရအထင် ဘဝင်မြင့်တုန်းက အလွဲသုံးခဲ့တာကို မှားမှန်းလည်း အထင်အရှား သိထားကြပြီး ဖြစ်ပါတယ်။ အမှန်က Civil War လို့မခေါ်တာ ကမ္ဘာက သိတယ်။ ပြည်တွင်းစစ် မဟုတ်ခဲ့ပါဘူး။

နိဂုံးချုပ်

နိဂုံးချုပ်ကြပါစို့၊ အင်မတန် အစဉ်အလာကြီးမား၊ နိုင်ငံ့လွတ်လပ်ရေးမှာ ထိပ်တန်းကပါဝင်ဦးဆောင်ခဲ့ဖူးတဲ့ နိုင်ငံရေးပါတီကြီးတစ်ခုတောင် အိန္ဒိယကွန်မြူနစ်ခိုင်းတာ လုပ်မိ၊ တရုတ်ကွန်မြူနစ်လမ်းညွှန်တာ နာခံမိ၊ ပြည်သူတွေရဲ့ပကတိဘဝနဲ့ ကင်းကွာသွားတဲ့အခါ ဘယ်သူကမှ လက်မခံနိုင်ကြဘဲ ပြတ်ပြတ်သားသားပြည်သူရဲ့ ဒဏ်ခတ်ခြင်းကိုခံခဲ့ရတာ သင်ခန်းစာယူကြဖို့ပါ။ ဖြူစင်တဲ့ စေတနာနဲ့ပါ။

မတရားအသင်းတစ်ဖွဲ့ ပေါ်ပေါက်လာခဲ့ပြန်ပါပြီ။ ရည်ရွယ်ချက်က မြန်မာပြည်ကို Collapsed State အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲစေရမည်၊ Failed State ကျရှုံးပျက်စီးစေရမည်ဆိုတဲ့ ရည်ရွယ်ချက်ပဲ ဖြစ်ပါတယ်။ တိုးတက်လာစေဖို့၊ ကောင်းစားစေဖို့ အစီအမံ လုံးဝမပါတဲ့ အဖျက်သက်သက် တင်ကူးကြံ့ရွယ်ချက်ကို ပြည်သူအများ နိုင်ငံရေးအသိ နိုးကြားကြရမယ့် အချိန်အခါရောက်နေပြီ ဖြစ်ပါတယ်။ အလိမ်အညာတွေလည်း ပေါ်ခဲ့ပြီးဖြစ်ပါတယ်။ ။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ မတ်လ ၂၂ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်နှင့် ကျောက်ကြီးမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

စဉ်	မြို့နယ်နှင့် မဲရုံအရေအတွက်	မြို့နယ် ကော်မရှင် စာရင်း	လဝက စာရင်း	နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ	နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့်အထက် ပါဝင်နေသူများ	နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ
၁	ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် မဲရုံပေါင်း ၁၉၃ ရုံ	၁၉၉၉၀၂	၁၉၀၃၉၂	၂၅၈၇၃	၂၀၃၅	၂၃၃၇၆
၂	ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မဲရုံပေါင်း ၁၄၆ ရုံ	၈၇၈၈၁	၅၇၄၆၄	၁၆၀၉၃	၆၅၉	၈၃၉၀

ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည့် ကြိုတင်ဆန္ဒမဲများ ကောက်ယူနေသည်ကို တွေ့ရစဉ်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်နှင့် ကျောက်ကြီးမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကိုလည်း သက်ဆိုင်ရာ မြို့နယ်အလိုက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၃၃၉ ရုံ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၃၂၂၇၀၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၀၄၉၇၉၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၁၇၇၂၁ ၊ မြေပြင်လက်ကျန် ၁၁၄၁၃၁ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၁၆၁၀၇ ဖြစ်ပြီး အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၁၂၅၁၇ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်း ပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မဲဆန္ဒနယ်အလိုက် ဆန္ဒမဲများ သတ်မှတ်အရေအတွက်ဖြင့် ရိုက်နှိပ်ထားခြင်းဖြစ်ရာ အပိုတွေ့ရှိမှုသည် ဆန္ဒမဲလက်မှတ်များ တရားမဝင် ရိုက်နှိပ်သုံးစွဲကြောင်း တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

စဉ်	မြို့နယ်	မဲရုံပေါင်း	ထုတ်ယူရရှိ	အသုံးပြု	ကျန်ရမည့် မဲလက်မှတ်	မြေပြင် လက်ကျန်	ကွာခြားချက်	
							ပျောက်ဆုံး	ပို
၁	တောင်ငူ မြို့နယ်	၁၉၃	၂၂၀၇၀၀	၁၄၅၀၇၄	၇၅၆၂၆	၇၄၃၄၁	၄၆၀၂	၃၃၁၇
၂	ကျောက်ကြီး မြို့နယ်	၁၄၆	၁၀၂၀၀၀	၅၉၉၀၅	၄၂၀၉၅	၃၉၇၉၀	၁၁၅၀၅	၉၂၀၀
	စုစုပေါင်း	**၃၃၉**	**၃၂၂၇၀၀**	**၂၀၄၉၇၉**	**၁၁၇၇၂၁**	**၁၁၄၁၃၁**	**၁၆၁၀၇**	**၁၂၅၁၇**

တောင်ငူမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်တွင် ရပ်ကွက် ၂၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၇ အုပ်စု၊ မဲရုံပေါင်း ၁၉၃ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၂၂၀၇၀၀ ဖြစ်ပြီး နေပူကုန်းကျေးရွာအုပ်စု မဲရုံအမှတ်(၃)၏ ပြည်သူ့လွှတ်တော် မဲလက်မှတ်များကို ရှာဖွေတွေ့ရှိခြင်းမရှိပါ။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

စဉ်	အကြောင်းအရာ	ထုတ်ယူရရှိ	အသုံးပြု	ကျန်ရမည့် မဲလက်မှတ်	မြေပြင် လက်ကျန်	ကွာခြားချက်	
						ပျောက်ဆုံး	ပို
၁	ရပ်/ကျေး မဲလက်မှတ်	၂၁၁၀၅၀	၁၄၀၀၆၇	၇၀၉၈၃	၆၇၃၀၂	၄၆၀၂	၉၂၁
၂	မြို့နယ် ကြိုတင်မဲလက်မှတ်	၅၀၀၇	၅၀၀၇	-	-	-	-
၃	မြို့နယ်လက်ကျန် မဲလက်မှတ်	၄၆၄၃	-	၄၆၄၃	၇၀၃၉	-	၂၃၉၆
	စုစုပေါင်း	**၂၂၀၇၀၀**	**၁၄၅၀၇၄**	**၇၅၆၂၆**	**၇၄၃၄၁**	**၄၆၀၂**	**၃၃၁၇**

၆။ တောင်ငူမြို့နယ်၊ ရပ်ကွက် ၂၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၇ အုပ်စုရှိ မဲရုံ ၁၉၃ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၄၆၀၂ ပျောက်ဆုံးနေပြီး ၉၂၁ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက် ၄၆၄၃ ဖြစ်သော်လည်း မြေပြင်တွင် ၇၀၃၉ ကျန်ရှိသဖြင့် မဲလက်မှတ် ၂၃၉၆ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။

၇။ တောင်ငူမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	ရပ်ကွက်/ကျေးရွာအုပ်စု	မဲရုံ ပေါင်း	ထုတ်ယူ ရရှိ	အသုံးပြု	ကျန်ရမည့် မဲလက်မှတ်	မြေပြင် လက်ကျန်	ကွာခြားချက်	
							ပျောက်ဆုံး	ပို
၁	ထီးလှိုင်ရပ်ကွက်	၁	၂၅၅၀	၁၉၆၅	၅၈၅	၅၈၅		
၂	ရခိုင်စု၊ နေပူကုန်းရပ်ကွက်	၃	၉၀၀၀	၆၀၆၀	၂၉၄၀	၂၉၄၀		
၃	ယိုးဒယားတန်းရပ်ကွက်	၁	၂၀၀၀	၁၅၁၃	၄၈၇	၄၈၇		
၄	ကြက်တည်ရပ်ကွက်	၁	၁၀၅၀	၇၉၄	၂၅၆	၂၅၆		
၅	ပန်းဘဲတန်း(တောင်) ရပ်ကွက်	၁	၉၀၀	၆၅၈	၂၄၂	၂၄၂		
၆	ပန်းဘဲတန်း(မြောက်) ရပ်ကွက်	၁	၁၇၅၀	၁၂၅၃	၄၉၇	၄၉၇		
၇	ရှမ်းတန်းကွေ့ဈေးရပ်ကွက်	၁	၈၀၀	၅၅၄	၂၄၆	၂၄၆		
၈	ကန်တော်ရပ်ကွက်	၃	၅၁၀၀	၃၇၀၀	၁၄၀၀	၁၄၀၀		

ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည့် ကြိုတင်ဆန္ဒမဲများ ကောက်ယူနေသည်ကို တွေ့ရစဉ်။

စာမျက်နှာ ၁၉ သို့ »»

ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည့် ကြိုတင်ဆန္ဒမဲများ ကောက်ယူနေသည်ကို တွေ့ရစဉ်။

ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည့် ကြိုတင်ဆန္ဒမဲများ ကောက်ယူနေသည်ကို တွေ့ရစဉ်။

၄	ဓောင်ချမ်းတောင်ရပ်ကွက်	၁	၂၁၀၀	၁၆၁၁	၄၈၉	၄၈၉		
၁၀	မန်းရပ်ကွက်	၁	၂၅၅၀	၁၅၉၈	၉၅၂	၉၅၂		
၁၁	စေ့ားတန်းရပ်ကွက်	၁	၂၂၅၀	၂၁၈၄	၆၆	၅၆၆		၅၀၀
၁၂	လမ်းမကျယ်ရပ်ကွက်	၁	၁၁၅၀	၇၂၇	၄၂၃	၂၇၃	၁၅၀	
၁၃	စေ့ားရပ်ကွက်	၁	၁၅၀၀	၁၀၅၃	၄၄၇	၃၄၇	၁၀၀	
၁၄	တောင်ကွေ့စေ့ားရပ်ကွက်	၁	၁၅၀၀	၁၁၂၆	၃၇၄	၃၇၄		
၁၅	နတ်သျှင်နောင်ရပ်ကွက်	၃	၄၀၀၀	၂၄၉၅	၁၅၀၅	၁၄၅၅	၅၀	
၁၆	တပင်ရွှေထီးရပ်ကွက်	၄	၃၉၀၀	၂၅၅၈	၁၃၄၂	၈၄၂	၅၀၀	
၁၇	မင်းကြီးဆွေရပ်ကွက်	၁	၁၆၅၀	၁၁၁၀	၅၄၀	၅၄၀		
၁၈	ငါးဖယ်အင်းကျေးရွာအုပ်စု	၅	၃၆၀၀	၂၆၀၂	၉၉၈	၈၄၈	၁၅၀	
၁၉	ဇီးဒိုင်းကျေးရွာအုပ်စု	၃	၄၁၅၀	၂၇၄၃	၁၄၀၇	၁၂၀၇	၂၀၀	
၂၀	ကင်းဆိပ်ကျေးရွာအုပ်စု	၆	၅၁၅၀	၃၇၃၃	၁၄၁၇	၁၄၁၅	၂	
၂၁	လဲဘူးကျေးရွာအုပ်စု	၁	၂၃၅၀	၁၈၄၈	၅၀၂	၄၅၂	၅၀	
၂၂	ဆင်ဆိပ်ကျေးရွာအုပ်စု	၇	၅၅၀၀	၄၂၆၄	၁၂၃၆	၁၄၃၆		၂၀၀
၂၃	ဘုရားနှစ်ဆူကျေးရွာအုပ်စု	၁	၁၁၅၀	၈၉၉	၂၅၁	၂၅၁		
၂၄	ဘိုကတော်ကျေးရွာအုပ်စု	၃	၂၇၅၀	၁၈၉၆	၈၅၄	၇၅၄	၁၀၀	
၂၅	ထန်းကုန်းကျေးရွာအုပ်စု	၁	၇၀၀	၅၅၁	၁၄၉	၁၄၉		
၂၆	ဆူးတပ်ကျေးရွာအုပ်စု	၃	၁၇၅၀	၁၂၃၉	၅၁၁	၅၁၁		
၂၇	ချောင်းဖြူကျေးရွာအုပ်စု	၁	၁၃၅၀	၉၈၈	၃၆၂	၃၆၂		
၂၈	ပဲချက်ကုန်းကျေးရွာအုပ်စု	၂	၁၄၀၀	၉၄၇	၄၅၃	၄၅၃		
၂၉	မြောက်ရေကြည်ကျေးရွာအုပ်စု	၆	၃၇၅၀	၂၅၉၈	၁၁၅၂	၁၁၆၂		၁၀
၃၀	နေပူကုန်းကျေးရွာအုပ်စု	၆	၃၂၅၀	၂၃၅၅	၈၉၅	၁၀၄၄		၁၄၉
၃၁	ကျွန်းကုန်းကျေးရွာအုပ်စု	၄	၅၀၀၀	၃၃၉၄	၁၆၀၆	၁၄၅၆	၁၅၀	
၃၂	မဟာင်ကျေးရွာအုပ်စု	၇	၆၁၀၀	၄၅၅၆	၁၅၄၄	၁၂၄၄	၃၀၀	
၃၃	ကံရိုးကျေးရွာအုပ်စု	၂	၃၇၀၀	၂၆၅၉	၁၀၄၁	၇၉၁	၂၅၀	
၃၄	ဝက်ခေါက်စိန်ကျေးရွာအုပ်စု	၇	၂၉၅၀	၁၆၃၇	၁၃၁၃	၈၆၃	၄၅၀	
၃၅	စပါးကြွယ်ကျေးရွာအုပ်စု	၄	၂၈၀၀	၁၉၁၀	၈၉၀	၈၉၀		
၃၆	ဇီးကုန်းကျေးရွာအုပ်စု	၅	၃၅၀၀	၁၉၃၄	၁၅၆၆	၁၅၆၆		
၃၇	ကညင်မြောင်ကျေးရွာအုပ်စု	၆	၃၂၀၀	၁၈၇၃	၁၃၂၇	၁၃၂၇		
၃၈	အုတ်ကျွတ်တန်း(တောင်) ရပ်ကွက်	၁	၁၆၀၀	၁၀၅၇	၅၄၃	၅၄၃		
၃၉	အုတ်ကျွတ်တန်း(နောက်) ရပ်ကွက်	၁	၂၇၀၀	၁၉၈၃	၇၁၇	၇၁၇		
၄၀	အုတ်ကျွတ်တန်း(အရှေ့) ရပ်ကွက်	၁	၂၂၀၀	၁၅၈၇	၆၁၃	၆၁၃		
၄၁	ငွေလုံအိုးကုန်းရပ်ကွက်	၂	၆၄၀၀	၄၁၅၆	၂၂၄၄	၂၁၉၄	၅၀	
၄၂	တပ်မြေရပ်ကွက်	၂	၇၁၅၀	၄၅၃၇	၂၆၁၃	၂၆၁၃		
၄၃	မြို့ကြီးရပ်ကွက်	၃	၆၄၅၀	၃၄၀၈	၃၀၄၂	၂၇၉၆	၂၄၆	
၄၄	ဓေယျာခင်ဦးရပ်ကွက်	၂	၃၅၀၀	၁၈၉၅	၁၆၀၅	၁၀၀၅	၆၀၀	
၄၅	မင်းကြီးညိုရပ်ကွက်	၄	၆၀၀၀	၄၀၄၇	၁၉၅၃	၁၉၅၃		

»» စာမျက်နှာ ၁၈ မှ

၄၆	ခြသေ့ဦးရပ်ကွက်	၂	၄၅၀၀	၂၆၉၆	၁၈၀၄	၁၇၅၀	၅၄	
၄၇	သဝန်ငယ်ရပ်ကွက်	၁	၁၀၀၀	၆၃၈	၃၆၂	၄၁၂		၅၀
၄၈	ဒိုးအင်းကျေးရွာအုပ်စု	၄	၃၄၀၀	၂၁၄၀	၁၂၆၀	၁၁၆၀	၁၀၀	
၄၉	ပဒဲကျေးရွာအုပ်စု	၁	၁၈၅၀	၁၁၉၅	၆၅၅	၆၅၅		
၅၀	ကုရင်ချောင်းကျေးရွာအုပ်စု	၂	၃၁၀၀	၁၉၂၆	၁၁၇၄	၁၁၇၄		
၅၁	အရှေ့ဆင်ကျေးရွာအုပ်စု	၅	၃၁၀၀	၁၆၁၇	၁၄၈၃	၁၃၈၃	၁၀၀	
၅၂	အနောက်ဆင်ကျေးရွာအုပ်စု	၂	၂၂၀၀	၁၄၅၉	၇၄၁	၇၄၁		
၅၃	သဖန်းပင်ကျေးရွာအုပ်စု	၅	၃၅၅၀	၂၄၉၄	၁၀၅၆	၉၅၆	၁၀၀	
၅၄	မိုးကောင်းကျေးရွာအုပ်စု	၄	၅၈၅၀	၃၅၂၂	၂၃၂၈	၂၃၃၀		၂
၅၅	ကမ်းနီကျေးရွာအုပ်စု	၇	၃၄၅၀	၂၁၉၂	၁၂၅၈	၉၀၈	၃၅၀	
၅၆	ကွမ်းပင်ကျေးရွာအုပ်စု	၅	၂၉၅၀	၁၆၇၅	၁၂၇၅	၁၂၇၅		
၅۷	ကျောက်တိုင်ကျေးရွာအုပ်စု	၆	၄၀၅၀	၁၉၂၅	၂၁၂၅	၂၁၂၅		
၅၈	ဒိုးသောင်ကျေးရွာအုပ်စု	၅	၇၄၅၀	၅၄၄၃	၂၀၀၇	၂၀၁၇		၁၀
၅၉	ရှမ်းစုကြီးကျေးရွာအုပ်စု	၃	၂၇၅၀	၁၉၃၄	၈၁၆	၈၁၆		
၆၀	ရွှေအင်းလေးကျေးရွာအုပ်စု	၄	၃၀၅၀	၂၀၅၇	၉၉၃	၉၉၃		
၆၁	ရှောက်ပင်ချောင်းကျေးရွာအုပ်စု	၃	၁၄၀၀	၇၂၄	၆၇၆	၆၂၆	၅၀	
၆၂	အင်ဒိုင်းကျေးရွာအုပ်စု	၂	၂၇၅၀	၁၉၂၅	၈၂၅	၈၂၅		
၆၃	နဂါးမောက်ကျေးရွာအုပ်စု	၅	၃၁၅၀	၁၉၇၆	၁၁၇၄	၁၁၇၄		
၆၄	ဆိပ်ဖူး(တောင်) ကျေးရွာအုပ်စု	၅	၇၆၅၀	၄၂၇၄	၃၃၇၆	၂၈၇၆	၅၀၀	
	ရပ်ကွက်ချုပ်စုစုပေါင်း	**၁၉၃**	**၂၁၁၀၅၀**	**၁၄၀၀၆၇**	**၇၀၉၈၃**	**၆၇၃၀၂**	**၄၆၀၂**	**၉၂၁**
	မြို့နယ်ကြိုတင်မဲလက်မှတ်		၅၀၀၇	၅၀၀၇				
	မြို့နယ်လက်ကျန်မဲလက်မှတ်		၄၆၄၃	-	၄၆၄၃	၇၀၃၉		၂၃၉၆
	မြို့နယ်ချုပ်စုစုပေါင်း		**၂၂၀၇၀၀**	**၁၄၅၀၀၄**	**၇၅၆၂၆**	**၇၄၃၄၁**	**၄၆၀၂**	**၃၃၁**

ကျောက်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ မြေပြင်စစ်ဆေးချက်များအရ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်တွင် ရပ်ကွက် ၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၄ အုပ်စု၊ မဲရုံပေါင်း ၁၄၆ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၀၂၀၀၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၅၉၉၀၅ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၄၂၀၉၅ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၉၇၉၀ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

စဉ်	အကြောင်းအရာ	ထုတ်ယူရရှိ	အသုံးပြု	ကျန်ရမည့် မဲလက်မှတ်	မြေပြင် လက်ကျန်	ကွာခြားချက်	
						ပျောက်ဆုံး	အပို
၁	ရပ်/ကျေး မဲလက်မှတ်	၁၀၁၀၀၀	၅၉၁၁၉	၄၁၈၈၁	၃၀၄၂၆	၁၁၅၀၅	၅၀
၂	မြို့နယ် ကြိုတင်မဲလက်မှတ်	၇၈၆	၇၈၆	-	-	-	-
၃	မြို့နယ်လက်ကျန် မဲလက်မှတ်	၂၁၄	-	၂၁၄	၉၃၆၄	-	၉၁၅၀
	စုစုပေါင်း	**၁၀၂၀၀၀**	**၅၉၉၀၅**	**၃၉၇၉၀**	**၃၀၄၂၆**	**၁၁၅၀၅**	**၉၂၀၀**

၉။ ကျောက်ကြီးမြို့နယ်၊ ရပ်ကွက် ၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၄ အုပ်စုရှိ မဲရုံ ၁၄၆ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၁၁၅၀၅ ပျောက်ဆုံးနေပြီး ၅၀ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက် ၂၁၄ ဖြစ်သော်လည်း မြေပြင်တွင် ၉၃၆၄ ကျန်ရှိသဖြင့် မဲလက်မှတ် ၉၁၅၀ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။

၁၀။ ကျောက်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စာမျက်နှာ ၂၀ သို့ »»

»» စာမျက်နှာ ၁၉ မှ

စဉ်	ရပ်ကွက်/ကျေးရွာအုပ်စု	မဲရုံပေါင်း	ထုတ်ယူရရှိ	အသုံးပြု	ကျန်ရမည့် မဲလက်မှတ်	မြေပြင်လက်ကျန်	ကွာခြားချက်	
							ပျောက်ဆုံး	ပို
၁	၈/ထွေစုတ်ကျေးရွာအုပ်စု	၅	၃၈၀၀	၁၉၈၆	၁၈၁၄	၁၂၅၄	၅၆၀	-
၂	၀ဲကြီးကျေးရွာအုပ်စု	၅	၃၆၀၀	၂၂၂၅	၁၃၇၅	၁၁၂၅	၂၅၀	-
၃	မုန်းကျေးရွာအုပ်စု	၁၃	၁၁၇၅၀	၆၄၈၃	၅၂၆၇	၄၁၁၇	၁၁၅၀	-
၄	သောင်လယ်ကျေးရွာအုပ်စု	၈	၄၆၀၀	၂၆၇၅	၁၉၂၅	၁၆၆၅	၂၆၀	-
၅	တပ်ကုန်းကျေးရွာအုပ်စု	၄	၃၇၅၀	၂၀၄၂	၁၇၀၈	၁၁၀၈	၆၀၀	-
၆	ညောင်ပင်သာကျေးရွာအုပ်စု	၆	၅၇၅၀	၃၁၅၀	၂၆၀၀	၁၅၅၀	၁၀၅၀	-
၇	မွေတွင်းကျေးရွာအုပ်စု	၅	၃၄၀၀	၁၉၀၈	၁၄၉၂	၈၉၂	၆၀၀	-
၈	တောပုကျေးရွာအုပ်စု	၄	၂၉၀၀	၁၄၇၇	၁၄၂၃	၁၁၂၃	၃၀၀	-
၉	မီးတိုင်တောကျေးရွာအုပ်စု	၆	၄၇၀၀	၂၇၀၇	၁၉၉၃	၁၅၄၃	၄၅၀	-
၁၀	မြောင်းရိုးကြီးကျေးရွာအုပ်စု	၂	၁၁၀၀	၅၄၃	၅၅၇	၄၀၇	၁၅၀	-
၁၁	ကျွန်းပင်ဆိပ်ကျေးရွာအုပ်စု	၃	၂၂၀၀	၁၃၂၇	၈၇၃	၃၇၃	၅၀၀	-
၁၂	နောင်ဘိုကျေးရွာအုပ်စု	၂	၁၄၅၀	၉၈၃	၄၆၇	၃၁၇	၁၅၀	-
၁၃	ပဲခူးရပ်ကွက်	၂	၂၀၀၀	၁၂၉၆	၇၀၄	၆၀၄	၁၀၀	
၁၄	ဆားတန်းရပ်ကွက်	၁	၄၀၀	၂၅၆	၁၄၄	၄၄	၁၀၀	
၁၅	ကပ်ကျေးရပ်ကွက်	၁	၇၀၀	၄၈၁	၂၁၉	၂၁၉	-	
၁၆	သိန်တန်းရပ်ကွက်	၂	၂၇၀၀	၁၇၇၅	၉၂၅	၈၂၅	၁၀၀	
၁၇	တောင်ငူတန်းရပ်ကွက်	၁	၁၂၀၀	၇၃၂	၄၆၈	၄၆၈	-	
၁၈	မေတ္တာရပ်ကွက်	၂	၁၈၅၀	၁၁၆၆	၆၈၄	၃၈၄	၃၀၀	
၁၉	လောင်ပုပ်ရပ်ကွက်	၁	၈၀၀	၅၂၀	၂၈၀	၂၈၀	-	
၂၀	မအူပင်ဆိပ်ကျေးရွာအုပ်စု	၆	၄၇၀၀	၂၈၁၃	၁၈၈၇	၁၆၃၇	၂၅၀	
၂၁	မိချောင်းဂေါင်းကျေးရွာအုပ်စု	၁	၄၅၀	၂၁၂	၂၃၈	၁၈၈	၅၀	
၂၂	ကျောက်ပုံလယ်ကျေးရွာအုပ်စု	၁	၃၀၀	၁၃၃	၁၆၇	၈၂	၈၅	
၂၃	တုံးကြီးကျေးရွာအုပ်စု	၆	၃၃၅၀	၁၉၀၅	၁၄၄၅	၈၉၅	၅၅၀	
၂၄	ကျောက်ပုံ(တောင်)ကျေးရွာအုပ်စု	၁	၄၀၀	၂၄၀	၁၆၀	၁၆၀	-	

စဉ်	ရပ်ကွက်/ကျေးရွာအုပ်စု	မဲရုံပေါင်း	ထုတ်ယူရရှိ	အသုံးပြု	ကျန်ရမည့် မဲလက်မှတ်	မြေပြင်လက်ကျန်	ကွာခြားချက်	
							ပျောက်ဆုံး	ပို
၂၅	အင်းနက်ကျေးရွာအုပ်စု	၇	၃၅၅၀	၂၀၆၅	၁၄၈၅	၆၈၅	၈၀၀	
၂၆	ဂမုန်းအိုင်ကျေးရွာအုပ်စု	၁	၄၀၀	၁၇၂	၂၂၈	၇၈	၁၅၀	
၂၇	ပတ္တလားကျေးရွာအုပ်စု	၄	၁၇၀၀	၁၁၂၇	၅၇၃	၄၂၃	၁၅၀	
၂၈	ဝက်လာတောကျေးရွာအုပ်စု	၂	၁၂၀၀	၈၃၅	၃၆၅	၃၁၅	၅၀	
၂၉	မမရမ်းကျေးရွာအုပ်စု	၂	၁၀၅၀	၇၁၄	၃၃၆	၂၃၆	၁၀၀	
၃၀	ကျွဲတလင်းကျေးရွာအုပ်စု	၂	၈၀၀	၄၀၉	၃၉၁	၁၄၁	၂၅၀	
၃၁	လယ်ဝိုင်းကြီးကျေးရွာအုပ်စု	၁	၃၀၀	၁၅၉	၁၄၁	၄၁	၁၀၀	
၃၂	ထိုးဝါးစိုက်ကျေးရွာအုပ်စု	၄	၂၁၀၀	၁၀၈၆	၁၀၁၄	၆၆၄	၃၅၀	
၃၃	ကျောက်စရစ်ကျေးရွာအုပ်စု	၅	၂၉၀၀	၁၅၉၉	၁၃၀၁	၇၅၁	၅၅၀	
၃၄	ဒေါင်းမို့ကျေးရွာအုပ်စု	၃	၁၇၀၀	၉၂၀	၇၈၀	၅၃၀	၂၅၀	
၃၅	ရေလဲကျေးရွာအုပ်စု	၆	၂၇၅၀	၁၆၆၈	၁၀၈၂	၄၈၂	၆၀၀	
၃၆	နတ်သံကွင်းကျေးရွာအုပ်စု	၁၁	၈၂၀၀	၄၈၃၄	၃၃၆၆	၃၀၆၆	၃၀၀	
၃၇	ရွာကြီးအင်းကျေးရွာအုပ်စု	၃	၁၆၀၀	၁၀၃၅	၅၆၅	၄၆၅	၁၀၀	
၃၈	နောင်ကုန်းကျေးရွာအုပ်စု	၄	၂၅၅၀	၁၉၂၁	၆၂၉	၆၇၉		၅၀
၃၉	မဟုတ်ကျေးရွာအုပ်စု	၁	၉၅၀	၆၈၂	၂၆၈	၁၆၈	၁၀၀	
၄၀	ကပ်ပယ်လမ်းခွဲကျေးရွာအုပ်စု	၁	၆၀၀	၄၅၂	၁၄၈	၉၈	၅၀	
၄၁	ခဲဒိုးကျေးရွာအုပ်စု	၁	၈၀၀	၄၀၆	၃၉၄	၃၄၄	၅၀	
	ရပ်ကွက်ချုပ်စုစုပေါင်း	**၁၄၆**	**၁၀၁၀၀၀**	**၅၉၁၁**	**၄၁၈၈၁**	**၃၀၄၆**	**၁၁၅၀၅**	**၅၀**
	မြို့နယ်ကြိုတင်မဲလက်မှတ်		၇၈၆	၇၈၆				
	မြို့နယ်လက်ကျန်မဲလက်မှတ်		၂၁၄		၂၁၄	၉၃၆၄		၉၁၅၀
	မြို့နယ်ချုပ်စုစုပေါင်း		**၁၀၂၀၀၀**	**၅၉၀၅**	**၄၂၀၉၅**	**၃၉၇၉၀**	**၁၁၅၀၅**	**၉၂၀၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ရန်ကုန်မြို့၌ လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြားမှ နေ့စဉ် အမှိုက်တန်ချိန် ၂၁၀၀ ခန့်ကို လူအင်အား၊ စက်ယန္တရားအင်အား အသုံးပြုပြီး ပုံမှန်သိမ်းဆည်းပေးလျက်ရှိ

ရန်ကုန် မတ် ၂၂

မြို့တော်နေပြည်သူများ ကျန်းမာကြံ့ခိုင်စေရေးအတွက် ရန်ကုန်မြို့၌ ယခုကာလအတွင်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြားမှ နေ့စဉ် အမှိုက်တန်ချိန် ၂၁၀၀ ခန့်ကို လူအင်အား၊ စက်ယန္တရားအင်အားများ အသုံးပြု၍ နံနက် ၄ နာရီမှ ည ၈ နာရီအထိ ပုံမှန်သိမ်းဆည်းပေးလျက်ရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးနယ်နိမိတ် ၃၃ မြို့နယ်အတွင်း ပုံမှန်ထွက်ရှိသော အမှိုက်တန်ချိန် ၂၅၀၀ ကို ယခင်က ပုံမှန်သိမ်းဆည်းနိုင်ခဲ့သော်လည်း ယခုကာလတွင် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် အမှိုက်တန် ချိန် ၂၁၀၀ ခန့်ကိုသာ သိမ်းဆည်းပေးနိုင်ခဲ့သည်။

ယနေ့ကာလသည် နွေရာသီကာလဖြစ်၍ မီးဘေးအန္တရာယ်မဖြစ်စေရေးနှင့် ရက်ကြာပုပ်သိုးသော အမှိုက်များမှထွက်ရှိသော အနံ့ဆိုးများကြောင့် ပြည်သူများ၏ ကျန်းမာရေးကို မထိခိုက်စေရန် အတွက် လမ်းပိတ်ဆို့မှုမရှိသော လမ်းမကြီး၊ လမ်းသွယ်များအတွင်းရှိ အမှိုက်များကို သန့်ရှင်းရေးဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ သန့်ရှင်းရေးဝန်ထမ်းအင်အား ၄၇၀၀ ကျော်ခန့်က အမှိုက်သိမ်းယာဉ် (၈)တန်၊ (၆)တန်၊ (၄)တန်၊ (၁) တန်ယာဉ်အပါအဝင်ယာဉ်အစီးရေစုစုပေါင်း ၅၀၀ ခန့်ဖြင့် နံနက် ၄ နာရီမှ ည ၈ နာရီအထိ လူအင်အား၊ စက်ယန္တရား အင်အားများဖြင့် ကြိုးပမ်းအားထုတ် သိမ်းဆည်းလျက်ရှိကြောင်း သိရသည်။

"ယခုအချိန်ခါက နွေရာသီကာလဖြစ်လို့ သစ်ရွက်ခြောက်တွေနဲ့ အိမ်ထွက်အမှိုက်ခြောက်တွေကြောင့် မီးဘေးအန္တရယ် စိုးရိမ်ရတယ်။ ဒါ့အပြင် အမှိုက်အစိုတွေကြောင့် သိမ်းဆည်းမှုကြန့်ကြာခဲ့ရင် အနံ့ဆိုးတွေ ထွက်လာနိုင်ပြီး ပိုးမွှားများပေါက်ပွားပြီး လေထုအတွင်း ပျံ့လွင့်မှုရှိတာကြောင့် ပြည်သူတွေရဲ့ ကျန်းမာရေးကို တိုက်ရိုက်ထိခိုက်စေနိုင်တယ်။ ဒါကြောင့် ကျွန်တော်တို့က တားဆီးပိတ်ပင်မှုမရှိဘဲ ဝင်ထွက်သွားလာနိုင်တဲ့ နေရာတွေ ရက်ကြာပုပ်သိုးအမှိုက်တွေကို အချိန်နဲ့တစ်ပြေးညီ နေ့စဉ် ပြည်သူတွေနဲ့ ပူးပေါင်းကာ သိမ်းဆည်းပေးနေပါတယ်"ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင် ရက်ကြာပုပ်သိုးသော အမှိုက်စိုများ သိမ်းဆည်းပြီးပါက ကြမ်းခင်းကိုရေဆေးခြင်း၊ ထုံးဖြူးခြင်း၊ ဆေးဖျန်းခြင်းနှင့် အသုံးပြုထားသော အမှိုက်ပုံများကိုလည်း ပြန်လည်ရေဆေးခြင်း၊ ပိုးသတ်ခြင်းများကို စနစ်တကျ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စောရွှေဂွန်း

လမ်းပိတ်အတားအဆီးများ စုပေါင်းရှင်းလင်းဆောင်ရွက်

ရန်ကုန် မတ် ၂၂

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယနေ့နံနက်ပိုင်းမှ စတင်၍ စမ်းချောင်းမြို့နယ် ပဒုမ္မာလမ်း၊ ဈေးလမ်း၊ ဗိုလ်မိုးလမ်း၊ ရှမ်းကုန်းလမ်း၊ ဓမ္မာရုံလမ်းရှိ လမ်းပိတ်အတားအဆီးများအား Loader တစ်စီး၊ Hyundai ယာဉ်သုံးစီးဖြင့် ၁၁ ခေါက်သိမ်းဆည်း၍ လည်းကောင်း၊ ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်း၊ ဗိုလ်အောင်ကျော်လမ်းရှိ အမြင်မတင့်တယ်သော အတားအဆီးများအား Hopper ယာဉ်တစ်စီးဖြင့်လည်းကောင်း၊ ကမာရွတ်မြို့နယ် ပန်းခြံ(၆)လမ်း၊ မြတ်လေးရုံကျောင်းလမ်း၊ ဇောတိကလမ်းတွင် လည်းကောင်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်း(ဦးဖိုးကျားလမ်းမှ အထက်ပန်းဆိုးတန်းလမ်းကြား) တွင် လည်းကောင်း၊ သာကေတမြို့နယ် ကမာကြည်တံတားတွင် လည်းကောင်း၊ ဒေါပုံမြို့နယ် ယမုံနာလမ်းတွင် လည်းကောင်း၊ ရန်ကင်းမြို့နယ် ရန်ရှင်းလမ်းတွင် လည်းကောင်း၊ တာမွေမြို့နယ် ကျိုက္ကစ်လမ်း (၁၅)လမ်းမှ ဗျိုင်းရေအိုးစင်လမ်းကြား)တွင် လည်းကောင်း၊ ကျောက်တံတားမြို့နယ် အနော်ရထာလမ်း၊ ပန်းဆိုးတန်းလမ်းတွင် လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် သုဓမ္မလမ်းမကြီးတွင် လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းမကြီးတွင် လည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် စည်ပင်လမ်း၊ သရက်ချောင်းလမ်းတွင်လည်းကောင်း၊ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း၊ သမိုင်းဘူတာရုံလမ်းတွင်လည်းကောင်း၊ လှိုင်သာယာမြို့နယ် အောင်ဇေယျတံတားထိပ်နှင့် ညောင်တုန်းလမ်းတွင်လည်းကောင်း နှောင့်ယှက်လိုသူများကပိတ်ဆို့ထားသော အတားအဆီးများနှင့် သဲ၊ ခဲ၊ ကျောက်တုံးများ၊ အမှိုက်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများ၊ ပြည်သူများက စုပေါင်းရှင်းလင်းခြင်း၊ လမ်းမများအား ရေဆေးပေးခြင်းဖြင့် သန့်ရှင်းမှုရှိပြီး လမ်းအသုံးပြုသူများ စိတ်အေးချမ်းသာလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် လေလှိုင်းပေါ်က မှိုင်းတိုက်ကြသူများ

မတ်လ ၂၁ ရက်ရက်စွဲဖြင့် ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာတစ်စောင်ကို ထုတ်ပြန်ထားပါသည်။ ထိုအမိန့်ကြော်ငြာစာတွင် တရားမဝင်ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH)နှင့် ဆက်စပ်သူများ၊ အဖွဲ့အစည်းများကို မတရားအသင်းအဖြစ် ကြေညာလိုက်ခြင်းဖြစ်ပါသည်။ အဘယ့်ကြောင့် ထိုကဲ့သို့ကြေညာခဲ့ရသနည်းဆိုလျှင် ယင်းအဖွဲ့အစည်းသည် နိုင်ငံ၏ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ အေးချမ်းသာယာရေးကို အနှောင့်အယှက်ဖြစ်စေသည်ဟု ယုံကြည်ယူဆသဖြင့် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

နေခြည်သွေး

ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်၏ ကိစ္စအဝဝကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူထိန်းသိမ်းပေးလျက်ရှိပါသည်။ နိုင်ငံတော်အတွက် ရှေ့လုပ်ငန်းစဉ် ၅ ရပ် ချမှတ်ဆောင်ရွက်ခြင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် ၉ ရပ် ချမှတ်၍ မမှိတ်မသုန်ဆောင်ရွက်နေခဲ့သည်ကိုလည်း မြင်တွေ့ရပါသည်။ ထိုသို့ဆောင်ရွက်နေခြင်းသည် ၂၀၀၈ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံနှင့် လူမျိုး အကျိုးစီးပွားအတွက် လုပ်ဆောင်သင့်၊ လုပ်ဆောင်ရမည့် တာဝန်များကို ထမ်းဆောင်ခဲ့ခြင်းဖြစ်သည်ဟု ယူဆပါသည်။

ယခု မတရားအသင်းအဖြစ် ကြေညာခြင်းခံရသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw–CRPH)ကို ဖေဖော်ဝါရီလအတွင်း အွန်လိုင်း၌ စတင်မြင်တွေ့ခဲ့ရသည်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲဝင် NLD ပါတီမှ ကိုယ်စားလှယ်လောင်းများ၊ ထင်ရှားလူသိများသည့် လူငယ်အချို့၊ လက်ရှိတာဝန်ယူထားသည့်အစိုးရကို လက်မခံနိုင်သည့် ပုဂ္ဂိုလ်အချို့ ဖွဲ့စည်းဆောင်ရွက်နေသည်ဟု ယူဆရပါသည်။ သို့သော် တရားဝင်ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းမျိုးကားမဟုတ်။ အခြေခံဥပဒေကို ကျော်လွန်၍ ဖွဲ့စည်းထားသည့်အပြင် ထုတ်ပြန်ချက်များကို အစိုးရသဖွယ်ထုတ်ပြန်နေခြင်း၊ ပြည်သူတို့အား သတင်းအချက်အလက် အမှားအယွင်းများပေးခြင်း၊ ခြိမ်းခြောက်၍ ဖိအားပေးကာ ဝန်ထမ်းများအား CDM ပြုလုပ်စေခြင်းအပြင် အခြားဆိုးရွားသည့် မြှောက်ပင့်သွေးထိုးကာ နိုင်ငံပျက်စီးရာလမ်းကြောင်းအား ပုံဖော်နေကြသည်ကို မြင်တွေ့ရသည်။

ထိုကဲ့သို့ မတရားအသင်းအဖြစ် ကြေညာသတ်မှတ်ထားသည့် အဖွဲ့အစည်းလက်အောက်တွင် လုပ်ကိုင်နေသူ၊ ဆက်စပ်ပတ်သက်နေသူများသည်လည်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖျက်ဆီးမည့်သူများ၊ တစ်နည်းအားဖြင့် နိုင်ငံတော်ပုန်ကန်သူများ၊ နိုင်ငံတော်သစ္စာဖောက်များဟု ယူဆနိုင်ပါသည်။ ယင်းသို့သော အခြေအနေမျိုးကို ၁၉၈၈ ခုနှစ်တွင်လည်း မြင်တွေ့ခဲ့ရဖူးပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေမပေါ်ပေါက်သေးချိန် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို ဆုပ်ကိုင်ရင်း ၁၉၉၈ ခုနှစ်တွင်လည်း ယခုကဲ့သို့ ဖွဲ့စည်းမှုမျိုးကို မြင်တွေ့ခဲ့ရသည်။ စင်ပြိုင်အစိုးရအဖွဲ့အဖြစ် အတင်းအသက်သွင်းရန် ကြိုးပမ်းခဲ့ကြဖူးသည်။ သို့သော် မအောင်မြင်ခဲ့ပါ။

ယခု CRPH ၏ ခြေလှမ်းများကို လေ့လာကြည့်ရာ ပြည်သူများအား သတင်းအချက်အလက် အမှားများဖြင့် မှိုင်းတိုက်နေသည်ကို မြင်တွေ့ရသည်။ ဥပမာ နိုင်ငံတကာအသိအမှတ်ပြုခြင်းခံရသည့် အဖွဲ့အစည်းဖြစ်နေပြီဟု သတင်းလွှင့်ခြင်း၊ မြန်မာနိုင်ငံအတွင်း စီးပွားရေးအခက်အခဲကြုံစေရန် ဝန်ထမ်းများ CDM လုပ်ခြင်းနှင့် Boycott လုပ်ခြင်း အောင်မြင်နေပြီဟု သတင်းလွှင့်ခြင်း၊ ကမ္ဘာ့ဘဏ်နှင့် နိုင်ငံရပ်ခြားမှာရှိသည့် မြန်မာနိုင်ငံမှ ငွေကြေးများကို ထိန်းချုပ်ထားပြီဟု သတင်းလွှင့်ခြင်း၊ ပြည်တွင်းနိုင်ငံရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ဆွေးနွေးညှိနှိုင်းနေပြီဟု သတင်းဖြန့်ချိခြင်း၊ သူတို့အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့် အမြင်မတူညီဘဲ အေးချမ်းစွာနေလိုသည့်သူများအတွက် Social Bullying လုပ်ဆောင်ရန် မြှောက်ပင့်သွေးထိုးခြင်း၊ ယင်းကော်မတီ၏ ဦးဆောင်မှုအောက်တွင် ဖက်ဒရယ်စစ်တပ်မကြာမီ ပေါ်ပေါက်လာတော့မည်ဆို၍ တရားလက်လွတ်ပြောဆိုခြင်း၊ အေးချမ်းစွာ နေထိုင်ကြသူ လူငယ်များအား ခုခံတော်လှန်ရမည်ဟူသည့် မှားယွင်းသည့် အတွေးအခေါ်ကို ထည့်သွင်းပေးခြင်း၊ လွတ်မြောက်နယ်မြေများ ပေါ်ပေါက်လာပြီ၊ အစိုးရသစ်ယန္တရားအတွက် CDM ဝန်ထမ်းများအား အလုပ်အကိုင်များခန့်အပ်မည်စသည်ဖြင့် ဝါဒမှိုင်းတိုက်ခြင်းများကို ထပ်တလဲလဲ ပြုလုပ်လျက်ရှိသည်ကို မြင်တွေ့ရသည်။

ခေါင်းဆောင်သူများကို အွန်လိုင်းပေါ်တွင်သာ မြင်တွေ့ရပြီး လေလှိုင်းထဲမှတစ်ဆင့် ပြည်သူ့ထံသို့ ဝါဒမှိုင်းတိုက်ကြသူများက မက်လုံးအမျိုးမျိုး၊ ခြိမ်းခြောက်မှုအမျိုးမျိုးတို့ဖြင့် လမ်းမပေါ်ထွက်စေခြင်း၊ ဝန်ထမ်းများအား CDM လုပ်စေခြင်းတို့သည် အောင်မြင်မှုမရရှိသည်ကိုလည်း မြင်တွေ့ရသည်။ ပဋ္ဌိပက္ခဖြစ်စဉ်များဖြစ်ပွားတိုင်း စာရေးသူ လေ့လာကြည့်မိသလောက် အေးချမ်းစွာဆန္ဒပြနေကြသူများကို ရက်ရက်စက်စက် ဖြိုခွဲခြင်းဟူသည့် ဖြစ်စဉ်မရှိဘဲ တစ်စတစ်စနှင့် အကြမ်းဖက်မှုအသွင်၊ ဆူပူမှုအသွင် ကူးပြောင်းလာနေသည့် အခြေအနေမျိုးတွင်သာ ထိန်းသိမ်းဆောင်ရွက်နေခြင်းဟု ရှုမြင်မိပါသည်။ ထိုအတွင်း လူငယ်များ အထိအခိုက် အကျအဆုံးများ ဖြစ်လာနေခြင်းတွင်လည်း ပြည်သူများအား သွေးဆူစေရန် အမျိုးမျိုးလှုံ့ဆော်ကာ ဆက်လက်တိုက်ပွဲဝင်ရမည်ဟုပင် မြှောက်ပင့်ပေးနေသူများကိုလည်း မြင်တွေ့ရသည်။

> **ခေါင်းဆောင်သူများကို အွန်လိုင်းပေါ်တွင်သာ မြင်တွေ့ရပြီး လေလှိုင်းထဲမှတစ်ဆင့် ပြည်သူ့ထံသို့ ဝါဒမှိုင်းတိုက်ကြသူများက မက်လုံးအမျိုးမျိုး၊ ခြိမ်းခြောက်မှုအမျိုးမျိုးတို့ဖြင့် လမ်းမပေါ်ထွက်စေခြင်း၊ ဝန်ထမ်းများအား CDM လုပ်စေခြင်းတို့သည် အောင်မြင်မှု မရရှိသည်ကိုလည်း မြင်တွေ့ရသည်။ ပဋ္ဌိပက္ခဖြစ်စဉ်များ ဖြစ်ပွားတိုင်း စာရေးသူလေ့လာကြည့်မိသလောက် အေးချမ်းစွာ ဆန္ဒပြနေကြသူများကို ရက်ရက်စက်စက်ဖြိုခွဲခြင်းဟူသည့် ဖြစ်စဉ်မရှိဘဲ တစ်စတစ်စနှင့် အကြမ်းဖက်မှုအသွင်၊ ဆူပူမှုအသွင် ကူးပြောင်းလာနေသည့် အခြေအနေမျိုးတွင်သာ ထိန်းသိမ်းဆောင်ရွက်နေခြင်းဟု ရှုမြင်မိပါသည်။ ထိုအတွင်း လူငယ်များ အထိအခိုက် အကျအဆုံးများ ဖြစ်လာနေခြင်းတွင်လည်း ပြည်သူများအား သွေးဆူစေရန် အမျိုးမျိုးလှုံ့ဆော်ကာ ဆက်လက်တိုက်ပွဲဝင်ရမည်ဟုပင် မြှောက်ပင့်ပေးနေသူများကိုလည်း မြင်တွေ့ရသည်။**

မတ်လ ၂၁ ရက်က ထုတ်ပြန်ထားသည့် မတရားအသင်း CRPH ၏ ထုတ်ပြန်ချက်ပါ အချက်များကို ဥပမာအနေဖြင့် တင်ပြလိုပါသည်။ CDM တံခါးကို မတ်လကုန်တွင် ပိတ်သိမ်းမည်၊ CDM တွင် ပါဝင်ကြသူများကို ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်များချီးမြှင့်မည်၊ CDM မလုပ်သူဝန်ထမ်းများ အားထိရောက်စွာ အပြစ်ပေးအရေးယူမည်၊ နိုင်ငံတော်စီမံအုပ်ချုပ်မှုယန္တရားသစ်တည်ဆောက်မည်စသည်ဖြင့် မည်သို့မျှမဖြစ်နိုင်သည့် မက်လုံးများပေးကာ ဝန်ထမ်းများအား ဖိအားပေးခြင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ တာဝန်ကျေပွန်လျက်ရှိသည့် ဝန်ထမ်းများအား ခြိမ်းခြောက်စော်ကားခြင်းနှင့် နိုင်ငံတော်မတည်မငြိမ်ဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိ မှိုင်းတိုက်ထားသည့် ထုတ်ပြန်ချက်များသာ ဖြစ်ပါသည်။

တရားဥပဒေနှင့်အညီ ဆောင်ရွက်နေသည့် ပွင့်လင်းမြင်သာစွာ ဖွဲ့စည်းထားခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား စွပ်စွဲပြစ်တင်ခြင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အရေးယူပေးနိုင်ရန်ဟူ၍ပင် မိမိတို့နိုင်ငံအား နိုင်ငံတကာဖိအားပေး၍ ပြည်သူများ အတိဒုက္ခရောက်ရှိပြီး ရရှိထားပြီးသား နိုင်ငံတော်တည်ငြိမ်မှု၊ အေးချမ်းမှု၊ သာယာဝပြောမှုတို့ကို ဖျက်ဆီးခြင်းဟုပင် ယူဆမိပါသည်။ အာဏာကို မှားယွင်းအသုံးချကာ ဒီမိုကရေစီအမည်တပ်နေသည့် ပါတီနှင့်လူတစ်စုတို့အတွက် ပြည်သူနှင့် နိုင်ငံတော်ကို ဖျက်ဆီးရန်ကြံစည်သည့် အဖွဲ့အစည်းဟူ၍ပင် မှတ်ယူရမည်ဖြစ်ပါသည်။

ထို့အပြင် လွတ်လပ်မှုအတွက် ရပ်တည်တယ်၊ ဒီမိုကရေစီအတွက် ရပ်တည်ပါတယ်ဟု ကြွေးကြော်ပြီး ကျည်လွတ်ရာနယ်မြေတွင် နိုင်ငံရေးခိုလှုံကာ ပြည်သူများ အတိဒုက္ခရောက်စေရန်အတွက် အမျိုးမျိုးကြံစည်တွေးတောမြှောက်ပင့်ပြောဆိုနေသူ ဒေါက်တာဆာဆာ၊ ဒေါက်တာဇော်ဝေစိုးတို့အပါအဝင် တရားမဝင် မတရားအသင်း CRPH တွင် ပါဝင်ပတ်သက်နေသူများကိုလည်း ဖော်ထုတ်အရေးယူခြင်း၊ နိုင်ငံတော်သစ္စာဖောက်မှုများ၊ စွပ်စွဲပြစ်တင်ခြင်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။

ဒီမိုကရေစီစနစ်ဖြင့် တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြမည်ဟူသည့် ကြွေးကြော်သံများဖြင့် ဆယ်စုနှစ်များစွာ မျှော်လင့်ခဲ့ကြရသည့် ဒီမိုကရေစီလမ်းကြောင်းအတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ပိုင်ဆိုင်ခဲ့ကြပြီးပြီ။ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကိုလည်း ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ကျင်းပနိုင်ခဲ့ပြီးပြီ။ နောက်ဆုံးတစ်ကြိမ် ကျင်းပသည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုကျင်းပခဲ့ချိန်တွင် ပြည်သူများအတွက် တရားမျှတမှု၊ မှန်ကန်မှုတို့အတွက် မေးခွန်းထုတ်စရာများ ပေါ်ပေါက်လာခဲ့သည်။

ပြည်သူများ၊ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးတတ်သိပညာရှင်များက ထောက်ပြဝေဖန်မှုများကို ပယ်ချခဲ့ခြင်း၊ တပ်မတော်က စေ့စပ်ညှိနှိုင်းရေးလမ်းကြောင်းများစွာဖြင့် ဆောင်ရွက်ခဲ့ခြင်းအပေါ်တွင်လည်း လျစ်လျူရှုခဲ့ခြင်းနှင့် မဲမသမာမှုများရှိနေသည့်တိုင် လွတ်တော်ကို အတင်းအကျပ် အာဏာရှင်ဆန်ဆန် ခေါ်ဆောင်ခဲ့ခြင်းတို့၏ နောက်ဆက်တွဲရလဒ်များအဖြစ် ယခုကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူဆောင်ရွက်ပေးနေရခြင်းဖြစ်သည်ကို ပြည်သူများသိရှိ၍ အမှားနှင့် အမှန်ကို ဝေဖန်ပိုင်းခြားကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ပြည်သူများ၏ မူလရည်မှန်းချက်များပြည့်မြှောက်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းပေးရန်နှင့် နိုင်ငံတော်ကိုသစ္စာဖောက်သူများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်ဖျက်ဆီးသူများအား ရှောင်ကြဉ်ဖယ်ရှားကြရန် လိုအပ်နေပြီဖြစ်ပါကြောင်း။ ။

> **လွတ်လပ်မှုအတွက် ရပ်တည်တယ်၊ ဒီမိုကရေစီအတွက် ရပ်တည်ပါတယ်ဟု ကြွေးကြော်ပြီး ကျည်လွတ်ရာနယ်မြေတွင် နိုင်ငံရေးခိုလှုံကာ ပြည်သူများ အတိဒုက္ခရောက်စေရန်အတွက် အမျိုးမျိုးကြံစည်တွေးတောမြှောက်ပင့်ပြောဆိုနေသူ ဒေါက်တာဆာဆာ၊ ဒေါက်တာဇော်ဝေစိုးတို့အပါအဝင် တရားမဝင် မတရားအသင်း CRPH တွင် ပါဝင်ပတ်သက်နေသူများကိုလည်း ဖော်ထုတ်အရေးယူခြင်း၊ နိုင်ငံတော်သစ္စာဖောက်မှုများဖြင့် စွဲချက်တင်ခြင်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။**

ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

နေပြည်တော် မတ် ၂၂

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်မှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာ ဘုရား၊ စေတီများ အပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖွင့်မြောက်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖွင့်မြော်၊ ဝတ်ပြု၊ ကြည်ညိုတရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညိုကုသိုလ်ယူလျက်ရှိကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာဘာသာများအလိုက် အများပြည်သူ ဝတ်ပြုကြည်ညိုနိုင်ရေးအတွက် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာ ဘာသာဝင်များက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

သမိုင်းဝင်ပေါ်ကြို(ဘုရားပွဲတော် ဖွင့်ပွဲကျင်းပ

သီပေါ မတ် ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ပေါ်ကြို(မုဌော)စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယတပေါင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက စေတီတော်အရှေ့ဘက်မုခ်ဦး၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် သီပေါမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမိလိန္ဒနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးနှင့် ပေါ်ကြို(ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစိုင်းသာညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ စေတီတော်ရင်ပြင်၌ ဥက္ကဋ္ဌဆရာတော်ထံမှ ပရိသတ်များက ငါးပါးသီလခံယူကြပြီး အလှူရှင်များက အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် သမိုင်းဝင်ပေါ်ကြို မုဌောစေတီတော်မြတ်ကြီးအား ဆရာတော်များက လက်ယာရစ်ကြွချီ၍ မေတ္တာသုတ်ပရိတ်တရားတော်တို့ကို ရွတ်ဖတ်ပူဇော်ကြသည်။

ယခုကျင်းပသည့် ပေါ်ကြို ဘုရားပွဲတော်၌ ဆရာတော်သံဃာတော်များ၏ အသံမစဲ မဟာပဌာန်း ရွတ်ဖတ်ပူဇော်ပွဲနှင့် ရတနာမာန်အောင်၊ ရတနာဥဏှာအောင်၊ ရတနာစျာန်အောင်၊ ရတနာရန်အောင် စသည့် ပုဂံခေတ်လက်ရာ ရှေးဘုရား လေးဆူအား ရွှေသက်န်းကပ်လှူခြင်း၊ အစဉ်အလာမပျက် တပေါင်းလပြည့် နံနက်အရုဏ်ဆွမ်းကပ်လှူခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ခြင်းတို့ဖြင့်သာ စီစဉ်ကျင်းပသွားမည်ဖြစ်ပြီး ဇာတ်သဘင်၊ အငြိမ့်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ ပါဝင်မည်မဟုတ်ကြောင်း သိရသည်။

သီပေါကိုလတ်

လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆန်၊ ဆီ၊ ဆား၊ ပဲ စားသောက်ဖွယ်ရာများ ပေးအပ်

နေပြည်တော် မတ် ၂၂

နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စားရေးအခက်အခဲ မရှိစေရန်၊ ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ဆေးဝါးများ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကို လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များ၊ စစ်မှုထမ်းဟောင်းရုံး၊ အိမ်ရာများ၊ တပ်နယ်ခန်းမများ၊ ရဲတပ်ဖွဲ့မှူးရုံးများနှင့် သက်ဆိုင်ရဲစခန်းများ၌ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုမောင်နှင့်အဖွဲ့ဝင်များက လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စောသန်းလှိုင်နှင့်အဖွဲ့ဝင်များက လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဟသံတခရိုင်၊ မြောင်းမြခရိုင်၊ ဖျာပုံခရိုင်၊ လပွတ္တာခရိုင်နှင့် မအူပင်ခရိုင်များရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် အနောက်တောင်စစ်ဌာနချုပ်မှ တာဝန်ရှိသူများက လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်နှင့် မိုးညိုမြို့နယ်တို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တာဝန်ရှိသူများက လည်းကောင်း သွားရောက်တွေ့ဆုံ၍ ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူရှင်များက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပင်စင်စား မိဘပြည်သူများသို့ ပန်ကြားချက်

မြန်မာ့စီးပွားရေးဘဏ်တွင် Wave Pay ၊ MPT Pay တို့ဖြင့် ပင်စင်လစာထုတ်ယူနေသော မိဘပင်စင်စားများအနေဖြင့် လတ်တလောအခြေအနေအရ ၂၀၂၁ ခုနှစ် မတ်လအတွက် အငြိမ်းစားလစာငွေများကို Mobile Agents များတွင် ထုတ်ယူခြင်းအစား သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် E-Pension ကတ်အသုံးပြု၍ ထုတ်ယူနိုင်ပါရန်နှင့် COVID-19 ကူးစက်ရောဂါ ကာကွယ်နိုင်ရေးအတွက် ၂၂-၃-၂၀၂၁ ရက်နေ့ တစ်ရက်တည်း ထုတ်ယူခြင်းအစား ယင်းနေ့နောက်ပိုင်း ဘဏ်ဖွင့်ရက်များတွင် ဘဏ်လုပ်ငန်းချိန်အတွင်း လွယ်ကူစွာ ထုတ်ယူနိုင်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်

ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

နေပြည်တော် မတ် ၂၂

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ ထေရ်ဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅)နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နှင့် လောက်ကိုင်မြို့တို့အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို သတ်မှတ်နေရာ၌ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အေးသာယာမြို့၊ ကလောမြို့၊ ဟိုပုန်းမြို့၊ ပင်လောင်းမြို့၊ မိုးဗြဲမြို့၊ နမ့်စန်မြို့၊ လွိုင်လင်မြို့၊ လင်းခေးမြို့၊ မောက်မယ်မြို့၊ ကာလိမြို့၊ မိုးနဲမြို့နှင့် ကယားပြည်နယ် လွိုင်ကော်မြို့၊ ဘောလခဲမြို့နယ်များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို သတ်မှတ်နေရာ အသီးသီး၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ကြံခင်းမြို့နှင့် ငပုတောမြို့များအတွင်းရှိ သံဃာတော်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို သတ်မှတ်နေရာ အသီးသီး၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အတွင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို သတ်မှတ်နေရာ အသီးသီး၌ လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများ ပါဝင်သော ဆေးအဖွဲ့များက CDM တွင်ပါဝင်ခြင်းမရှိဘဲ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေး စစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး သံဃာတော်များအား ဖူးမြော်ကြည်ညိုခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကေတုမတီငါးနှင့် ကြက်မွေးမြူရေး ကုန်ထုတ်သမဝါယမအသင်းလီမိတက် ငါးမျိုးစုံ ထုတ်လုပ်ဖြန့်ဖြူး

နေပြည်တော် မတ် ၂၂

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကေတုမတီငါးနှင့် ကြက်မွေးမြူရေး ကုန်ထုတ်သမဝါယမအသင်းလီမိတက်သည် အသင်းပိုင်ငါးကန်များတွင် ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးတန်၊ ယိုးဒယားငါးခုံးမ၊ ငါးမုတ်စသော ငါးမျိုးစုံကို မွေးမြူ၍ ၎င်းငါးကန်များမှ ဖော်ထုတ်ရရှိသည့်ငါးများကို တနင်္ဂနွေနေ့မှအပ နေ့စဉ် နံနက် ၄ နာရီတွင် ကန်၌ပင် လက်ကားရောင်းချခြင်းနှင့် တောင်ငူဈေးကြီးတွင်လည်း လက်လီရောင်းချကာ ပြည်သူများ ငါးများများစားသုံးနိုင်ရေးအတွက် ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

မတ် ၂၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၈ ဦး တွေ့ရှိ

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၂-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၁-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၂၃၁၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၈ ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၂၄,၇၇၀) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၂၆၄) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ နှစ်ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၇၆၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်"အတိုင်း COVID-19 ရောဂါကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ကမ္ဘာနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အမေရိကန်	၃၀၅,၃၀၁,၁၅	၂,၂၇,၄,၃,၀၀	၅,၅,၃,၂,၄
၂။	ဘရာဇီး	၁,၁,၆,၈,၂,၃,၃	၁,၀,၄,၄,၆,၃,၃	၂,၆,၄,၁,၅
၃။	အိန္ဒိယ	၁,၁,၆,၄,၇,၆,၄	၁,၁,၁,၅,၁,၇,၂	၁,၆,၀,၁,၆
၄။	ရုရှား	၄,၄,၆,၆,၁,၃	၄,၀,၇,၇,၁,၈,၅	၆,၅,၃,၆,၁
၅။	ဗြိတိန်	၄,၂,၆,၆,၅,၃	၃,၆,၇,၃,၂,၁	၁,၂,၆,၁,၅
၆။	ပြင်သစ်	၄,၈,၂,၆,၀,၃	၂,၇,၆,၄,၆	၆,၃,၀,၅
၇။	အီတလီ	၃,၃,၇,၆,၃,၇,၆	၂,၆,၆,၇,၆,၂	၁,၀,၄,၆,၄,၂
၈။	စပိန်	၃,၂,၁,၃,၃,၂	၂,၆,၄,၅,၄,၆	၇,၂,၆,၁,၀
၉။	တူရကီ	၃,၀,၁,၃,၁,၂	၂,၈,၂,၁,၁,၈,၇	၃,၀,၀,၆,၁
၁၀။	ဂျာမနီ	၂,၆,၇,၀,၀,၀	၂,၄,၂,၃,၀,၀	၇,၅,၂,၇,၀

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အင်ဒိုနီးရှား	၁,၄,၆,၅,၈	၁,၂,၇,၄,၆,၇	၃,၄,၇,၁,၁
၂။	ဖိလစ်ပိုင်	၆,၇,၁,၇,၂	၅,၇,၈,၅,၀	၁,၂,၇,၂
၃။	မလေးရှား	၃,၃,၄,၁,၅,၆	၃,၁,၈,၇,၈,၄	၁,၂,၃,၈
၄။	မြန်မာ	၁,၄,၂,၆,၄	၁,၃,၁,၇,၆,၅	၃,၂,၀,၄
၅။	စင်ကာပူ	၆,၀,၂,၀,၈	၆,၀,၀,၃,၈	၃,၀
၆။	ထိုင်း	၂,၇,၈,၇,၆	၂,၆,၆,၆,၃	၈,၁
၇။	ဗီယက်နမ်	၂,၅,၇,၂	၂,၁,၈,၈	၃,၅
၈။	ကမ္ဘောဒီးယား	၁,၇,၅,၃	၈,၆,၇	၃
၉။	ဘရူနိုင်း	၂,၀,၆	၁,၈,၈	၃
၁၀။	လာအို	၄,၈	၄,၅	၀

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ပညာရေးမှူးရုံးခွဲ လက်လုပ်အသံမိုင်း နှစ်လုံး ပေါက်ကွဲမှုဖြစ်ပွား

နေပြည်တော် မတ် ၂၂

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ပညာရေးမှူးရုံးခွဲ လက်လုပ်အသံမိုင်း နှစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး ပျက်ပြားစေရေးတို့အတွက် နောက်ကွယ်မှ ကြိုးကိုင်ခြယ်လှယ်နေသူများ၏ သွေးထိုးလှုံ့ဆော်မှုများဖြင့် အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်လျက်ရှိရာ ရဲကင်း၊ ရဲစခန်းများအား လူအင်အားဖြင့် ဝင်ရောက်စီးနင်းခြင်း၊ မီးပုလင်းများ အသုံးပြု၍ မီးရှို့ဖျက်ဆီးရန်ကြံစည်ခြင်း၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်းများအပြင် အများပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန်နှင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်အတွက် အဖျက်အမှောင့် လုပ်ရပ်များကို နေ့စဉ်ရက်ဆက်ဆိုသလို လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။

မတ် ၂၂ ရက် နံနက် ၈ နာရီခွဲခန့်တွင် တံတားဦးမြို့နယ် အမှတ်(၁)ရပ်ကွက် စိတ္တမဟီလမ်းရှိ မြို့နယ်ပညာရေးမှူးရုံးခွဲ အခြေခံပညာမူလတန်းကျောင်းအုပ် စွမ်းရည်မြှင့်သင်တန်း ဖွင့်လှစ်လျက်ရှိသော မြတ်ပညာသင်တန်းခန်းမရှေ့တွင် ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က အခင်းဖြစ်နေရာသို့ သွားရောက်ပြီး ရှင်းလင်းစစ်ဆေးခဲ့ရာ ခန်းမပတ်ဝန်းကျင်တွင် ပေါက်ကွဲပြီး လက်လုပ်အသံမိုင်း နှစ်လုံးကို တွေ့ရှိခဲ့ရကြောင်း။

ဖြစ်စဉ်အားစိစစ်ခဲ့ရာ အမျိုးသား နှစ်ဦး(စိစစ်ဆဲ)က စိတ္တမဟီလမ်းမအတိုင်း ဆိုင်ကယ်တစ်စီးဖြင့် မောင်းနှင်လာပြီး လက်လုပ်အသံမိုင်း နှစ်လုံးကို ကျောင်းဝင်းအတွင်းသို့ပစ်သွင်းခဲ့ရာ တစ်လုံးမှာ သင်တန်းခန်းမနှင့် ၁၀ ပေအကွာသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ကျန်တစ်လုံးမှာ သင်တန်းခန်းမနှင့် ပေ ၂၀ ခန့်အကွာတွင် ကျရောက်ပေါက်ကွဲခဲ့ခြင်းဖြစ်ကာ ပေါက်ကွဲမှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုမရှိကြောင်း၊ ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန်နှင့် တည်ငြိမ်မှုပျက်ပြားစေရန် ရည်ရွယ်ပြုလုပ်သည့် လက်လုပ်အသံမိုင်း ပေါက်ကွဲမှုဖြစ်ကြောင်း။

လက်လုပ်အသံမိုင်း ပေါက်ကွဲမှုဖြစ်စဉ်နှင့် ပတ်သက်၍ ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးအတွက် လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပြီး အလားတူ ဖြစ်စဉ်များ ထပ်မံဖြစ်ပွားမှုမရှိစေရေး လုံခြုံရေး အင်အား တိုးမြှင့်ချထား၍ နေ့/ည လှည့်ကင်းများအား မပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ ဆူပူဆန္ဒပြရာတွင် ကိုင်ဆောင်အသုံးပြုရန် ဗီနိုင်းဆိုင်းဘုတ်ပြုလုပ်ပေးသည့် ကြော်ငြာလုပ်ငန်းဆိုင်အား ဖမ်းဆီး

နေပြည်တော် မတ် ၂၂

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ ဆူပူဆန္ဒပြရာတွင် ကိုင်ဆောင်အသုံးပြုရန် ဗီနိုင်းဆိုင်းဘုတ်ပြုလုပ်ပေးသည့် ကြော်ငြာလုပ်ငန်းဆိုင်အား ဖမ်းဆီးခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မသင့်မလျော်လုပ်ဆောင်နေ

ယင်းသတင်းထုတ်ပြန်ချက်အရ ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် လူအားဖြင့် လှုပ်ရှားမှုများအပြင် နိုင်ငံတော်အစိုးရဆန့်ကျင်ရေးရုပ်ပုံများ၊ စာတန်းများအား အများပြည်သူပိုင် လမ်းမကြီးများတွင် ဆေးရေးခြယ်ခြင်း၊ ညအချိန်တွင် အစိုးရဆန့်ကျင်ရေးစာသားများပါ ဖယောင်းတိုင်ထွန်းခြင်းစသည်ဖြင့် လူစုလူဝေးဖြစ်ပေါ်အောင် လှုံ့ဆော်ဆောင်ရွက်မှုများအပြင် နိုင်ငံတော်အကြီးအကဲ၏ ဓာတ်ပုံများအား ဗီနိုင်း/စက္ကူများဖြင့် ပုံနှိပ်ထုတ်ဝေပြီး လမ်းမကြီးများနှင့် လူသွားလမ်းကြောင်းများတွင် ချထားခြင်း၊ အုတ်တံတိုင်းနှင့် သချိုင်းအုတ်ဂူများတွင် ကပ်ထားခြင်း စသည်ဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အလစ်အငိုက်အခြေအနေ အခွင့်သာမှုအပေါ် မူတည်ကာ မသင့်မလျော်လုပ်ဆောင်နေသည်ကို တွေ့ရှိရကြောင်း။

ယင်းကဲ့သို့ နိုင်ငံတော်အစိုးရအား ဆန့်ကျင်သည့် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ပုံနှိပ်ထုတ်ဝေခြင်း၊ မိတ္တူကူးခြင်း စသည့်လုပ်ငန်းရပ်များကို စီးပွားရေးလုပ်ငန်းအဖြစ် ဆောင်ရွက်နေကြသော ကွန်ပျူတာဆိုင်များ၊ မိတ္တူကူးဆိုင်များသည် ၂၀၁၄ ခုနှစ် မတ် ၁၄ ရက်တွင် ထုတ်ပြန်ခဲ့သည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့် ငြိစွန်းသည့်အပြင် ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် အရေးယူခံရသည့် ပြစ်မှုကျူးလွန်မှုများကို ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် ယင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြု(မပြု)လုပ်ကြပါရန်နှင့် စစ်ဆေးတွေ့ရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မတ် ၈ ရက်တွင် သတင်းထုတ်ပြန် အသိပေးထားရှိပြီးဖြစ်ကြောင်း။

ထိုသို့ သတင်းထုတ်ပြန်ထားရှိပြီးဖြစ်သော်လည်း အချို့သောမြို့နယ်များတွင် ဆက်လက်ပြုလုပ်မှုများရှိနေကြောင်းသတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဟာအောင်မြေမြို့နယ် မဟာအောင်မြေအနောက်ရပ်ကွက်ရှိ အောင်မင်းမြတ် (ခ) အောင်ကြီး (၅၈)နှစ် (ဘ) ဦးကျော်ဇောမြတ် ပိုင်ဆိုင်သော "အောင်ကြီးဆီဇော" ကြော်ငြာလုပ်ငန်းဆိုင်သို့ မတ် ၂၁ ရက် နံနက် ၁၀ နာရီတွင် ဝင်ရောက်ရှာဖွေခဲ့ရာ အောင်မင်းမြတ်(ခ) အောင်ကြီးကို ဆိုင်အတွင်း၌ အသင့်တွေ့ရှိရသဖြင့် ထိန်းသိမ်းပြီး ၎င်းဆိုင်အတွင်း ဆက်လက်ရှာဖွေခဲ့ရာ ပုံနှိပ်လုပ်ငန်းများတွင် အသုံးပြုသော ကွန်ပျူတာ ငါးစုံ၊ ဗီနိုင်းစက် ခြောက်လုံး၊ စတေကာဖြတ်စက်တစ်လုံး၊ ရက်စွဲအလိုက် မှာယူပစ္စည်းများ ရေးသွင်းထားသည့် စာရင်းစာအုပ် နှစ်အုပ်၊ ငြေစာစာအုပ်တစ်အုပ်၊ နိုင်ငံတော်အစိုးရ ဆန့်ကျင်ရေးရုပ်ပုံနှင့် စာသားများပါ ဗီနိုင်းစတေကာမျိုးစုံ ၁၂ ခု၊ ပုံနှိပ်လုပ်ငန်းများတွင် အသုံးပြုသော ဆက်စပ်ပစ္စည်း ကိရိယာမျိုးစုံတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိသူ အောင်မင်းမြတ်(ခ) အောင်ကြီးအား နိုင်ငံတော်အစိုးရဆန့်ကျင်ရေးရုပ်ပုံနှင့်စာသားများပါ ဗီနိုင်း၊ ပိုစတာနှင့် စတေကာများအား ပုံနှိပ်ထုတ်ဝေပေးခဲ့သဖြင့် ဥပဒေနှင့်အညီ အရေးယူနိုင်ရေး အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

❐

(ပဲမှယား)တရားခံ ၀ဏ္ဍိုင်း(၅)နေထက်ရှိုင်း၊ ကျော်ကျော်လွင်(ခ)ကျော်ကြီး

ညောင်လေးပင်မြို့နယ်ရဲစခန်းကို မီးပုလင်းနှင့် ရန်ပြုပစ်ခတ်

နေပြည်တော် မတ် ၂၂

ညောင်လေးပင်မြို့နယ် ရဲစခန်းကို မီးပုလင်းနှင့် ရန်ပြုအကြမ်းဖက်ပစ်ခတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ မတ် ၂၁ ရက် ည ၁၂ နာရီခွဲတွင် ညောင်လေးပင်မြို့နယ်ရှိ နယ်မြေရဲစခန်းကို ငရှိုင်း(ခ) နေထက်ရှိုင်း(၂၃)နှစ်၊ (ဘ) ဦးဖိုးထောင်ပါ နှစ်ဦးသည် ရဲစခန်း ခြံစည်းရိုးဘေး ချုံပုတ်အတွင်းမှ ပုန်းအောင်းကာ ပုဆိုးစနှင့် ဓာတ်ဆီများထည့်ထားသော ဖန်ပုလင်းမီးရှို့၍ ရဲစခန်းဝင်းအတွင်းသို့ ရန်ပြုပစ်ခတ်ခဲ့၍ ခြံစည်းရိုးဘေးတွင် လှန်းထားသော အဝတ်အထည်အချို့ မီးလောင်ပျက်စီးခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ငရှိုင်း(ခ) နေထက်ရှိုင်းပါ နှစ်ဦးကို လိုက်လံဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီအရေးယူနိုင်ရေး အမှုဖွင့်လှစ်ထားရှိသည်။

ဆူပူအကြမ်းဖက်သူများအနေဖြင့် ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးအားအလေးထားဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရုံး၊ ရဲစခန်းများအား အကြောင်းမဲ့ရန်ပြုအကြမ်းဖက်တိုက်ခိုက်မှုများ ဆောင်ရွက်လျက်ရှိသဖြင့် လုံခြုံရေးအင်အား တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အလားတူအကြမ်းဖက်မှုမျိုး ထပ်မံမဖြစ်ပေါ်စေရေးအတွက် ကျူးလွန်သူများအပြင် သွေးထိုးလှုံ့ဆော်သူများအားလည်း ထိရောက်စွာဖော်ထုတ် အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်သူလူထုမှ သတင်းပေးနိုင်ရန် ထုတ်ပြန်ခြင်း

နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်လျက်ရှိပြီး တရားမဝင်ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(Committee Representing Pyidaungsu Hluttaw–CRPH) နှင့် ယင်းကော်မတီက ဖွဲ့စည်းထားသော အဖွဲ့အစည်းများကို ၂၀၂၁ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် မတရားအသင်းအဖြစ် ကြေညာပြီးဖြစ်ပါသည်။

တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ နိုင်ငံတော်မှ မတရားအသင်းကြေညာထားသော CRPH အဖွဲ့ဝင်များအနေဖြင့် ၂၂-၃-၂၀၂၁ ရက်နေ့ နံနက် ၀၉၀၀ အချိန်တွင် Online Meeting ဖြင့် အစည်းအဝေးပြုလုပ်ခဲ့ပြီး ဆုံးဖြတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ကြောင်း သိရှိရပါသည်-

(၁) VOA သတင်းဌာနနှင့် အင်တာဗျူးမေးခွန်းများအပေါ် ဧာ်ဝေစိုးမှ ပြန်လည်ဖြေကြားပြီး မကြာမီ အမြန်ဆုံးပေးပို့သွားရန်။

(၂) NED သို့ ရန်ပုံငွေဆောင်ရွက်ရန်တွက် ထင်လင်းအောင်မှ မူကြမ်းရေးသားသွားရန်။

(၃) သက်ကြီးပင်စင်နှင့်ပတ်သက်၍ အမြန်စာထုတ်နိုင်ရေး CRPH အဖွဲ့မှ အဆုံးအဖြတ်ပေးရန်။

(၄) အစိုးရအဖွဲ့အင်္ဂါစဉ်အား ၂၁-၃-၂၀၂၁ ရက်နေ့တွင် လွင်ကိုလတ်မှ ထုတ်ပြန်သွားရန်။

(၅) ယာယီဒုတိယသမ္မတ မန်းဝင်းခိုင်သန်းမှ အမေရိကန်သမ္မတထံ လျှို့ဝှက်စာပေးပို့နိုင်ရန်အတွက် ကျော်မိုးထွန်းမှ မူကြမ်းရေးသားပေးရန်။

(၆) ဝင်းမြတ်အေးနှင့် ဧာ်ဝေစိုးတို့မှ Development Partner များနှင့် တွေ့ဆုံရန်။

(၇) ICC နှင့် ပတ်သက်ပြီး အသေးစိတ်ဆွေးနွေးရန်အတွက် ၂၂-၃-၂၀၂၁ ရက်နေ့တွင် CRPH အဖွဲ့ဝင်များမှ အစည်းအဝေးပြုလုပ်ရန်။

(၈) Offshore ကိစ္စအတွက် ထင်လင်းအောင်၊ တင်ထွန်းနိုင်နှင့် ကျော်မိုးထွန်းတို့မှ တွေ့ဆုံဆွေးနွေးရန်။

(၉) NUCC မတိုင်မီ Charter ကိစ္စ အသေးစိတ်တင်ပြအစည်းအဝေးပြုလုပ်ရန်အတွက် လွင်ကိုလတ်အား တာဝန်ပေးအပ်ရန်။

(၁၀) ဘင်္ဂလီကိစ္စနှင့်ပတ်သက်ပြီး Media ကို Consistently response နည်းဗျူဟာလုပ်ရန်အတွက် CRPH အဖွဲ့ဝင်များမှ အစည်းအဝေးပြုလုပ်ရန်။

(၁၁) မြန်မာပြည်အတွင်း ရန်ပုံငွေကောက်ခံသုံးစွဲရန် နည်းလမ်းရှာပေးရန်အတွက် ဖြူဖြူသင်းနှင့် လွင်ကိုလတ်တို့အား တာဝန်ပေးအပ်ရန်။

(၁၂) လူကယ်ပြန်ဝန်ကြီးဌာန၏ ဆောင်ရွက်ရန်လုပ်ငန်းစဉ်များကို ထုတ်ပြန်ရန်အတွက် ဝင်းမြတ်အေးအား တာဝန်ပေးအပ်ရန်။

(၁၃) မဟာနဆရာတော်ကြီး ၄၇ ပါးမှ ၎င်းတို့၏ရုံးခန်းများ ပိတ်လိုက်ပြီဖြစ်ကြောင်း ကြေညာထားသည့်အပေါ် ယာယီဒုတိယသမ္မတ မန်းဝင်းခိုင်သန်းမှ ကျေးဇူးတင်ကြောင်း စာထုတ်ရန်။

ထို့အပြင် ယင်းကော်မတီ၌ ဦးဆောင်ဖွဲ့စည်းထားသည့် အဖွဲ့ဝင်(၁၅)ဦးနှင့် ယင်းကော်မတီက တရားမဝင်ခန့်အပ်တာဝန်ပေးခြင်းကို လက်ခံဆောင်ရွက်သူများကိုလည်း နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုအပါအဝင် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူထားရှိပြီး သက်ဆိုင်ရာတရားရုံးများမှ ဖမ်းဝရမ်းများ ထုတ်ဆင့်ထားရှိပြီးဖြစ်ပါသည်။

သို့ဖြစ်၍ သက်ဆိုင်ရာတရားရုံးများက ဖမ်းဝရမ်းထုတ်ဆင့်ထားသော ဖော်ပြပါပုဂ္ဂိုလ်များနှင့် စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားပါက လက်ခံထားသူများကိုပါ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စဉ်	အမည်၊ နေရပ်လိပ်စာ	ဓာတ်ပုံ
၁	ဦးစောယှားဖောင်းအွာ (ဘ)ဦးနေဘဲထွယ်၊ ၃/ ဘအန (နိုင်) ၁၆၉၈၃၁၊ CRPH ကော်မတီ ကိုယ်စားပြုအဖွဲ့ဝင်၊ ရွာမရပ်ကွက်၊ အိန္ဒုစံပြကျေးရွာ၊ ဘားအံမြို့နယ်။	
၂	ဦးဇေလတ်၊ (ဘ)ဦးညွှန့်အောင်၊ ၇/ပခန(နိုင်) ၁၇၆၂၁၅၊ CRPH ကော်မတီ ကိုယ်စားပြုအဖွဲ့ဝင်၊ ဥသသာမြို့သစ် (၂)ရပ်ကွက်၊ပဲခူးမြို့။	
၃	ဦးဝင်းနိုင်၊ (ဘ) ဦးမြမောင်၊ ၁/ မတက (နိုင်) ၀၀၄၈၀၉၊ CRPH ကော်မတီ ကိုယ်စားပြုအဖွဲ့ဝင်၊ နမ္မတီးမြို့၊ မိုးကောင်းမြို့နယ်။	
၄	ဦးနိုင်ထူးအောင် (ဘ)ဦးအေးဆွေ၊ ၉/ နထက (နိုင်) ၁၃၁၂၂၈၊ CRPH ကော်မတီ ကိုယ်စားပြုအဖွဲ့ဝင်၊ အမှတ်(၃) ရပ်ကွက်၊ နွားထိုးကြီးမြို့နယ်။	
၅	ဦးမျိုးနိုင်(ဘ) ဦးစံအေး၊ ၉/ မရမ (နိုင်) ၀၂၁၃၁၇၊ CRPH ကော်မတီ ကိုယ်စားပြုအဖွဲ့ဝင်၊ စိတ္တရဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်။	
၆	ဒေါ်မြတ်သီတာထွန်း (ဘ)ဦးငွေမြင့်၊ ၁၀/ သဖရ (နိုင်) ၀၉၃၀၄၆၆၊ CRPH ကော်မတီ ကိုယ်စားပြုအဖွဲ့ဝင်၊ စက်သစ်ရပ်ကွက်၊ သံဖြူဧရပ်မြို့။	
၇	ဒေါ်ဖြူဖြူသင်း၊ (ဘ)ဦးလှထွန်း၊ ၁၂/ ဥကတ (နိုင်) ၁၀၈၈၅၅၀၊ CRPH ကော်မတီ ကိုယ်စားပြုအဖွဲ့ဝင်၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။	
၈	ဦးထွန်းမြင့်(ဘ)ဦးတင်ထွဋ်၊ ၁၂/ ဗဟန (နိုင်) ၀၈၆၀၃၅၅၊ CRPH ကော်မတီ ကိုယ်စားပြုအဖွဲ့ဝင်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်။	
၉	ဦးဝေဖြိုးအောင်(ဘ)ဦးတင်ဝင်း၊ ၁၂/ သကတ (နိုင်)၁၃၈၂၆၆၉၊ CRPH ကော်မတီ ကိုယ်စားပြုအဖွဲ့ဝင်၊ ၄/ တောင်ရပ်ကွက်၊ သာကေတမြို့နယ်။	
၁၀	ဒေါ်ဇင်မာအောင်၊ (ဘ)ဦးအောင်ကြည်၊ ၁၂/ ဥကတ (နိုင်) ၀၁၉၉၁၉၊ CRPH ကော်မတီ ကိုယ်စားပြုအဖွဲ့ဝင်၊ (၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်	
၁၁	ဦးလွင်ကိုလတ် (ဘ)ဦးလှဝင်း၊ ၁၂/ သလန (နိုင်) ၀၀၈၃၃၉၆၆၊ CRPH ကော်မတီ ကိုယ်စားပြုအဖွဲ့ဝင်၊ သူဌေးကွင်းကျေးရွာ၊ သန်လျင်မြို့နယ်	
၁၂	ဦးနေမျိုး(ခ) ဦးဝင်း(ခ) မြင့်ဦး၊ (ဘ)ဦးကြည်၊ ၁၃/ ညရန (နိုင်) ၀၅၇၈၅၉၊ CRPH ကော်မတီ ကိုယ်စားပြုအဖွဲ့ဝင်၊ နန္ဒဝန်(၆)ရပ်ကွက်၊ညောင်ရွှေမြို့။	
၁၃	ဦးဇော်မင်းသိန်း(ဘ)ဦးငွေရှိန်၊ ၁၄/ လမန (နိုင်) ၀၅၃၀၀၂၄၄၊ CRPH ကော်မတီ ကိုယ်စားပြုအဖွဲ့ဝင်၊ ဈေးတာလေးရပ်ကွက်၊ လေးမျက်နှာမြို့နယ်	
၁၄	ဦးရည်မွန်(ခ)မောင်တင်သစ် ၊(ဘ)ဦးကျော်ဆွေ၊ ၉/ ပမန (နိုင်) ၁၃၁၈၉၅၅၊ CRPH ကော်မတီ ကိုယ်စားပြုအဖွဲ့ဝင်၊ အမှတ်(၃) ရပ်ကွက်၊ ကျည်တောင်ကန်၊ ပုဗ္ဗသီရိမြို့နယ်	
၁၅	ဦးဥက္ကာမင်း၊ (ဘ)ဦးမြင့်စိုး၊ ၆/ မမန (နိုင်) ၁၁၄၉၄၂၂၊ CRPH ကော်မတီ ကိုယ်စားပြုအဖွဲ့ဝင်၊ သိန်းညီနောင်လမ်း၊ ကန်ဖျားရပ်၊ မြိတ်မြို့နယ်	

ယခုအခါ CRPH နှင့် ၎င်းက ဖွဲ့စည်းထားသော အဖွဲ့အစည်းများကို မတရားအသင်းအဖြစ် ကြေညာထားပြီးဖြစ်သဖြင့် ယင်းကော်မတီ၌ဖြစ်စေ၊ ၎င်းကဖွဲ့စည်းထားသော အဖွဲ့အစည်းများ၌ ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းပြုလျှင် သို့မဟုတ် ယင်းကော်မတီ၊ အဖွဲ့အစည်းများနှင့်ဖြစ်စေ ဆက်သွယ်ဆောင်ရွက်ခြင်းပြုလျှင် မတရားအသင်းများအက်ဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်းကို အသိပေးထုတ်ပြန်ထားကြောင်းနှင့် ၎င်းတို့အားဖမ်းဆီးရမိရေး အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့ (Interpol)သို့ အကြောင်းကြားထားပြီး လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မတ် ၂၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာတိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့်လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များကို စေလွှတ်၍ ရောဂါဝေဒနာခံစားနေသည့် ဒေသခံပြည်သူများကို လိုအပ်သည့်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါနှင့် ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများကို ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များညွှန်ကြားဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေး စောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင်ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူလူနာများကို တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

နေပြည်တော် မတ် ၂၂

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၈၆၇၁ ဦး၊ အတွင်းလူနာ ၄၁၉၃ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သောလူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေးအဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၄၁၇ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၂၁၃၀၊ စုစုပေါင်း ၆၀၃၇ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ထို့အပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၂၂၁၄ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၃၃၃၆ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၅၅၄၄ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ယင်းသို့ ဒေသခံပြည်သူများအား ကုသပေးနေမှုအခြေအနေများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မင်္ဂလာတောင်ညွှန့်မြို့နယ်၌ အမျိုးသမီးတစ်ဦး ၆ လ္ဘာမှ ပြုတ်ကျသေဆုံးမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်

နေပြည်တော် မတ် ၂၂

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွှန့်မြို့နယ် ကန်ရှေ့ရပ်ကွက် (၉၁)လမ်း အတွင်းရှိ တိုက်အမှတ်(၁၀၀) (၆)လွှာ တိုက်ခန်း၌ နေထိုင်သည့် အမျိုးသမီးတစ်ဦးသည် မတ် ၂၁ ရက် မွန်းလွဲပိုင်းတွင် ၎င်းနေထိုင်သည့် နေအိမ်အနောက်ဘက် ပြတင်းပေါက်မှ အရှိန်လွန်ကာ မတော်တဆပြုတ်ကျပြီး သေဆုံးခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

သက်ဆိုင်ရာမှလည်း သေမှုသေခင်းဖြစ်စဉ်ဖွင့်လှစ်၍ အဖြစ်မှန်ပေါ်ပေါက်ရေးစုံစမ်းဖော်ထုတ်စဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဆန့်ကျင်ရေးနှင့် မမှန်သတင်းများကိုသာရယူ၍ မမှန်သတင်းများ ဖြန့်ချိနေကြသည့် ပြည်တွင်းမီဒီယာအများစုနှင့် ၎င်းသတင်းဌာနများ၏ မမှန်သတင်းများပေးပို့ဖော်ပြချက်ကိုပင် တစ်ဖက်သတ်ရယူ၍ အစိုးရဆန့်ကျင်ရေး ဝေဝေဆာဆာဖော်ပြကြလေ့ရှိသည့် သတင်းဌာနကြီးများသည် we love yangon ကို စစ်ကောင်စီဝင်ရောက်စီးနင်း၍ အမျိုးသမီးတစ်ဦး တိုက်ပေါ်မှ ပြုတ်ကျသေဆုံးကြောင်း ဖော်ပြနေကြကြောင်း စိစစ်တွေ့ရှိရသည်။

အဆိုပါ သတင်းမှား ဖြန့်ချိနေမှုအပေါ် သေဆုံးသူကာယကံရှင်နှင့် အတူနေထိုင်ကြသူများကလည်း မဟုတ်မှန်ကြောင်း စွပ်စွဲချက်ကြောင့် အတူနေထိုင်သူများ တွန်းချ တရားခံအဖြစ်သို့ ရောက်ရှိစေရေး ဦးမတည်စေလိုကြောင်း ဆိုရှယ်မီဒီယာမှာပင် တုံ့ပြန်ဖော်ပြလာကြောင်း တွေ့ရှိရသည်။

မည်သို့ပင်ဖြစ်စေ သက်ဆိုင်ရာမှ ဥပဒေနှင့်အညီ ဖြစ်စဉ်မှန်အတိုင်း ဖြစ်ပေါ်လာစေရေးလိုအပ်သည့်စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာမှလည်း အမှုမှန်၊ ဖြစ်စဉ်မှန် ပေါ်ပေါက်ရေး ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် အသိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ဒေးဒရဲမြို့အတွင်း ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်ရာတွင် အသုံးပြုသည့်ပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂၂

ဒေးဒရဲမြို့အတွင်း ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်း ထုတ်ပြန်ချက်အရ ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အမှတ်(၂)ရပ်ကွက် ပြည်တော်သာလမ်းမြို့နယ် NLD ရုံးအနီးရှိ လူမနေသည့် နေအိမ်၌ ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် ပစ္စည်းများထားရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ယနေ့မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် သွားရောက်ရှာဖွေရာ ၎င်းနေအိမ် အနောက်ဘက်ရှိ အုတ်ကန်အဟောင်းအတွင်းမှ သံဒိုင်းမျိုးစုံ ၃၈ ခု၊ အဝါရောင်ဖိုက်ဘာဦးထုပ်ကိုးလုံး၊ ဓာတ်ငွေ့ကာ ၁၃ ခု၊ လက်အိတ် ၃၁ ခု၊ ဓာတ်ငွေ့ကာမျက်မှန် ၁၇ လက်နှင့် ဗီနိုင်းမျိုးစုံ ၁၇ ချပ်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း။

အဆိုပါ သိမ်းဆည်းရမိပစ္စည်းများနှင့် ပတ်သက်၍ တာဝန်ရှိသူများကို အမြန်ဆုံး စုံစမ်းဖော်ထုတ်၍ ဥပဒေအရ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆူပူအကြမ်းဖက်သူများ တားဆီးပိတ်ဆို့ထားသော အတားအဆီးများကို ရှင်းလင်းဖယ်ရှား

နေပြည်တော် မတ် ၂၂

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆူပူအကြမ်းဖက်သူများ တားဆီးပိတ်ဆို့ထားသော အတားအဆီးများကို ရှင်းလင်းဖယ်ရှားခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်ပျက်ပြားစေရေးတို့အတွက် ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက်လုပ်ရပ်များအား ပြုလုပ်လျက်ရှိကြောင်း၊ ထိုသို့ပြုလုပ်ရာတွင် အများပြည်သူသွားလမ်းမကြီးများ၊ လမ်းသွယ်များ၊ တံတားများအား အတားအဆီးများဖြင့် ပိတ်ဆို့ချထားခြင်း၊ သဲအိတ်များ၊ ကော်ပိုက်လုံးကြီးများ၊ ဝါးကပ်များ၊ သံချောင်းများ၊ ဓာတ်မီးတိုင်အကျိုးများဖြင့် အခိုင်အမာပြုလုပ်ထားရှိခြင်း၊ အချို့သော နေရာများတွင် လမ်းများကို တူးဖော်ဖျက်ဆီးကာ ပိတ်ဆို့ခြင်းများ အခိုင်အမာပြုလုပ်ထားရှိသည်ကို တွေ့ရှိရကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက်မှုများကို ဥပဒေနှင့်အညီ ဖြိုခွဲထိန်းသိမ်းကာ ဆူပူအကြမ်းဖက်သူများ ပြုလုပ်ပိတ်ဆို့ထားသည့် အတားအဆီးများကိုလည်း လူအင်အား၊ စက်ယန္တရားအင်အားများဖြင့် ရှင်းလင်းဖယ်ရှား၍ အများပြည်သူ ဆက်သွယ်သွားလာမှုအဆင်ပြေစေရေး နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယနေ့နံနက် ၉ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၁၃)ရပ်ကွက် အုတ်ကျင်းဘူတာရုံလမ်းတွင် ဆူပူအကြမ်းဖက်သူများ ပြုလုပ်ထားရှိသော အတားအဆီးများကို ဘက်ဟိုးယာဉ်တစ်စီး၊ မြေသယ်ယာဉ် ငါးစီးတို့ဖြင့် ဖယ်ရှားရှင်းလင်းခဲ့ပြီး ခရီးသွားပြည်သူများ ပုံမှန်အတိုင်း ပြန်လည်သွားလာလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

လားရှိုးမြို့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးကို အကြမ်းဖက်လူတစ်စုက ဒေသန္တရလက်ပစ်ဗုံးဖြင့် လာရောက်ပစ်ခတ်

နေပြည်တော် မတ် ၂၂

လားရှိုးမြို့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးကို အကြမ်းဖက်လူတစ်စုက ဒေသန္တရလက်ပစ်ဗုံးဖြင့် လာရောက်ပစ်ခတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ ရပ်ကွက်(၅) နယ်မြေ(၁၆)ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် ပုံမှန်ရုံးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ယနေ့မွန်းလွဲ ၁၂ နာရီမိနစ် ၅၀ ခန့်တွင် မန္တလေးလမ်းဘက်မှ ရေကန်တောင်ဘက်သို့ CZI အမျိုးအစား ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသားနှစ်ဦးက ဒေသန္တရလက်ပစ်ဗုံးတစ်လုံးဖြင့် လာရောက်ပစ်ခဲ့သဖြင့် ရုံးဝင်းအတွင်းရှိ စာရွက်စာတမ်းများ ထားသိုသည့်စတိုအတွင်းသို့ ကျရောက်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း။

ဒေသန္တရလက်ပစ်ဗုံးပစ်ခတ်မှုကြောင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးဝင်းရှိ စတိုနံရံ၊ မျက်နှာကြက်အနည်းငယ် ထိခိုက်ပျက်စီး၊ စတိုခန်းနှင့် တွဲလျက်အိမ်သာတံခါးမှန် ထိခိုက်ကွဲအက်မှုဖြစ်ပွားခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း။

ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်သွားသူများနှင့် ပါဝင်ပတ်သက်သူများအား အမြန်ဆုံးဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အပူတပြင်း ရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၌ အမျိုးသမီးတစ်ဦးကို သံပုံးမတီးသည့်ကိစ္စရပ်အပေါ် လူမဆန်စွာ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေသူအချို့အား ဖမ်းဆီးရမိ

နေပြည်တော် မတ် ၂၂

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၌ မတ် ၁၄ ရက်က သံပုံးမတီးသည့်ကိစ္စရပ်ကို အကြောင်းပြု၍ အပြစ်မဲ့အမျိုးသမီးတစ်ဦးအား လူအုပ်စုဖြင့် ဖမ်းဆီးညှဉ်းပန်းနှိပ်စက်ခြင်း၊ အကြမ်းဖက်လူအုပ်စုဖြင့်စစ်ဆေးပြီး နေအိမ်တွင်ချုပ်နှောင်ကာ မတ် ၁၅ ရက် နံနက် ၁၀ နာရီခန့်တွင် ဝက်ကြီးနှင့် ကတုံးဆိုသူ နှစ်ဦးက အမျိုးသမီးကို မော်တော်ယာဉ်ဖြင့် လာရောက်ခေါ်ဆောင်ကာ တွံတေးမြို့နယ် ဗျောက်ရိုးကျေးရွာအနီးတွင် ရက်စက်ယုတ်မာစွာ ဓားဒဏ်ရာ ခုနစ်ချက်ဖြင့် သတ်ဖြတ်ခဲ့မှုနှင့် ပြစ်မှုကျူးလွန်သူများမှာ ထွက်ပြေးတိမ်းရှောင်နေကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါတရားခံပြေးများကို ဖမ်းဆီးရမိရေးအတွက် နေ့၊ည ရှာဖွေခြင်း၊ ရပ်ကွက်/ ကျေးရွာများအလိုက် ဧည့်စာရင်းစစ်ဆေးခြင်းများကို ဖိဖိစီးစီးဆောင်ရွက်ခဲ့ရာ တရားခံပြေးဖြစ်သူ လှမျိုးအောင်(ခ)ကိုမျိုး(ခ)ဝက်ကြီး(၄၄)နှစ်၊ (ဘ)ဦးမြလှိုင်၊ (မိ)ဒေါ်လှမြင့်၊ ၁၂/လသယ(နိုင်)၀၃၀၇ဖ၃၊ ဗမာ/ဗုဒ္ဓ၊ ထမင်းရောင်း၊ အမှတ် ၅၁၆(က) အဆောင်(၅) အောင်တံခွန်လမ်း(၇)ရပ်ကွက် လှိုင်သာယာအရှေ့မြို့နယ်နှင့် ၎င်း၏ဇနီးဖြစ်သူ ကြူကြူသင်း(၃၇)နှစ်၊ (ဘ)ဦးလှစော၊ ၁၂/အစန(နိုင်)၂၀၄၈၄၅ တို့နှစ်ဦးအား ဘုရားသုံးဆူကျေးရွာ လှည်းကူးမြို့နယ်တွင် မတ် ၂၂ ရက် ညနေ ၅ နာရီက မျိုးဇော်ဦး(စိစစ်ဆဲ)၏နေအိမ်တွင် ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိသူ တရားခံနှစ်ဦးနှင့် တရားခံပြေးမှန်းသိပါလျက်နှင့် လက်ခံထားရှိသူ မျိုးဇော်ဦးတို့ကို ဥပဒေအရ ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ထွက်ပြေးတိမ်းရှောင်နေသော ဖမ်းဝရမ်းထုတ်ထားခြင်းခံရသည့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းစောင့်ကြည့်

နေပြည်တော် မတ် ၂၂

ထွက်ပြေးတိမ်းရှောင်နေသော ဖမ်းဝရမ်းထုတ်ထားခြင်းခံရသည့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းစောင့်ကြည့်နေကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ NLD ပါတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ CDM လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်သူများ၊ NLD ထောက်ခံသူများနှင့် ဖမ်းဝရမ်းထုတ်ခြင်းခံရသော နိုင်ငံရေးတက်ကြွလှုပ်ရှားသူများသည် ထိုင်း-မြန်မာနယ်စပ် KNU ထိန်းချုပ်နယ်မြေအတွင်း ထွက်ပြေးတိမ်းရှောင်နေကြောင်း သတင်းပေါင်းစုံထွက်ပေါ်လျက်ရှိနေသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အသေးစိတ်လေ့လာစုံစမ်းနေကြောင်း သိရသည်။

သတင်းစဉ်

ကိုဗစ်-၁၉ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့

လှိုင်းဘွဲမြို့နယ် မြိုင်ကြီးဌာနေသရှိ နေရပ်စွန့်ခွာပြည်သူများအား စားနပ်ရိက္ခာများ ထောက်ပံ့

ဘားအံ မတ် ၂၂

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် မြိုင်ကြီးဌာနေသရှိ နေရပ်စွန့်ခွာပြည်သူများအား ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီမှ စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို မတ် ၂၁ ရက် နံနက် ၉ နာရီခွဲက အေးလင်းသာယာကျောက်စာကွင်း ကျောက်ထက်အက္ခရာတင်ရာဌာနခွဲ ကျင်းပသည်။

ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး အ-ထ-က မြိုင်ကြီးဌာနေကျောင်းမျက်နှာကြက်ပြုပြင်ရန်အတွက် လျူဒါန်းငွေကျပ် ၄၇၈၀၀၀၀ ကို ပေးအပ်လျူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ထို့နောက် ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးမျိုးမင်းနောင်၊ အဖွဲ့ဝင်(၄) ဦးစောခင်မောင်မြင့်၊ အဖွဲ့ဝင် (၅) ဦးဇော်ဝင်းနှင့် လှိုင်းဘွဲမြို့နယ် အခြေခံ စစ်ဗျူဟာမှူးတို့က မြိုင်ကြီးဌာနေအေးလင်းသာယာ ကျောက်စာကွင်းတွင် ယာယီနေထိုင်သော နေရပ်စွန့်ခွာပြည်သူများအတွက် ဆန် ၈၈၅ အိတ်၊ ဆီ ၅၂၅ ပိဿာ၊ ကြက်သွန်နီ ၅၂၅ ပိဿာ၊ အာလူး ၅၂၅ ပိဿာ၊ အသားတုံ ၅၂၅ ပိဿာ၊ ပဲ ၁၁၂၅ ပိဿာ၊ ငရုတ်သီးတောင့် ပိဿာ ၉၀၊ အချိုမှုန့် ၁၆၅ ထုပ်နှင့် ဆား ပိဿာ ၉၀ တို့ကို ထောက်ပံ့ပေးအပ်ပြီး ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း (ပြန်/ဆက်)

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးစောမြင့်ဦးက ပြောကြားချက်

မူလတန်းအဆင့်ကျောင်းအုပ်ကြီးများ စွမ်းရည်မြှင့် မွမ်းမံသင်တန်းဖွင့်

ကျောက်ဆည်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကြောင့် အခြေခံပညာကျောင်းများ ခေတ္တပိတ်ထားခဲ့ရာ ကျောင်းများပြန်လည်ဖွင့်လှစ်သည့်အခါ သင်ကြား၊ သင်ယူမှုလုပ်ငန်းများ တိုးတက်ကောင်းမွန်စေရေး စီမံခန့်ခွဲမှုနှင့် စွမ်းဆောင်ရည်မြင့်မားရေးတို့အတွက် မူလတန်းအဆင့် ကျောင်းအုပ်ကြီးများအား မတ် ၂၂ ရက် နံနက် ၉ နာရီခွဲက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် စွမ်းရည်မြှင့်မွမ်းမံသင်တန်းဖွင့်လှစ်သည်။

သင်တန်းတွင် မြို့နယ်ပညာရေးမှူး ဒေါ်မိမိအောင်က ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ ထုတ်ဝေထားသော စီမံဘာသာရပ်ကိုလည်းကောင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီး ဦးကျော်နိုင်သွင်က ဘဏ္ဍာဘာသာရပ်ကိုလည်းကောင်း၊ မြို့မ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးအေးလင်းက ပညာဘာသာရပ်များကိုလည်းကောင်း ပို့ချခဲ့ကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်တွင် အခြေခံပညာအလယ်တန်းကျောင်းခွဲ ရှစ်ကျောင်း၊ မူလတန်းလွန်ကျောင်း ၂၆ ကျောင်း၊ မူလတန်းကျောင်း ၁၂၉ ကျောင်း၊ အ.မ.က. ခွဲ တစ်ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၁၅ ကျောင်းတို့မှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ တက်ရောက်ခဲ့ကြပြီး သင်တန်းကို မတ် ၂၂ ရက်မှ ၂၄ ရက်ထိ သုံးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သက်မောင် (ကျောက်ဆည်)

လှိုင်းဘွဲ

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်တွင် မူလတန်းအဆင့် ကျောင်းအုပ်ဆရာမကြီးများအား စွမ်းရည်မြှင့်မွမ်းမံသင်တန်းပို့ချခြင်းကို မတ် ၂၂ ရက်နံနက်၉နာရီက အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းခွဲ သင်ကြားပို့ချပေးသည်။

အဆိုပါသင်တန်းတွင် ကျောင်းလုပ်ငန်းနှင့်ပတ်သက်၍ စီမံခန့်ခွဲမှု၊ ပညာရေးလုပ်ငန်းနှင့် ဘဏ္ဍာရေးလုပ်ငန်းများကို မတ် ၂၂ ရက်မှ မတ် ၂၄ ရက်ထိ သုံးရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ပြီး မူလတန်းအဆင့် ကျောင်းအုပ်ဆရာ ၅၆ ဦးနှင့် ကျောင်းအုပ်ဆရာမ ၁၆၇ ဦး တက်ရောက်ကြသည်။ **မြို့နယ် (ပြန်/ဆက်)**

ငဖဲ

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်တွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် မြို့နယ်အတွင်း အခြေခံပညာကျောင်းများရှိ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ ပညာသင်ကြားရေးဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားစေရန်ရည်ရွယ်၍ မူလတန်းကျောင်းအုပ်ကြီးများ စွမ်းရည်မြှင့် သင်တန်းကို မတ် ၂၂ ရက် နံနက် ၉ နာရီက ငဖဲမြို့ အခြေခံပညာအထက်တန်းကျောင်း ဗိုလ်ရွှဲခန်းမ၌ ကျင်းပသည်။

ငဖဲမြို့နယ် ဒုတိယပညာရေးမှူး ဦးတင်လှိုင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် မူလတန်းကျောင်းများမှ တာဝန်ခံကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီး ၄၀ တက်ရောက်ပြီး နည်းပြဆရာသုံးဦးက စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်း၊ သင်ကြားသင်ယူမှုဆိုင်ရာလုပ်ငန်း၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်း၊ စီမံကိန်းရေးဆွဲရေး၊ အခြေခံပညာကဏ္ဍ၊ ပညာရေး ကြီးကြပ်ကွပ်ကဲရန် အညွှန်းကိန်းများကို မတ် ၂၂ ရက်မှ ၂၄ ရက်ထိ သင်ကြားပို့ချမည်ဖြစ်သည်။ **မယု(ငဖဲ)**

မြဝတီမြို့၌ အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာများထုတ်ပေး

မြဝတီ မတ် ၂၂

ကရင်ပြည်နယ် မြဝတီမြို့တွင် အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာများကို ယနေ့နံနက် ၇ နာရီက မြဝတီမြို့ မြန်မာ့စီးပွားရေးဘဏ်၌ ထုတ်ပေးလျက်ရှိသည်။

အဆိုပါ ပင်စင်လစာများထုတ်ပေးရာတွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျဖြစ်စေရေးအတွက် အလှည့်ကျထုတ်ပေးခဲ့သည်။

ထိုသို့ထုတ်ပေးရာ၌ ယနေ့နံနက်ပိုင်းက မြဝတီမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် အငြိမ်းစားဝန်ထမ်း ၅၀၀ ခန့် ပင်စင်လစာများ လာထုတ်ခဲ့ပြီး အဆိုပါ အငြိမ်းစားဝန်ထမ်းများအတွက် ပင်စင်လစာများကို မတ် ၂၂ ရက်မှ ၃၀ ရက်အထိ ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မန်းသန်းရွှေမြင့် (ပြန်/ဆက်)

ကျိုက်မရောမြို့နယ်၌ အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာများပုံမှန်ထုတ်ပေး

ကျိုက်မရော မတ် ၂၂

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ ပင်စင်စားဝန်ထမ်းများအား ယနေ့နံနက် ၈ နာရီမှ စတင်၍ ပင်စင်လစာငွေများကို ကျန်းမာရေးညွှန်ကြားချက်များနှင့် အညီ ပုံမှန်ထုတ်ပေးခဲ့သည်။

ပင်စင်လစာငွေများထုတ်ပေးရာတွင် နိုင်ငံ့ဝန်ထမ်း(ပင်စင်စား) ဦးရေမှာ ၇၀၀ ကျော်ရှိရာ မြန်မာ့စီးပွားရေးဘဏ်ခွဲဝန်ထမ်းများက ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ အလှည့်ကျစနစ်ဖြင့်စနစ်တကျထုတ်ပေးနေကြောင်း၊ အငြိမ်းစားဝန်ထမ်းများ၏ ကျန်းမာရေးကို မထိခိုက်စေရန် ရုံးဖွင့်သည့်နေ့တိုင်း နံနက်ပိုင်း ၈ နာရီမှ ညနေ ၃ နာရီထိ ထုတ်ပေးသွားမည်ဖြစ်ကြောင်းနှင့် မတ် ၂၂ ရက်မှ ၃၀ ရက်ထိ ဘဏ်ဖွင့်ချိန်အတွင်း လာရောက် ထုတ်ယူနိုင်ကြောင်း မြန်မာ့စီးပွားရေးဘဏ်(ခွဲ)မန်နေဂျာ ဒေါ်မာမာခိုင်ထံမှ သိရသည်။ **ချိုမြတ်မြတ်ထွေး (ပြန်/ဆက်)**

ပဲခူးခရိုင်အတွင်း ပင်စင်လစာများအား ကျန်းမာရေးညွှန်ကြားချက်နှင့်အညီ စတင်ထုတ်ပေး

ပဲခူး မတ် ၂၂

ပဲခူးခရိုင်အတွင်းရှိ မြို့နယ်အသီးသီးတွင် နေထိုင်ကြသည့် နိုင်ငံ့ဝန်ထမ်း (ပင်စင်စား) များ၏ မတ်လအတွက် ပင်စင်လစာများကို မတ် ၂၂ ရက်မှစတင်၍ သက်ဆိုင်ရာမြို့နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်များ၌ စနစ်တကျ ထုတ်ပေးလျက်ရှိသည်။

ပဲခူးခရိုင်အတွင်းရှိ ပဲခူး၊ သနပ်ပင်၊ ကဝ၊ ဝေါ၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ရွှေကျင်၊ ကျောက်တံခါး စသည့်မြို့နယ် ၅စ်မြို့နယ်တွင် နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား) ပင်စင်စား ၂၄၇၈၆ ဦးခန့် နေထိုင်လျက်ရှိကြပြီး ၎င်းတို့အနက်မှ မြို့ပြပင်စင် ၈၀၄၆ ဦး၊ စစ်ဘက် (ကာကွယ်ရေး) ပင်စင် ၅၉၇၂ ဦး၊ နိုင်ငံရေးပင်စင် ၈၀၀၊ မြန်မာ့စီးပွားရေးဘဏ် ပင်စင် ၁၂၃ ဦး၊ ဗဟိုဘဏ်ပင်စင် တစ်ဦးရှိကြောင်း သိရသည်။

ပဲခူးမြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား)ပင်စင်စား ၁၂၁၁၇ ဦးတို့၏ မတ်လအတွက် ပင်စင်လစာများကိုလည်း ပဲခူးမြို့ မြန်မာ့စီးပွားရေးဘဏ်၌ ဘဏ်ဝန်ထမ်းများက ကျန်းမာရေးညွှန်ကြားချက်များနှင့် အညီ သတ်မှတ်နေ့ရက်၊ အချိန်အတိုင်း အလှည့်ကျထုတ်ပေးလျက်ရှိသည်။

နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား)များ အနေဖြင့် ပင်စင်လစာ လာရောက်ထုတ်ယူကြရာတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိစေရန် ကာကွယ်နိုင်ရေးအတွက် နှာခေါင်းစည်းများ တပ်ဆင် လာကြရမည်ဖြစ်ပြီး သတ်မှတ်ရက်များတွင် အကြောင်းအမျိုးမျိုးကြောင့် မအားလပ်၍ လာရောက်ထုတ်ယူခြင်းမပြုနိုင်သည့်အငြိမ်းစားဝန်ထမ်း ပင်စင်စားများအနေဖြင့် ပင်စင်လစာကို ရုံးဖွင့်သည့်နေ့တိုင်း ဘဏ်လုပ်ငန်းချိန်အတွင်း ထုတ်ပေးမည်ဖြစ်သဖြင့် လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။ **တင်စိုး (ပဲခူး)**

လီဗာပူးအသင်း ကွင်းလယ်ကစားသမား ဝစ်ဂျ်နယ်ဒန် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီထားဟုဆို

လီဗာပူးအသင်းကွင်းလယ်ကစားသမား ဝစ်ဂျ်နယ်ဒန်ဟာ လာမယ့် ဘောလုံးရာသီမတိုင်မီမှာ ဘာစီလိုနာအသင်းဆီ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့ကစားဖို့ သဘောတူညီထားတယ်လို့ သိရပါတယ်။

ကွင်းလယ်ကစားသမား ဝစ်ဂျ်နယ်ဒန်ရဲ့ လီဗာပူးအသင်းနဲ့ ချုပ်ဆိုထားတဲ့ လက်ရှိစာချုပ်ဟာ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ကုန်ဆုံးမှာဖြစ်ပြီး ဝစ်ဂျ်နယ်ဒန်ဟာ အခုနှစ်ဘောလုံးရာသီမှာ လီဗာပူးအသင်းနဲ့အတူ ပရီမီယာလီဂ်ပွဲစဉ် ၂၇ ပွဲအထိ ပါဝင်ကစားခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

ဝစ်ဂျ်နယ်ဒန်ဟာ လီဗာပူးအသင်းမှာ ပုံမှန်ပွဲထွက်ကစားခွင့်ရရှိနေတာဖြစ်ပြီး လီဗာပူးအသင်းအနေနဲ့ အခုနှစ်နွေရာသီကာလအတွင်းမှာ စာချုပ်သက်တမ်းကုန်ဆုံးမှာဖြစ်တဲ့ ဝစ်ဂျ်နယ်ဒန်ကို စာချုပ်သစ်ချုပ်တစ်ရပ်ချုပ်ဆိုဖို့ စီစဉ်နေတာဖြစ်ပါတယ်။

ဒါပေမယ့် ကွင်းလယ်ကစားသမား ဝစ်ဂျ်နယ်ဒန်ကတော့ ဘာစီလိုနာအသင်းဆီ ပြောင်းရွှေ့ဖို့ ကြိုတင်စာချုပ်တစ်ရပ်ချုပ်ဆိုဖို့ သဘောတူညီထားတယ်လို့ သည်ဆန်းဒေးတိုင်းမ်သတင်းစာက ဖော်ပြထားပါတယ်။

ရီးယဲလ်ဆိုစီဒက်အသင်းကို ခြောက်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး ဘာစီလိုနာအသင်း အမှတ်ပေးဇယား ဒုတိယနေရာတက်လှမ်း

ရီးယဲလ်ဆိုစီဒက် အသင်းနဲ့ ဘာစီလိုနာအသင်းတို့ဟာ စပိန်လာလီဂါပွဲစဉ် ၂၈ အဖြစ် မတ် ၂၁ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဧည့်သည်အဖြစ်လာရောက်ကစားခဲ့တဲ့ ဘာစီလိုနာအသင်းက အိမ်ရှင် ရီးယဲလ်ဆိုစီဒက်အသင်းကို ခြောက်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

ရီးယဲလ်ဆိုစီဒက် အသင်းနဲ့ ပွဲစဉ်မှာ ဘာစီလိုနာအသင်းအတွက်သွင်းဂိုးတွေကို ပွဲကစားချိန် ၃၇ မိနစ်မှာ ဂရစ်ဇ်မန်းက တစ်ဂိုး၊ ပွဲကစားချိန် ၄၃ မိနစ်နဲ့ ၅၃ မိနစ်တို့မှာ ဆာဂျီနိုဒက်ကနှစ်ဂိုး၊ ပွဲကစားချိန် ၅၆ မိနစ်နဲ့ ၈၉ မိနစ်တို့မှာ မက်ဆီက နှစ်ဂိုးနဲ့ ပွဲကစားချိန် ၇၁ မိနစ်မှာ ဒမ်ဘီလီက တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ရီးယဲလ်ဆိုစီဒက် အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် ၇၇ မိနစ်မှာ ဘာရန်နက်ဇာက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာ ဘာစီလိုနာအသင်းအတွက် သွင်းဂိုးနှစ်ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး မက်ဆီဟာ အခုနှစ်ဘောလုံးရာသီမှာ ဘာစီလိုနာအသင်းနဲ့အတူ သွင်းဂိုး ၂၃ ဂိုး သွင်းယူနိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။

တိုက်စစ်မှူး မက်ဆီဟာ အခုနှစ်ဘောလုံးရာသီမှာ လက်ရှိအချိန်အထိ သွင်းဂိုး ၂၃ ဂိုး သွင်းယူထားနိုင်ခဲ့တာကြောင့် ဘာစီလိုနာအသင်းနဲ့အတူ ပြိုင်ပွဲအရပ်ရပ်မှာ သွင်းယူနိုင်ခဲ့တဲ့ ၆၆၃ ဂိုးမြောက် သွင်းဂိုးယူနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးအဖြစ်လည်း စံချိန်တင်ခဲ့တာ ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ရီးယဲလ်ဆိုစီဒက်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် စပိန်လာလီဂါပွဲစဉ် ၂၈ အပြီးမှာ ရမှတ် ၆၂ မှတ်နဲ့ အမှတ်ပေးဇယားဒုတိယနေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။ အခြားသော စပိန်လာလီဂါပွဲစဉ်တွေမှာတော့ ဗလင်စီယာအသင်းက ဂရန်နာဒါအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဗီလာရီးယဲလ်အသင်းက ကာဒစ်ဇ်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ အက်သလက်တီကို မက်ဒရစ်အသင်းက အလာဗက်စ်အသင်းကို တစ်ဂိုး-ဂိုးမရှိစသဖြင့် အသီးသီးနိုင်ပွဲကိုယ်စီရရှိခဲ့ကြပြီး ဂီတာဖေးအသင်းနဲ့ အယ်လ်ချီအသင်းတို့ပွဲစဉ်မှာတော့ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

ချယ်လ်ဆီးတိုက်စစ်မှူး အေဘရာဟမ် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့

ချယ်လ်ဆီးအသင်းတိုက်စစ်မှူး အေဘရာဟမ်ဟာ ချယ်လ်ဆီးအသင်းနဲ့ ရှက်ဖီးလ်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်မတိုင်မီ ပြုလုပ်တဲ့ လေ့ကျင့်ရေးအစီအစဉ်မှာ ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့တယ်လို့ နည်းပြတူချယ်က ပြောကြားခဲ့ပါတယ်။

ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့တာကြောင့် တိုက်စစ်မှူးအေဘရာဟမ်ဟာ ချယ်လ်ဆီးအသင်းနဲ့ ရှက်ဖီးလ်ယူနိုက်တက်အသင်းတို့ပွဲစဉ်မှာ ပွဲထွက်ကစားခွင့်မရရှိခဲ့ပေ။ အဲဒီပွဲစဉ်မှာ ရှက်ဖီးလ်ယူနိုက်တက်အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် ချယ်လ်ဆီးအသင်းဟာ အက်ဖ်အေဖလား ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး အေဘရာဟမ်ဟာ နည်းပြသောမက်တူချယ် ချယ်လ်ဆီးအသင်းနည်းပြအဖြစ် စတင်တာဝန်ယူ ကိုင်တွယ်ခဲ့တဲ့ ပွဲစဉ် ၁၄ ပွဲမှာ သွင်းဂိုးတစ်ဂိုးသာ သွင်းယူနိုင်ခဲ့ပြီး ချယ်လ်ဆီးနည်းပြ တူချယ်လက်ထက်မှာ ပွဲစဉ် ငါးပွဲသာ အေဘရာဟမ်အနေနဲ့ ပွဲထွက်ကစားခွင့်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

တိုက်စစ်မှူး အေဘရာဟမ်ကို အင်္ဂလန်နိုင်ငံလက်ရွေးစင်အသင်းနည်းပြ ဆောက်ဂိတ်က ၂၀၂၂ ခုနှစ်ကမ္ဘာ့ဖလားခြေစစ်ပွဲကစားမယ့် အင်္ဂလန်အသင်းအတွက် ယခုတစ်ပတ်အစောပိုင်းက ရွေးချယ်ထား ခဲ့ပေမယ့် ခြေချင်းဝတ်ဒဏ်ရာကြောင့် ချန်လှပ်ထားခဲ့တယ်လို့ သိရပါတယ်။

ငွေကြေယ် - ရေးသားသည်

◎ အက်ဖ်အေဖလားမှ

ချယ်လ်ဆီးအသင်းဟာ နည်းပြတူချယ်လက်ထက်မှာ ၁၄ ပွဲအထိ ရှုံးပွဲမရှိစံချိန်တင်ထားခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးအသင်းနဲ့ အက်ဖ်အေဖလား ဆီမီးဖိုင်နယ်အဆင့်မှာ ထိပ်တိုက်တွေ့ဆုံနေတဲ့ မန်စီးတီးအသင်းဟာ ပရီမီယာလီဂ်ဖလား၊ အက်ဖ်အေဖလား၊ ကာရာဘောင်ဖလားနဲ့ ချန်ပီယံလီဂ်ဖလားပြိုင်ပွဲတွေအားလုံးမှာ ရလဒ်ကောင်းတစ်ခု ပိုင်ဆိုင်ထားတာ ဖြစ်တာကြောင့် တစ်နှစ်အတွင်းမှာ ဆုဖလားလေးလုံး အထိရရှိနိုင် မယ့်အခွင့်အလမ်းတစ်ရပ် ပိုင်ဆိုင်ထားတာ ဖြစ်ပါတယ်။

လက်စတာစီးတီးအသင်းကတော့ အက်ဖ်အေဖလားကို ၁၂ကြိမ်အထိ ရယူဆွတ်ခူးထားနိုင်ခဲ့တဲ့ မန်ယူအသင်းကို ကွာတားဖိုင်နယ်အဆင့်မှာ သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး အက်ဖ်အေဖလား ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

အက်ဖ်အေဖလားဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်တွေကို ဧပြီ ၁၇ ရက်နဲ့ ၁၈ ရက်တို့မှာ ကျင်းပမှာဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲစဉ်ကိုတော့ မတ် ၁၅ ရက်မှာ ကျင်းပသွားဖို့ရှိနေတာ ဖြစ်ပါတယ်။ အဲဒီနောက်ဆုံး ဗိုလ်လုပွဲစဉ်မှာ ပရီသတ် ၂၀၀၀၀ ရှေ့မှောက်မှာ ကျင်းပသွားမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

အက်သလက်တီကိုမက်ဒရစ်အသင်း တိုက်စစ်မှူး ဆွာရတ်ဇ် ကစားသမားဘဝတစ်လျှောက် ဂိုး ၅၀၀ ပြည့်သွင်းယူနိုင်ခဲ့ပြီ

အက်သလက်တီကိုမက်ဒရစ်အသင်းရဲ့ ဥရုဂွေးတိုက်စစ်မှူး လူးဝစ်ဆွာရတ်ဇ်ဟာ ကစားသမားဘဝတစ်လျှောက် ဂိုး ၅၀၀ ပြည့်သွင်းယူနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ တိုက်စစ်မှူး ဆွာရတ်ဇ်ဟာ အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ အလာဗက်စ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ် ၂၈ မှာ သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့တာ ဖြစ်ပြီး အဲဒီပွဲစဉ်မှာ တိုက်စစ်မှူး ဆွာရတ်ဇ်ရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းကို အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ သွင်းယူခဲ့တဲ့ တိုက်စစ်မှူးဆွာရတ်ဇ်ရဲ့ သွင်းဂိုးဟာ ကစားသမား ဘဝတစ်လျှောက် ဂိုး ၅၀၀ ပြည့်ခဲ့တဲ့အပြင် အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ အတူ သွင်းယူနိုင်ခဲ့တဲ့ ၁၉ ဂိုးမြောက်သွင်းဂိုးလည်း ဖြစ်လာခဲ့ပါတယ်။

အသက် ၃၄ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဆွာရတ်ဇ်ဟာ ကစားသမားဘဝတစ်လျှောက်မှာ ဘာစီလိုနာ အသင်းနဲ့ အတူ ၁၉၈ ဂိုး၊ လီဗာပူးအသင်းနဲ့အတူ ၈၂ ဂိုး၊ ဥရုဂွေးနိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ ၆၃ ဂိုး အသီးသီးသွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူးဆွာရတ်ဇ်ဟာ ကစားသမားဘဝကို ဥရုဂွေးကလပ်နာစီရိုနယ်အသင်းနဲ့အတူ စတင်ခဲ့ပြီး အဲဒီအသင်းမှာ ၁၂ ဂိုး၊ ဂရိနင်ဂျန်အသင်းနဲ့အတူ ၁၅ ဂိုးသွင်းယူပေးခဲ့ကာ ၂၀၀၇ ခုနှစ်မှာ အေဂျက်အသင်းဆီ ပြောင်းရွှေ့လာခဲ့တာ ဖြစ်ပါတယ်။ တိုက်စစ်မှူး ဆွာရတ်ဇ်ဟာ အေဂျက်အသင်းနဲ့အတူ သွင်းဂိုး ၁၁၁ ဂိုး သွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

အက်သလက်တီကိုမက်ဒရစ်အသင်းကတော့ အခုပွဲစဉ်မှာ အလာဗက်စ်ကို အနိုင်ရရှိခဲ့ပြီး သုံးမှတ်အပြည့် ရယူနိုင်ခဲ့တာကြောင့် စပိန်လာလီဂါအမှတ်ပေးဇယားမှာ ဒုတိယနေရာက ဘာစီလိုနာအသင်းကို လေးမှတ်ဖြတ်ကာ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စေားများဌာန၏ ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ စက်တင်ဘာလအထိ) ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဆောင်ရွက်မည့်ဧမ္မူသီရိမြို့နယ်၊ နေပြည်တော် မြို့မစေားလုပ်ငန်း(၃)ခုနှင့် လယ်ဝေးမြို့နယ်လယ်ဝေး မြို့မစေားနှင့်သာဝတ္ထိ စေားလုပ်ငန်း (၄)ခုတို့၏ လုပ်ငန်းများအတွက် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါပုံစံထုတ်ပေးမည့်ရက် - ၂၂-၃-၂၀၂၁(တနင်္လာနေ့)
(ခ) တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၆-၄-၂၀၂၁(အင်္ဂါနေ့) ၁၅:၀၀ နာရီ
(ဂ) တင်ဒါပေးသွင်းရမည့်နေရာ - စေားများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား သိရှိလိုပါက နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စေားများဌာန တယ်လီဖုန်းအမှတ်-၀၆၇-၃၄၁၄၂၃၊ ၀၆၇-၃၄၁၄၆၈ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ရဲဝတ်ဗလာစည်း (၈)မျိုးအား မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် စေားနှုန်းတင်သွင်းလာ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်မှာ ၂၂-၃-၂၀၂၁ ရက် ၂၁-၄-၂၀၂၁ ရက် အထိဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းဖွင့်လှစ်မည့်ရက်မှာ ၁၀-၅-၂၀၂၁ ရက်နေ့ (၁၀:၀၀)နာရီ ဖြစ်ပါသည်။

၄။ တင်ဒါပုံစံများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့.ဌာနချုပ်၊ ရဲထောက်ပံ့ရေးဌာနကြီး၊ ဖြည့်တင်း/ထောက်ပံ့ရေးဌာနခွဲ၊ ရုံးအမှတ်(၄၅)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိလိုပါက တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၁၂၁၂ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

စေားပြိုင်ဝယ်ယူရေးအဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့

အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်ခြင်း

နေပြည်တော်၊ ဧမ္မူသီရိမြို့နယ်၊ ဧရယျသိဒ္ဓိရပ်ကွက်၊ ၀-၁၁၃ ပွဲရုံတန်း၊ မြို့မစေားနေ ဦးအောင်ကျော်ဆင့်- ဒေါ်ခင်သန္တာတင့်တို့၏သမီး မဆုရတနာကျော် [၉/ဧဗသ(နိုင်)၀၀၄၉၆၀]သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ အမျိုးမျိုး စိတ်ဆင်းရဲအောင် ပြုလုပ်ခဲ့ပါသဖြင့် (၂၁-၃-၂၀၂၁)ရက်နေ့မှစ၍ အမွေစားအမွေခံ သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ သမီးဖြစ်သူ မဆုရတနာကျော်နှင့်ပတ်သက်သည့် ကိစ္စအ၀ဝကို လုံး၀(လုံး၀)တာ၀နယ်မှ ဖြေရှင်း ပေးမည်မဟုတ်ပါ။

ဦးအောင်ကျော်ဆင့်-ဒေါ်ခင်သန္တာတင့်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ လူနေရပ်ကွက် အမှတ်(၁၀)၊ မြေကွက်အမှတ်(၇၉၁/က)ဟုခေါ်တွင်သော အမှတ်(၇၉၁/က)၊ သလ္လာ၀တီ(၅)လမ်းအနောက်၊ သာကေတမြို့နယ်၊ မြေအကျယ် ၀၀(၂၀x၆၀)၊ ဧရိယာ (၀.၀၂၇)ဧကရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဌာနရှိ မြို့မြေစာရင်းတွင် အမည်ပေါက်များ ဖြစ်ကြသော ဦးကျော်အေး၊ ဒေါ်ငြေးငြေးမြင့်တို့ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ ပိုင်ဆိုင်ထားသော ဒေါ်မြင့်မြင့်ခင်[၁၂/သကတ(နိုင်)၀၆၉၅၉၆]နှင့် ဦးလှနွယ်[၁၂/ သကတ(နိုင်)၀၆၅၇၁၅]တို့မှ ၎င်းတို့သာလျှင် တရားဝင်စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိ ကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စမ်းစန္ဒာသိန်း[၁၂/စခန(နိုင်)၀၆၀ ၉၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါအိမ်မြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တရားဝင် ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် လူကိုယ်တိုင်ကန့်ကွက် မည့်သူမရှိပါက အရောင်းအ၀ယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခိုင်ဇင်မိုးအောင်
LL.B,LL.M,WIPO(Switzerland)
တရားလွတ်တော်ရှေ့နေ(စဉ်-၈၅၂၉)
အမှတ်(၆၈၁)၊ ဝေယျန္တာအနောက်(၁၅)လမ်း၊ ၆/အနောက်ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။
Phone:09-420077315, 09-777650521

ဥတုရာသီ တောကိုမှီ၏

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒကွိုဏာသီရိမြို့၊ ဒကွိုဏာသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ်(A-344)၊ မြေဧရိယာ(၀.၂၂၉)ဧကရှိ ဦးကျော်ကျော်ဟန်(၁၁)ဦးဗဟန်၊ ၁၂/ဒဂန(နိုင်)၀၁၀၂၆၁ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဒေါ်ခင်ငြိမ်းငြိမ်း အေး(၁) ဦးအေးကြည်၊ ၁၂/ရဂန(နိုင်)၀၅၇၂၉၆မှ နေပြည်တော်စာချုပ် စာတမ်းမှတ်ပုံတင် ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်၂၂၀/၂၀၂၁(၂၈.၁.၂၀၂၁) မူရင်းတင်ပြ၍ ဦးအောင်ဇော်မိုး(၁၁)ဦးမြင့်ဆွေ၊ ၁၂/အစန(နိုင်)၀၇၃၆၀၂ နှင့် မှတ်ပုံတင် အရောင်းအ၀ယ်စာချုပ်ချုပ် ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေ ဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်၊ ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေကူးခွင့် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရေစကြိုမြို့နယ်၊ ဖူလုံကျေးရွာနေ ကျွန်မ ဒေါ်ဗြောင်း၏သား မောင်ဝင်းဘိုသည် မိဘ၏ ဆုံးမမှုကိုမနာခံဘဲ၊ မိခင်စိတ်ဆင်းရဲအောင် အမျိုးမျိုးဒုက္ခမျိုးစုံ ပေးနေ၍ သည်းမခံနိုင်တော့သဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအ၀ဝကို လုံး၀(လုံး၀) တာ၀နမယူကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ဗြား
[၈/ရစက(နိုင်)၀၃၃၉၆၈]

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၈)။ မြေကွက်အမှတ်(၃၁၃)(ခ) အရပ်အခေါ် အမှတ်(၃၁၃)၊ (၁၈/ဘီ)ရပ်ကွက်၊ ကမ္ဘောဇ(၁)လမ်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)ဟု ခေါ်တွင်သော ပေ(၄၀ x ၆၀)အကျယ်အနက်မှ ပေ(၂၅ x ၆၀) ခေါင်းရင်း ခြမ်းရှိမြေနှင့် တစ်ထပ်တိုက်အိမ်အပါအ၀င် ၎င်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လက်ဝယ်ပိုင်ဆိုင်ရောင်းချသူ ဒေါ်မော်ဇင်ဦး[၁၂/ကမတ(နိုင်)၀၃၉၆၉၃]ကိုင်ဆောင်သူမှ ၎င်းသည် မိမိတစ်ဦးတည်းပိုင်ဆိုင်လာခဲ့ပြီး အခြားသူများသို့ ထပ်ဆင့်ရောင်းချ ထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ တစ်နည်းနည်းဖြင့် အလွဲအပြောင်း ပြုလုပ်ထားခြင်းမရှိဘဲ အရှုပ်အထွေး မရှိကင်းရှင်းကြောင်းပြောဆိုပြီး ရောင်းချလိုကြောင်း ကမ်းလှမ်းပြောဆို လာသဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ကိုထိန်လင်းထွန်း[၁၂/သဃက(နိုင်)၀၃၈၉၁၈]မှ ရောင်းဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ၎င်းနှင့်သက်ဆိုင်သည့် စာရွက်စာတမ်း အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိ၊ မပေါ်ပေါက်ပါက ယခု အရောင်းအ၀ယ်အား ပြီးမြောက်အောင် ဥပဒေအရ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါ သည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ရွှန်းလဲ့ဇော်(LL.B,D.B.L,D.I.L)
တရားလွတ်တော်ရှေ့နေ(စဉ်-၁၀၆၈၄)
အမှတ်(၁၇၉)၊ မွှေ့ရုံလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၈၁၂၈၁၊ ၀၉-၄၄၃၀၈၁၂၈၁

ဆော်ဘွားလေးဗို့လ်ဗို့လ်မောင်ကူမ္ပဏီလိမိတက်မှ
အဆင့်မြင့် စတီးဘလိပ်ဓားသွားသူးကြိုးများကိုစျေးနှုန်းသိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊
(နင်းဆီကုန်းတိုးတွားရိပ်သာရှေ့)၊ ဒဟန်းမြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ
အဆင့်မြင့် Laminate Flooring ကြွေမီးခဲပြားများနှင့် 100% ရေစိုခံ
ဆိုဖာခုံကြွေမီးခဲပြားများကို စျေးနှုန်းချိုသာစွာဖြင့် ထိုက်သိုက်ဆောင်းစျေးပေးနေပါသည်။
အရောင်းဆန်းမ(၁) - အမှတ်(၂၄၀)၊ အရှေ့မြင်းမြီကွင်းလမ်းမကြီး၊ မြန်မာ့ရေနွေးဆောင်းဘေးအား ကာရွေမြို့နယ်၊
Ph: 09-5076661, 09-5076662, 09-5076663

ဦးမောင်မောင်(ခ)ချန်ဘွန်ဝှန်
အသက်(၉၀)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆/အနောက်ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ်(၂၁၄)နေ (ဦးစံပ-ဒေါ်ကျော့ဝါ)တို့၏သားကြီး၊ (ဒေါ်ကျင်မွေး)၏ ခင်ပွန်း၊ ဦးအေးကျော်-ဒေါ်နော်ဆာဖေ၊ ဒေါ်သန်းသန်းမြင့်၊ ဦးမင်းနိုင်-ဒေါ်စံဝယ်၊ ပါမောက္ခ ရဲထွန်း-ပါမောက္ခ မြတ်ချစ်ဆွေ၊ ဒေါက်တာတင်တင်လှ၊ ဦးအောင်သူ-ဒေါ်သန္တာဝင်းတို့၏ ဖခင်၊ မြေးရစ်ယောက်တို့၏အဘိုးသည် ၂၀-၃-၂၀၂၁ (စနေနေ့) နံနက် ၇:၁၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၀-၃-၂၀၂၁ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ကျိုစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူးပြု၍ မြင့်မြတ်သောဘုံဌာနသို့ ရောက်ပါစေခြင်းအကျိုးငှာ ဘုရားအမှူးရှိသော ပင့်သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါဟာဒွဇဝတ္ထုအစုစုတို့ဖြင့်ဆက်ကပ်လှူဒါန်း အမျှပေးဝေမည်ဖြစ်ပါသဖြင့် ၂၆-၃-၂၀၂၁ (သောကြာနေ့) နံနက် ၉ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး
ဒေါ်ခင်လှိုင် MEIC(အငြိမ်းစား)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ သင်္ကန်းကျွန်းမြို့နယ်၊ ဗိုလ်ကံညွှန့်ရပ်ကွက်၊ ဇမ္ဗူမေတ္တာလမ်း၊ အမှတ်(၁၇၃)နေ (ဦးမြထွန်းအောင်-ဒေါ်ဖွားမြ)တို့၏သမီး၊ (ဦးမြဦး-ဒေါ်ညည်ဦး)တို့၏ချစ်လင်္ဂဟာသော ညီမ၊ ဒေါ်မေသန်းတင်(စက်မှုကြေ/မြေ-ငြိမ်း)၊ နောင်တုံကုမ္ဗဏီ လီမိတက်)၏ ချစ်လင်္ဂဟာသောအစ်မ၊ ဒေါက်တာနှင်းယုခိုင် (သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန)၏ ချစ်လင်္ဂဟာသော အဒေါ်သည် ၂၂-၃-၂၀၂၁ (တနလာနေ့) နံနက် ၃:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူးပြု၍ ၂၈-၃-၂၀၂၁ ရက်တွင် ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါကြောင်း ဆွေမျိုးဓိတ်သင်္ဂီဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးကြည်ဝင်း
အသက်(၇၃)နှစ်

သည် ၁၉-၃-၂၀၂၁ (သောကြာနေ့) နံနက် ၅:၁၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ၉၆ ပါးသော လူကြီးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသောကြောင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူးပြု၍ ၂၅-၃-၂၀၂၁ (ကြာသပတေးနေ့) နံနက်တွင် မရမ်းကုန်းမြို့နယ်၊ သမိုင်း (၁)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ ကန်ထရိုက်တိုက်၊ အမှတ်(၈၅၁) နေအိမ်တိုက်ခန်းသို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူဇနီး ဒေါ်သန်းကြူနှင့် မိသားစု

ဦးအင်မျိုး (မြိတ်)
အသက်(၆၇)

မြိတ်မြို့နောက်လယ်ရပ် (၃)လမ်း၊ အမှတ် (၁၀၃)၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အင်ကြင်းလမ်း အမှတ်(၁)၊ 4(B)နေ (ဦးအင်ကျန်)-(ဒေါ်ကိုးဝေ)တို့၏ သားကြီး၊ (ဦးကိုင်)-(ဒေါ်တင်ကြည်)တို့၏ သားသမက၊ ဒေါ်ဝင်းဝင်းကြည်၏ ချစ်လင်္ဂဟာသောခင်ပွန်း မအိဖြူမျိုး၊ ကိုဇာမောင်မောင်လွင်-ဒေါက်တာအိမ္ဓာခိုမျိုး၊ ကိုရဲကျော်စွာ-မသက်ဝေမျိုး၊ ဒေါက်တာစိုးလင်းသူ-ဒေါက်တာဝင်းဝင်းထိုက်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၂၂-၃-၂၀၂၁ (တနလာနေ့) မွန်းလွဲ ၁၂:၂၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွား ပါသဖြင့် ၂၄-၃-၂၀၂၁(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်တွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉:၀၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ ဇေယျသုခလမ်း၊ တိုက် (၇၇၇/၇၇၆)၊ ၅ လွှာအလယ် (ခေါင်းရင်းဘက်)ဟုခေါ်တွင်သော အကျယ်အဝန်း ၀၊ (၁၅x၅၀)ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရလဲရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်စန်းယဉ်(၅/ကလဝ(နိုင်)၀၀၂၃၇) ထံမှ ကျွန်မ ဒေါ်ဝေလှိုင်ဦး(၁၂/ဒပန(နိုင်)၀၀၈၄၃၀)မှ အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ဒေါ်ဝေလှိုင်ဦးထံသို့ ကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

ဒေါ်ဝေလှိုင်ဦး
Ph:09-799450715

အများသိစေရန်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ အိမ်အမှတ်(၆၀)နေ အဖ ဦးကြည်ဝင်း၏သမီးကြီး ဒေါ်မြင့်မြင့်စီ[၈/ခမန(နိုင်)၁၃၈၆၉၂]ကိုင်ဆောင်သူ၏ လွဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

၁၉-၃-၂၀၂၁(သောကြာနေ့)၊ နံနက် ၅:၁၅ နာရီ၊ အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားသူ ဦးကြည်ဝင်း အသက်(၇၃)နှစ် အမည်ပေါက် ကျန်ရစ်သော အောက်ပါပစ္စည်းများအပေါ်-

(၁) ယာဉ်နံပါတ် 2N/6573(YGN) လိုင်စင်တိုယိုတာဘင်ကပ်(၁)စီး။

(၂) ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၁ ရပ်ကွက်(သမိုင်း)၊ တပင်ရွှေထီးလမ်း၊ ကန်ထရိုက်တိုက် ခြေရင်းဘက်ခြမ်း၊ မြေညီမှ ပထမထပ်၊ ၃ဝတိယထပ်၊ တတိယထပ်၊ တိုက်ခန်း(၄)ခန်း

(၃) ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းကျေးရွာအုပ်စု၊ ကစင် ၂၃ ရပ်ကွက်၊ ရွှေစ်ပါယ် (၁)လမ်း၊ အဆောက်အဦအမှတ်-၁၂၃ ပေ(၄၀x၈၀) ပန်းခရေအဆောင်

(၄) မြန်မာ့ရိုးရာဆိုင်ဝိုင်းတူရိယာပစ္စည်းများ(ရှေးဟောင်းလက်ရာ)ပိုင်ဆိုင်မှုအဝဝကို မြန်မာ့ဓလေ့ထုံးတမ်းဌပဒေအရ မယားကြီးဒေါ်သန်းကြူနှင့် မိသားစုသာလျှင် စီမံခန်ခွဲပိုင်ခွင့်ရှိကြောင်း၊ သြရသသမီးကြီး ဒေါ်မြင့်မြင့်စီမှ အများသိစေရန် ကြေညာအပ်ပါသည်။

လွဲအပ်ညွှန်ကြားသူ
ဒေါ်မြင့်မြင့်စီ
[၈/ခမန(နိုင်)၁၃၈၆၉၂]

လွဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ဝင်း
တရားလွတ်တော်ရှေ့နေ (စဉ်-၃၈၈၉)
Ph:09-421019964

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ဓမ္မာရုံ၊
အောင်ကူးဆေးရုံဒါယိကာမကြီး
ဒေါ်ကြင်ကူး (A-1 ပွဲရုံ)
အသက်(၉၂)နှစ်

မြစ်သားမြို့နယ်၊ သာလွန်စံပြ ကျေးရွာနေ (ဦးကံဟိုက်-ဒေါ်စံတီ)တို့၏သမီး၊ (ဦးဘအောင်)၏ချစ်လှစွာသောဇနီး၊ ဦးခင်ဟန်-ဒေါ်ကြင်ဆိုင်၊ ဦးခင်အုန်း-ဒေါ်မြရင်၊ ဦးစိုးညွှန့်-ဒေါက်တာ သွယ်သွယ်တိုး၊ ဦးမောင်ကြီး-ဒေါက်တာမီမီထွေး၊ ဦးမောင်လေး- ဒေါ်သန်းသန်းဝင်း၊ ဦးကျော်ထွန်း-ဒေါ်မလာဝင်းတို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေး ၂၄ ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၂-၃-၂၀၂၁ရက် (တနလာနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် သာလွန်ကျေးရွာ တရုတ်သုသာန် သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂီဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ဓမ္မာရုံ၊
အောင်ကူးဆေးရုံဒါယိကာမကြီး
ဒေါ်ကြင်ကူး (A-1 ပွဲရုံ)
အသက်(၉၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ဘုရင့်နောင်ကုန်စည်ဒိုင်) အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးခင်ဟန်-ဒေါ်ကြင်ဆိုင်တို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ကြင်ကူး(A-1 ပွဲရုံ) သည် ၂၂-၃-၂၀၂၁ရက် (တနလာနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူအထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဘုရင့်နောင်ကုန်စည်ဒိုင် အလုပ်အမှုဆောင်အဖွဲ့

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ဇရပ်၊ အောင်ကူးဆေးရုံ ဒါယိကာမကြီး
ဒေါ်ကြင်ကူး A 1 ပွဲရုံ
အသက်(၉၂)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ သာလွန်စံပြ ကျေးရွာနေ(ဦးကံဟိုက်-ဒေါ်စတီ)တို့၏ သမီးကြီး၊ (ဦးဘအောင်)၏ ချစ်လှစွာသော ဇနီး၊ ဦးခင်ဟန်(ဥက္ကဋ္ဌ၊ ရပ်မိရပ်ဖ၊ ဘုရင့်နောင်ပွဲရုံ)-ဒေါ်ကြင်ဆိုင်တို့၏မိခင်ကြီး ဒေါ်ကြင်ကူးသည် ၂၂-၃-၂၀၂၁ (တနလာနေ့)တွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်း ကြေကွဲရပါကြောင်း ကောင်းရာသုဂတိသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းအပ်ပါသည်။

သာယာရေးနှင့်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့
ဘုရင့်နောင်ပွဲရုံနှင့်ကုန်တင်ယာဉ်ရပ်နားစခန်း
မရမ်းကုန်းမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ သင်္ကန်းကျွန်းကြီးကျေးရွာအုပ်စု၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ ဇရာဝတီလမ်းရိုးအမှတ်(၅)ဟူခေါ်ဆိုအပ်သော ၀၀(၁၁၇x၈၈)ရှိခြံခြေမြေကွက်နှင့် ၎င်းမြေပေါ်ရှိ အဆောက်အအုံများ၊ သီးပင်စားပင်များ အပါအဝင် မြေပေါ်မြေအောက် ခံစားခွင့်အရပ်ရပ်တို့အား (၆-၁၀-၂၀၁၉)ရက်က ပြုလုပ်ချုပ်ဆိုသော အမွေလွှဲအပ်ခြင်း ခံရသူများနှင့် အမွေအခွင့်အရေးစွန့်လွှတ်သူများ၏ မိသားတစ်စုစီမံမှုဖြင့် အမွေပုံ လွှဲပြောင်းရယူခြင်းကတိစာချုပ်အရ (၁)ဦးတင်ရွှေ[၁၂/မဂဒ(နိုင်)၀၁၈၉၇၂]၊ (၂)ဦးတင်လှ [၁၂/မဂဒ(နိုင်)၀၅၉၉ဖ၆၁]၊ (၃)ဒေါ်တင်စန်းဝင်း[၁၂/မဂဒ(နိုင်)၀၆၁၀၇၁]တို့မှ ပူးတွဲ လက်ရောက်ရယူပိုင်ဆိုင်ပြီးဖြစ်ပါသည်။ ဦးတင်ရွှေမှာ (၂၀-၁၀-၂၀၂၀)ရက်က ကွယ်လွန်သွားခဲ့၍ ၎င်းအမွေပုံခြံခြေကြက်နှင့် ၎င်းမြေပေါ်ရှိ အဆောက်အအုံများ သီးပင်စားပင်များအပါအဝင် မြေပေါ်မြေအောက်ခံစားခွင့်အရပ်ရပ်တို့အား ကျန်ရစ်သူ ဦးတင်လှနှင့် ဒေါ်တင်စန်းဝင်းတို့က (၂၀-၃-၂၀၂၁)အမွေပုံစီမံခန့်ခွဲခြင်း ကတိစာချုပ်ဖြင့် အညီအမျှခွဲဝေယူပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၂)ပတ်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားနှင့်တကွ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတိမှတ်ရက်ထက်ကျော်လွန်ပါက နောင်မည်သို့မျှ အရေးယူဖြေရှင်းပေးတော့မည် မဟုတ်ဘဲ စာချုပ်ပါအတိုင်း အပြီးတိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်ထွန်း(စဉ်-၂၁စဝ၅/၉၉)၊ အထက်တန်းရှေ့နေ
(၂၇)၊ အမှတ်(၃)လမ်းမကြီး၊ သင်္ကန်းကျွန်းကြီး၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၉၄၇၆၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ
ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
ကော့မှူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၀-၂၀၂၁ ခုဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် ကော့မှူးမြို့နယ်၊ လ.ဝ.ကရုံးမှ ဖလေးချောင်းထိ အုတ်ရေမြောင်း ပြုလုပ်ခြင်း လုပ်ငန်းအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများကို မြန်မာငွေ(ကျပ်) ဖြင့်ဝယ်ယူလိုပါသည်။

(က)	တင်ဒါလျှောက်လွှာစတင် ဝယ်ယူနိုင်သည့်ရက်နှင့်အချိန်	- ၂၃-၃-၂၀၂၁ နံနက် ၁၀:၀၀ နာရီ
(ခ)	တင်ဒါလျှောက်လွှာလက်ခံမည့် ရက်နှင့်အချိန်	- ၂၃-၄-၂၀၂၁ နံနက် ၉:၃၀ နာရီ
(ဂ)	တင်ဒါစိစစ်ရွေးချယ်မည့်ရက်နှင့်အချိန်	- ၂၃-၄-၂၀၂၁ နံနက် ၁၀:၀၀ နာရီ
(ဃ)	တင်ဒါစိစစ်ရွေးချယ်မည့်နေရာ	- ကော့မှူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ကော့မှူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ကော့မှူးမြို့တွင် (၂၃-၃-၂၀၂၁) ရက်မှစ၍ ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်-၀၁-၂၆၄၀၄၄၊ ၀၉-၄၂၁၀၃၃၂၂၊ ၀၉-၉ဝ၆ဝ၅၄၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။ **တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၂၂ ရက်

ဘဝနတ်ထံပျံ့လွန်တော်မူခြင်း
ဆရာတော်ဘဒ္ဒန္တကုသလ(ငွေသဇင်-သံတွဲ)
သိက္ခာတော် (၃၉)ဝါ၊ သက်တော် (၆၀)

ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ ဒွါရာဝတီမြို့သစ်၊ မင်းဘာကြီးလမ်း၊ အောင်မြေသာစည်ပရိယတ္တိ စာသင်တိုက် အောင်သုခမွန်ရိပ်သာ အောင်မြေသာစည်တရားစခန်း၏ ဦးစီးပဓာနနာယက၊ ရွှေလှေကျေးရွာ ခမည်းတော်ဦးသိန်းမြင့်-မယ်တော်ဒေါ်မြသင်တို့၏သား၊ ဂန္ဓဝါစကပဏ္ဍိတ မဟာသဒ္ဓမ္မ ဇောတိကဓဇ ရခိုင်ပြည်နယ် ပြည်နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ဓမ္မစကူးလ် ဖေါင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ၊ ရခိုင်သမိုင်းသုတေသီ၊ ကျမ်းပြုအကျော် ရခိုင်ဂုဏ်ဆောင်ဆုရ၊ ဒွါရာဝတီ အရှင်ကုသလ(ငွေသဇင်သံတွဲ) ဆရာတော်ကြီးသည် (သာသနာနှစ် ၂၅၆၄၊ ရခိုင်မြတ်မာ သက္ကရာဇ် ၁၃၈၂-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်) ၇-၃-၂၀၂၁ (တနင်္ဂနွေနေ့) နံနက် ၁၁:၂၅ နာရီတွင် ဘဝနတ်ထံပျံ့လွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇောတ်ရုပ်ကလာပ်တော်ကို (၁၃၈၂ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ရက်) ၄-၄-၂၀၂၁ (တနင်္ဂနွေနေ့) နံနက် ၁၂:၃၀နာရီတွင် အထက်ပါကျောင်းတိုက်၌ သာခုကိုဌနပူဇာသဘင် ဆင်ယင်ကျင်းပပြီး လောင်တိုက်တော်သို့ ပင့်ဆောင်တော်မူ၍ အန္တိမအဂ္ဂိစ္စာပနပူဇာသဘင် ဆင်ယင်ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီး တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဘဒ္ဒန္တတိက္ခိုဠိယနှင့်တပည့်များ၊ စျာပနကော်မတီ

SiD ကတ်ပျောက်ဆုံး

ကျွန်တော် မောင်စည်သူဝင်း(အဖ) ဦးလှိုင်ဝင်း[၁၂/မဂဒ(နိုင်)၁၉၀၀၅၁]သည် SiD ကတ်ပြား ပျောက်ဆုံးပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၁၅၅၁၈၃

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပုဇွသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၄/ရွာမရပ်မှ မြေဧရိယာ(၀.၁၁၀)ဧကရှိ မြေကွက် အမှတ်(၀-၂၃၈၅)၊ ဒေါ်အိအိခိုင်[၁၂/တတန(နိုင်)၁၄၁၁၇၀]၊ အဖအမည် ဦးခင်မောင်ထွေး အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်ခင်ခင်ဌေး[၁၃/ရင၊နနိုင်)၀၀၁၀၉၂]၊ အဖ အမည် ဦးလှရှင်မှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်၊ (၁၇၄၃/၂၇-၁၀-၂၀၂၀)တင်ပြ၍ ဒေါ်အေးမြလွင်[၉/မရမ(နိုင်)၀၀၀၉၄၆]နှင့် မှတ်ပုံတင် အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်၊ ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန သို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနဆိုလုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
နေပြည်တော်စည်ပင်သာယာရေး
ကော်မတီ

နိုင်ငံ
သာယာ
ဝပြောဖို့
သဘာဝ
တောတွေ
ထိန်းသိမ်းစို့

ဒေါ်မြင့်မြင့်သန်း
အသက်(၆၇)နှစ်
စာရင်းစစ်(ငြိမ်း)
ရန်ကုန်တိုင်းဒေသကြီး၊ စာရင်းစစ်ချုပ်ရုံး
(နတ်တလင်း/တောင်တွင်းကြီး)

(နတ်တလင်း/တောင်တွင်းကြီး) နတ်တလင်းမြို့နေ (ဦးချစ်ထွန်း-ဒေါ်သိန်းကြည်)တို့၏ သမီး၊ တောင်တွင်းကြီးမြို့နေ (ဦးကံထူး-ဒေါ်သန်းမြင့်)တို့၏ သမီးချွေးမ၊ ကိုကျော်မင်းမင်း-မဟေမာန်သဇင်၊ ကိုကျော်ထင်ယု၊ သမီးငယ် မသီရိဇွန်တို့၏ကျေးဇူးရှင်မွေးသမိခင်၊ မြေးနှစ်ယောက်တို့၏ အဘွား၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဗဟိုလမ်း၊ (၇)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက် (၂၅/၂၇)နေ ဦးရဲမြင့်ဦး(မောင်ခင်သာ)၏ ချစ်လှစွာသောဇနီးသည် ၂၁-၃-၂၀၂၁ ရက် ညနေ ၆:၀၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ပန်းလှိုင်ဆေးရုံကြီး၌ ဘဝတစ်ပါးသို့ပြောင်းရွှေ့သွားပါ၍ ၂၂-၃-၂၀၂၁ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးဓိတ်သင်္ဂီဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ဇရပ်၊ အောင်ကူးဆေးရုံ ဒါယိကာမကြီး
ဒေါ်ကြင်ကူး (A 1 ပွဲရုံ)
အသက်(၉၂)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ သာလွန်စံပြ ကျေးရွာနေ(ဦးကံဟိုက်-ဒေါ်စတီ)တို့၏ သမီးကြီး၊ (ဦးဘအောင်)၏ ချစ်လှစွာသော ဇနီး၊ ဦးခင်ဟန် (အကြီးတန်း ၃-ဥက္ကဋ္ဌ၊ ဘုရင့်နောင်ဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သောကုမ္ဗဏီ)- ဒေါ်ကြင်ဆိုင်တို့၏ မိခင်ကြီး ဒေါ်ကြင်ကူးသည် ၂၂-၃-၂၀၂၁ (တနလာနေ့)တွင် ၉၆ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း ကောင်းရာသုဂတိသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းအပ်ပါ သည်။

ဒါရိုက်တာများနှင့် အစုရှယ်ယာရှင်များ
ဘုရင့်နောင်ဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သောကုမ္ဗဏီ

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ဇရပ်၊ အောင်ကူးဆေးရုံ ဒါယိကာမကြီး
ဒေါ်ကြင်ကူး၊ A 1 ပွဲရုံ
အသက်(၉၂)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ သာလွန်စံပြ ကျေးရွာနေ(ဦးကံဟိုက်-ဒေါ်စတီ)တို့၏ သမီးကြီး၊ (ဦးဘအောင်)၏ ချစ်လှစွာသော ဇနီး၊ ဦးခင်ဟန် (ဥက္ကဋ္ဌ၊ ဦးဆောင်နာယက၊ ပွဲရုံမီးသတ်တပ်ဖွဲ့၊ ဘုရင့်နောင်ပွဲရုံ)- ဒေါ်ကြင်ဆိုင်တို့၏မိခင်ကြီး ဒေါ်ကြင်ကူးသည် ၂၂-၃-၂၀၂၁ (တနလာနေ့)တွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း ကောင်းရာသုဂတိသို့ ရောက်ရှိပါစေကြောင်း ဆုတောင်း အပ်ပါသည်။

ပွဲရုံမီးသတ်တပ်ဖွဲ့
ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ်

မမေသဲသလိုင်(ခ) သျှိုင်ယေဗဟ်ဘီနှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ အနော်ရထာရပ်ကွက်၊ အိုးဘိုလမ်း၊ အမှတ်(၅၆)နေ ကျွန်ုပ်၏မိတ်ဆွေ မောင်ချစ်ကိုကိုဦး(ခ) မုဟာမ္မဒ်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ ဈေးများနှင့် ကုန်တိုက်များ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ရောင်းဝယ်လျက်ရှိ

ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် (၉၄)ရပ်ကွက်ရှိ City Mart ဖွင့်လှစ်ရောင်းချနေသည်ကို တွေ့ရစဉ်။

နေပြည်တော် မတ် ၂၂

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ ဈေးများနှင့် ကုန်တိုက်များ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ရောင်းဝယ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တို့တွင် ယခင်ရက်များအတွင်း နိုင်ငံတော်အစိုးရဆန့်ကျင်ရေး ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက်ဖျက်ဆီးမှုများဖြစ်ပေါ်ခဲ့သဖြင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုသော ပြည်သူလူထု၏ အကျိုးစီးပွားကိုရှေးရှုကာ လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးတာဝန်များအား နေ့/ညမပြတ် ဆောင်ရွက်၍ ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက်ဖျက်ဆီးမှုများအား ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိရာ မြို့နယ်အချို့၌ အခြေအနေများ ပြန်လည်တည်ငြိမ်အေးချမ်းလာသဖြင့် အများပြည်သူလူထုအနေဖြင့် မိမိတို့၏ စီးပွားရေးလုပ်ငန်းများအား ပြန်လည်လုပ်ကိုင်လည်ပတ်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❍

ကြေးမုံ ယနေ့ ဖတ်စရာ

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူး ဦးစီးဌာန၏ မော်တော်ယာဉ် နှစ်လဲသက်တမ်းတိုး မှတ်ပုံတင် လုပ်ငန်းများ ပြန်လည် စတင်ဆောင်ရွက်

စာမျက်နှာ » ၇

AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးက သက်ကြီးရွယ်အိုများအတွက် ရောဂါခုခံနိုင်စွမ်း ၈၀ ရာခိုင်နှုန်းရှိ

စာမျက်နှာ » ၁၂

နိုင်ငံရေးသင်ခန်းစာ

စာမျက်နှာ » ၁၅

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် လေလှိုင်းပေါ်က မှိုင်းတိုက်ကြသူများ

စာမျက်နှာ » ၂၁

အက်ဖ်အေဖလားဆီမီးဖိုင်နယ်အဆင့်တွင် ချယ်လ်ဆီးနဲ့ မန်စီးတီး၊ လက်စတာနဲ့ ဆောက်သမ်တန်တို့ တွေ့ဆုံ

အက်ဖ်အေဖလားပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်တွေကို မတ် ၂၂ ရက်က မဲခွဲဆုံးဖြတ်ခဲ့ရာ ချယ်လ်ဆီးအသင်းနဲ့ မန်စီးတီးအသင်း၊ လက်စတာစီးတီးအသင်းနဲ့ ဆောက်သမ်တန် အသင်းတို့ အသီးသီး ထိပ်တိုက်တွေ့ဆုံလျက်ရှိပါတယ်။

တက်လှမ်းခွင့်ရရှိ

ချယ်လ်ဆီးအသင်းဟာ အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့်မှာ ရှက်ဖီးလ်ယူနိုက်တက်အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် အက်ဖ်အေဖလားဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

အက်ဖ်အေဖလားချန်ပီယံဆုဖလားကို ရှစ်ကြိမ်အထိ ရယူဆွတ်ခူးထားနိုင်ခဲ့တဲ့ ချယ်လ်ဆီးအသင်းဟာ ပြီးခဲ့တဲ့နှစ်က အက်ဖ်အေဖလားနောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းခဲ့တာဖြစ်ပြီး အဲဒီဗိုလ်လုပွဲစဉ်မှာ အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၉ ကော်လံ ၄ သို့ ❍

ရန်ကုန်(ပန်းဆိုးတန်း-ဒလ) ကူးတို့ဆိပ်ကမ်း၌ ချယ်ရီရေယာဉ်များ ပုံမှန်ပြေးဆွဲ

ရန်ကုန် မတ် ၂၂

ရန်ကုန်(ပန်းဆိုးတန်း-ဒလ) ကူးတို့ သင်္ဘောဆိပ်ကမ်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အနယ်နယ်အရပ်ရပ်မှ ခရီးသွားမိဘပြည်သူများ၊ အစိုးရဝန်ထမ်းများနှင့် အထွေထွေလုပ်သားပြည်သူများစွာတို့ကို စီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ မြစ်တွင်းသွား ချယ်ရီသင်္ဘောများဖြင့် နေ့စဉ်ကူးတို့ပို့ဆောင်ပေးလျက်ရှိသော သင်္ဘောဆိပ်ကမ်းတစ်ခုဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့သည့်အချိန်မှစ၍ လက်ရှိအချိန်ထိ ခရီးသည်သွားလာမှုနည်းပါးသော်လည်း ခရီးသည်များ သွားလာရေးအဆင်ပြေချောမွေ့စေရေးအတွက် ရေယာဉ်ခရီးစဉ်များကို ပုံမှန်ပြေးဆွဲပို့ဆောင်ပေးလျက်ရှိကြောင်း ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမြစ်ဝကျွန်းပေါ်ဌာနခွဲမှ သိရသည်။

"ပန်းဆိုးတန်း-ဒလ ကူးတို့ သင်္ဘောဆိပ်ကမ်းက အရင်တုန်းက တစ်နေ့ကို ခရီးသည် ၃၀၀၀၀ ကျော် သွားလာနေကြတာပေါ့။ ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပြီးတဲ့ နောက်ပိုင်း လူဦးရေ တဖြည်းဖြည်းလျော့နည်းသွားတယ်။ အဲဒီအချိန်မှာလည်း ခေါက်ရေကို အတိုးအလျှော့နဲ့ ခရီးသည်သွားလာမှု အဆင်ပြေဖို့အတွက် မရပ်နားဘဲ ပြေးဆွဲပေးခဲ့တယ်။ လက်ရှိအခြေအနေနဲ့ အချိန်ကာလကန့်သတ်မှုရှိသော်လည်း ခရီးသည်သွားလာမှုကို ပိုပြီးတော့ ချောမွေ့အောင် ပြေးဆွဲပေးသွားမှာပါ။

စာမျက်နှာ ၁၇ ကော်လံ ၄ သို့ ●